# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 27 October 2020 ၁၀၁၇၈


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စစ် အင်န် အဲလစ်ဇဘက် လုဝီမားက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

**နေပြည်တော်   အောက်တိုဘာ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ် အင်န် အဲလစ်ဇဘက် လုဝီမားသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း ပြောကြားစဉ်။

မနေ့က တစ်ရက်နှစ်ရက်ဆိုရင် ကျွန်မတို့ ပြည်သူတွေအတွက် ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ စဉ်းစားစရာပေါ့။ တစ်နေ့တုန်းကဆိုရင် တက်သွားတယ်။ တက်သွားတယ်ဆိုတော့လည်း စိတ်ပူစရာပေါ့။ မနေ့တုန်းကဆိုရင် နည်းနည်းကျလာတယ်။ ကျလာတယ်ဆိုရင် ထိန်းသိမ်းရင် ကျသွားနိုင်တယ်ဆိုတဲ့အသိနဲ့ ဆက်ပြီးတော့ သတိထားဖို့ လိုပါလိမ့်မယ်။ သိပ်ပြီးတော့ ပေါ့သွားလို့ မဖြစ်ပါဘူး။ ဒါပေမယ့် စည်းမျဉ်းစည်းကမ်းကို ထိန်းသိမ်းခြင်းအားဖြင့် ကိုဗစ်ကို ထိန်းနိုင်တယ်ဆိုတာပြတာပါပဲ။ ဆက်ပြီးတော့ ကျွန်မတို့ ကြိုးစားသွားရမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် တင်မကဘူး။ မြို့နယ်အလိုက် မြို့နယ်အလိုက် ဒီဟာကိုကြိုးစားရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ နေ့တိုင်း နေ့တိုင်း ဘယ်မြို့နယ်တွေမှာ ဘယ်လောက် အသစ်တွေ့တယ်ဆိုတာကို ထုတ်ပြန်တယ်။ အဲဒီတော့ မြို့နယ်အသီးသီးက ကိုယ့်မြို့နယ်မှာ တက်နေပြီဆိုရင် ကိုယ်ကနေ အနေအထိုင်ဆင်ခြင်ရမယ်။ နောက်ပြီးတော့ မြို့နယ်နဲ့ ပတ်သက်လို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကလည်း ဂရုစိုက်သင့်တာကို စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်

**နေပြည်တော်   အောက်တိုဘာ ၂၆**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းနှင့် ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ကြေးမုံ ယနေ့ ဖတ်စရာ


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာမျက်နှာ » ၁၀

**ကံ့ကော်တန်းက လွမ်းနေမည်** စာမျက်နှာ » ၆

**နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း** စာမျက်နှာ » ၉



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ကိုဗစ်-၁၉ ကွင်းဆက်ကို ဝိုင်းဝန်းဖြတ်တောက်

ယနေ့အချိန်အခါကို တိုင်းပြည်တွင် ကြုံတွေ့နေရသော ကူးစက်ရောဂါဘေးနှင့်ပတ်သက်၍ လမ်းဆုံလမ်းခွရောက်နေသည့်အချိန်အခါဟု ဆိုရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကာလမှာ တစ်နှစ်ပတ်လည်သို့ပင် ရောက်ရှိလာပြီး ထိုအချိန်တွင် နိုင်ငံအတွက် အရေးကြီးသော ပြည်လုံးကျွတ်အထွေထွေရွေးကောက်ပွဲကို ပြုလုပ်တော့မည့်အချိန်အခါနှင့် တိုက်ဆိုင်နေသည်။

ကိုဗစ်ရောဂါဖြစ်ပွားမှု၏ အဓိကလက်သည်မှာ လူစုလူဝေးနှင့် အချင်းချင်း နီးနီးစပ်စပ် ထိတွေ့ဆက်ဆံမှုများကြောင့် ဖြစ်ရသည်ကို လူတိုင်းသိရှိထားကြသည်။ သို့သော် ထိုအရေးကိစ္စနှင့်ပတ်သက်၍ သိသိကြီးနှင့် ဇွတ်တိုးတတ်သော ပိုးဖလံဘဝမျိုးလို ဖြစ်နေကြသည်။ ထိုသို့မဖြစ်စေရေး အသိပညာပေးမှုများ၊ နှိုးဆော်တိုက်တွန်းမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ ရိုင်းပင်းကူညီမှုများ နိုးနိုးကြားကြား ကြိုးကြိုးစားစား ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြဖို့ အချိန်ရောက်နေပြီကို သတိပြုရမည်ဖြစ်သည်။

အရေးကြီးသော ယခုအချိန်အခါတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကွင်းဆက်ကို ဝိုင်းဝန်းဖြတ်တောက်လျှင် လုပ်လျှင်လုပ်သလောက် ဖြတ်နိုင်ပြီး ဘာသိဘာသာနေထိုင်ကြ၍ ပူးပေါင်းဆောင်ရွက်ခြင်းမရှိလျှင် ဒုတိယလှိုင်းမှ တတိယလှိုင်းအထိရောက်လာကာ ပြည်သူအားလုံး ဆင်းရဲဒုက္ခရောက်နိုင်သည်ကို သတိမူရမည်ဖြစ်သည်။ ထို့ကြောင့် ယခုအချိန်သည် လမ်းဆုံလမ်းခွရောက်နေသောအချိန်ဟု ဆိုရခြင်းဖြစ်ပြီး အားလုံးလက်တွဲဆောင်ရွက်ရမည့်အချိန်လည်းဖြစ်သည်။

ယခုအခါ ကိုဗစ်ရောဂါမှာ တန်းနေသည့်အခြေအနေဟု ဆိုချင်ဆိုနိုင်ပြီး စိတ်ချရသည့်အခြေအနေသို့ လှမ်းနေသည်ဟု ပြောဆိုနိုင်ခြင်းလည်း မရှိပေ။ အမှန်တကယ်တွင် တကယ်လုပ်လျှင် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်သည့် အခြေအနေရှိနေသော်လည်း ဆိုခဲ့သည့်အတိုင်း လူစုလူဝေးကို မရှောင်နိုင်မှု၊ ပေါ့ပေါ့ဆဆနေထိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု အားနည်းမှုတို့ကြောင့် ကျရိပ်သန်းချင်သော်လည်း အတက်ဘက်သို့ လှမ်းမည့်သဘောကို မြင်တတ်ရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် အသွားအလာကန့်သတ်ထားသည့်နေရာများ၊ လတ်တလောအနံ့ပျောက်သူများထားရှိရာ စင်တာများနှင့် ဆေးရုံများသို့ ရောက်ရှိလာသူများ လျော့နည်းပပျောက်သွားရေးမှာ အထက်ပါအားနည်းချက်များကို သတိမူဆင်ခြင်မှသာ ဖြစ်နိုင်ပေမည်။ အကယ်၍ ဖော်ပြပါ ကျန်းမာရေးဆိုင်ရာနေရာဌာနများသို့ ရောက်ရှိလာသူ တစ်နေ့တခြား ပိုမိုများပြားလာလျှင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲအကျပ်အတည်းများကို မှန်းဆကြည့်နိုင်ပေသည်။

ယခုလက်ရှိဖြစ်နေသောအခြေအနေအရ ကူးစက်ရောဂါပျံ့နှံ့မှုကျဆင်းရေး၊ သေဆုံးသူလျော့ကျရေးအတွက် အဓိကလုပ်ဆောင်ရမည်မှာ ပြည်သူ့ကျန်းမာရေး နည်းဗျူဟာများအနက် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများပင်ဖြစ်၍ ယင်းကိစ္စကို ပိုမိုအားဖြည့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအချိန်တွင် ရန်ကုန်မြို့၌ အသိပညာပေး တိုက်တွန်းနှိုးဆော်ပေးမှု အားနည်းနေသည်ကို တွေ့ရသည်။ နယ်ဒေသများတွင် နိုးနိုး ကြားကြား ဆောင်ရွက်ကြသော်လည်း ရန်ကုန်မြို့အချို့ရပ်ကွက်များတွင် သွေးအေးလှသည်။ ပညာပေးနှိုးဆော်အသိပေးမှု၊ အရေးယူသတိပေးဆောင်ရွက်မှုများကို အပိုအလုပ်ရှုပ်မှု၊ အမုန်းခံရမှုဖြစ်သည်ဟု ခံယူထားသလိုဖြစ်နေသည်။

ရှေ့မှဦးဆောင်သူမပါသဖြင့် ရပ်ကွက်ပြည်သူများမှာ ပို၍ပင်ရှောင်ဖယ်ကြမည် ဖြစ်သည်။ မဖြစ်အောင် အတတ်နိုင်ဆုံးနေ၊ ဖြစ်လျှင်ခံဆိုသည့် သဘောမျိုးဖြစ်နေသည်။ ဖြစ်သင့်သည်မှာ ဈေးများအပါအဝင် ရပ်ကွက်တွင်းနေထိုင်သူများကလည်းကောင်း၊ ဈေးများတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများကလည်းကောင်း စိတ်ဝင်တစားပူးပေါင်းပါဝင်လာသင့်သည်။ အသံချဲ့စက်ငယ်များ ကျန်းမာရေးအသိပညာပေးမှုများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြခြင်း၊ အချင်းချင်းအသိပညာပေးနှိုးဆော်ခြင်းတို့ကို ပြုလုပ်သင့်သည်။

ကိုဗစ်-၁၉ ကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရေး အဓိကဆောင်ရွက်ရမည့်အချက်မှာ ပြည်သူ့ကျန်းမာရေးနည်းဗျူဟာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပံ့ပိုးပါဝင်မှုဖြင့် အထူးအားဖြည့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ခရိုင်၊ မြို့နယ်၊ ရပ်ရွာတို့ကို စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်စေပြီး လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို ရပ်ကွက်သူရပ်ကွက်သား၊ ဈေးရောင်း ဈေးဝယ်သူများ၊ အလုပ်သမားများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်နေအိမ်တွင် နေထိုင်သူများအချင်းချင်း ကျန်းမာရေးအသိပညာများ မျှဝေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်မည်ဆိုပါက ကိုဗစ်ကွင်းဆက်ကို ဖြတ်တောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော မြို့နယ်များရှိ ရပ်ရွာများတွင် ကိုဗစ်ရောဂါဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများကို ပြည်သူ့လှုပ်ရှားမှုအသွင်၊ အမျိုးသားရေးလှုပ်ရှားမှုအသွင်သဘောမျိုးဖြင့် ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းဆိုင်ရာတို့က ဦးဆောင်ကာ ရပ်ကွက်သူ ရပ်ကွက်သားများအားလုံး၊ ရပ်ကွက်နှင့်ပတ်သက်သူများ အားလုံး (အားလုံး) နိုးနိုးကြားကြား တက်တက်ကြွကြွ တစ်ချိန်တည်းတစ်ပြိုင်တည်း ကာလတစ်ခုမျှ လက်တွေ့ဖော်ဆောင်နိုင်ကြပါက ရောဂါကွင်းဆက်ကို ထိရောက်စွာဖြတ်ချနိုင်ပြီး ကိုဗစ်- ၁၉ ရောဂါကို ထိန်းချုပ်နိုင်မည်မှာ သေချာပါကြောင်း။ ။

# ကမ္ဘောဇဘဏ်က သာယာဝတီမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း



**သာယာဝတီ အောက်တိုဘာ ၂၆**

ကမ္ဘောဇဘဏ်က အောက်တိုဘာ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ် (သာယာဝတီမြို့ဘဏ်ခွဲ) တာဝန်ခံ၊ ကြီးကြပ်ရေးမှူး ဦးသူရကျော်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်း ခုနစ်မျိုးနှင့် သာယာဝတီခရိုင်ပြည်သူ့ဆေးရုံအတွက် အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသူရနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ယခုအောက်တိုဘာလအတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးများသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ကိုဗစ်-၁၉ကာလ အထွေထွေ အသုံးပြုနိုင်ရန် အလှူငွေများကို ပေးပို့လှူဒါန်းခဲ့သည်။ ဆက်လက်၍ ကျိုက်ထိုမြို့၊ သာစည်မြို့၊ ဒလမြို့၊ ကျောက်တံခါးမြို့၊ လက်ပံတန်းမြို့၊ ပေါင်မြို့နှင့် ဒေးဒရဲမြို့များရှိဆေးရုံများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် သိန်း ၇၈၂၃၀ လှူဒါန်းထားကြောင်း သိရသည်။

**ကိုကျော်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆-၁၀-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၂၁၀ | ၂,၁၀၀,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၁၀၆ | ၃၉၂,၂၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၅၁၈ | ၁,၄၂၆,၄၀၀ |
| EFR | ၃,၀၅၀ | ၃,၁၅၀ | ၅၈ | ၁၈၂,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၆

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅/၄၄၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၀/၄၄၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၂.၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၁၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၉.၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၄၃၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၇.၈၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၆.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၈.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ် ဟင်းလ်ဒါ ဆူလ်ဘတ်ကန် သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



### သံအမတ်ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စစ် ဟင်းလ်ဒါ ဆူလ်ဘတ်ကန် က ၎င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၆**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံသည်။

ရှေးဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက လှူဒါန်းရသည့်အကြောင်းရင်းကို ပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၅၀ ကို မိမိတို့ ဝန်ထမ်းများအနေဖြင့် စေတနာသဒ္ဓါတရားရှိသည့်အလျောက် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုမျှမပါဘဲ တတ်အားသမျှ ဝိုင်းဝန်းစုပေါင်းလှူဒါန်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိဌာနဝန်ထမ်းတစ်ဦးချင်းစီ၏ စိတ်စေတနာမှ ဖြစ်ပေါ်လာသော အလှူဒါနဖြစ်သောကြောင့် မိမိဝန်ထမ်းများအတွက် များစွာဂုဏ်ယူပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ၊ နည်းပညာနှင့် သက်မွေးကျောင်း/သိပ္ပံများ၊ တက္ကသိုလ်များ၊ ဦးစီးဌာနများနှင့် ဝန်ကြီးဌာနမိသားစုများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ငွေလှူဒါန်းခြင်း၊ နည်းပညာဆိုင်ရာပစ္စည်း Robot Trolley၊ Drone with Speaker၊ Thermometer၊ Hand Spray စသည်ဖြင့် အကူအညီပေးအပ်ခြင်း၊ Volunteer လုပ်အားဒါနပေးခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့် ပါဝင်ကူညီ လှူဒါန်းပေးလျက်ရှိပါကြောင်း၊ ယနေ့တွင်လည်း ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ စေတနာအလျောက် လှူဒါန်းငွေကျပ် ၁၆၇ သိန်းကို လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ ဝန်ထမ်းများက မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်းခြင်းမရှိဘဲ မိမိတို့၏စေတနာအလျောက် လှူဒါန်းခြင်းသည် မွန်မြတ်လှပြီး မိမိအနေဖြင့် ကိုဗစ်–၁၉ နှင့်ပတ်သက်၍ ရှေ့တန်းမှဆောင်ရွက်နေသော ဆရာဝန်၊ သူနာပြု၊ ပညာရှင်များနှင့် စေတနာ့ဝန်ထမ်းများအားလုံး၏ကိုယ်စားလက်ခံခြင်းဖြစ်ပြီး ကျေးဇူးတင်ရှိပါကြောင်း၊ ဤလှူဒါန်းမှုအပြင် ကိုဗစ်–၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ လက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဘက်စုံပံ့ပိုးမှုများသည် ရောဂါကူးစက်မှုများကို ထိန်းချုပ်သွားနိုင်ရန်အတွက် အဓိကကဏ္ဍမှ ပါဝင်သည်ဆိုသည့်အချက်ကို သိရှိစေလိုပါကြောင်း။

သို့ဖြစ်၍ လက်ကိုင်အသံချဲ့စက်များအသုံးပြုကာ ကျန်းမာရေး အသိပညာပေးနှိုးဆော်ပြောကြားရာတွင် ဈေးများ၌ ဈေးရောင်းသူများက လည်းကောင်း၊ စက်ရုံ/ အလုပ်ရုံများ၌ စက်ရုံအလုပ်သမားများက လည်းကောင်း၊ ရပ်ကွက်/ကျေးရွာများ၌ ရပ်ကွက်/ကျေးရွာ လူကြီးများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများက လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုန်းတော်ကြီးများက လည်းကောင်း အစရှိသည်ဖြင့် ကိုယ်တိုင်ပါဝင်ပြောကြားပါက ပိုမိုထိရောက်ကာ လိုက်နာဆောင်ရွက်ကြမည်ဟု ထင်မြင်ပါကြောင်း၊ ပြောကြားရန် အချက်များကိုလည်း ဝန်ကြီးဌာနမှ ရေးသားပြုစုပြီးဖြစ်ပါကြောင်း။

ဤကပ်ရောဂါကူးစက်မှုများ မည်မျှကြာမြင့်စွာရှိနေမည်ဆိုသည့် အချက်မှာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာအပေါ် မူတည်နေပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများလျှင်များသလို ရောဂါကူးစက်ဖြစ်ပွားမှုကာလ တိုတောင်းမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကာကွယ်ရေးနည်းလမ်းများသည် အခြားအသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်နိုင်သဖြင့် ယခုကဲ့သို့ ဆောင်းဦးရာသီနှင့် ဆောင်းရာသီတို့တွင် ဖြစ်ပွားကူးစက်သည့် "ရာသီတုပ်ကွေးရောဂါ" ကိုပါ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာန ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၅၀ နှင့် ပညာရေးဝန်ကြီးဌာန၊ အရာထမ်း၊ အမှုထမ်းများမှ စုပေါင်းလှူဒါန်းငွေကျပ် ၁၆၇ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဝန်ထမ်းမိသားစုက စုပေါင်းလှူဒါန်းသည့် အလှူငွေကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုက စုပေါင်းလှူဒါန်းသည့် အလှူငွေကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံစဉ်။

❒ ရှေ့ဖုံးမှ

စိုက်ရမယ်ဆိုတာ သဘောပေါက်အောင်လို့ ဖြစ်ပါတယ်။ တချို့မြို့နယ်တွေကလည်း ကိုယ့်မြို့နယ်မှာ ကျသွားပြီဆိုရင် ပေါ့ပေါ့မနေဘဲ သတိထားလို့ ဒီလိုကျသွားတယ်ဆိုပြီး ဆက်ပြီးသတိထားဖို့က အင်မတန်မှ အရေးကြီးပါတယ်။

ပြည်သူတွေအားလုံး သိတဲ့အတိုင်းပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်ဒုတိယလှိုင်း နည်းနည်းကြာလာတာနဲ့အမျှ ဒီဟာကို ဘယ်လိုရင်ဆိုင်ရမယ်၊ ဘယ်လိုကျော်လွှားရမယ်၊ ဆက်ပြီးတော့တွေ့တဲ့ ကိုဗစ်ရောဂါရှိနေတဲ့ ပြည်သူတွေကို ဘယ်လိုစောင့်ရှောက်ရမယ်၊ ကုသရမယ်ဆိုတာ ပိုပိုပြီးတော့ နားလည်လာပါတယ်။ ပိုပိုပြီးနားလည်တာနဲ့အမျှ ပိုပြီး ထိထိရောက်ရောက် ကိုင်တွယ်နိုင်ပါတယ်။ ဒီအချိန်မှာဆိုရင် ပုဂ္ဂလိကဆေးခန်းတွေ၊ ပုဂ္ဂလိကဆေးရုံတွေ ပိုမိုပြီးတော့ ကိုဗစ်ရောဂါ ထိန်းချုပ်ရေးထဲမှာ ပါနိုင်အောင်လို့လည်း ကျွန်မတို့ အစီအစဉ်တွေလုပ်နေပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကိုယ့်ဘာသာကိုယ် ရွေးချယ်ပိုင်ခွင့်ရှိအောင်လို့ပါ။ ပုဂ္ဂလိကဆေးခန်းတွေကို သွားချင်တယ်၊ ပုဂ္ဂလိကဆေးရုံတွေကို တက်ချင်တယ်ဆိုရင် ကိုဗစ်ကြောင့်ပဲဖြစ်ဖြစ်၊ ရှိပြီးသား အခံရောဂါတွေ၊ တခြားရောဂါတွေကြောင့်ပဲဖြစ်ဖြစ် တက်နိုင်အောင်လို့၊ ကိုယ့်ရဲ့ဆုံးဖြတ်ချက်အရ ရွေးချယ်နိုင်အောင်လို့ပါ။ ဒီလို ရွေးချယ်တဲ့နေရာမှာလည်း ရွေးချယ်ပြီးတော့သွားတဲ့ ပြည်သူတွေအတွက်ရော၊ ဆေးရုံအတွက်ရော၊ အများပြည်သူအတွက်ရော လုံလုံခြုံခြုံဖြစ်အောင်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းတွေချပြီးတော့ ပုဂ္ဂလိကဆေးခန်းတွေ၊ ဆေးရုံတွေနဲ့ ညှိနှိုင်းပြီး လုပ်ဆောင်နေပါတယ်။ ဒီဟာက ပြည်သူတွေအနေနဲ့ ရွေးချယ်ချင်သလို ရွေးချယ်နိုင်တဲ့အပြင် နိုင်ငံတော်ရဲ့ ဆေးရုံတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုး နည်းနည်းလျော့သွားနိုင်တယ်။ အဲဒါကလည်း ကိုဗစ်ကို ရင်ဆိုင်တဲ့နေရာမှာ အထောက်အကူဖြစ်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်မတို့ ထပ်တလဲလဲ ပြောနေရတဲ့ကိစ္စပေါ့။ တစ်ကမ္ဘာလုံးက ပညာရှင်တွေက အခြေခံကျန်းမာရေး၊ အခြေခံကျန်းမာရေးလို့ ပြောနေပါတယ်။ အခြေခံကျန်းမာရေးကောင်းဖို့ကတော့ အင်မတန်မှ အရေးကြီးပါတယ်။ အခြေခံကျန်းမာရေးကောင်းဖို့ အရေးကြီးတယ်ဆိုတာ တစ်ခါတလေ လက်တွေ့ကျကျ ကြည့်ရပါတယ်။ ပြောတာတော့ လွယ်တယ်ပေါ့။ အခြေခံကျန်းမာရေးကောင်းအောင်နေရမယ်ဆိုတာ။ အခြေခံကျန်းမာရေး ကောင်းအောင်နေရမယ်ဆိုတဲ့ အထဲမှာဆိုရင် အများလက်ခံထားတာက ကိုယ်လက်လှုပ်ရှားမှုရှိရမယ်၊ လေကောင်းလေသန့်ကို ရနိုင်ရမယ်ဆိုတော့ ကိုဗစ်ရောဂါရဲ့ လိုအပ်ချက်အရ အပြင်မထွက်နိုင်တဲ့ နေရာတွေမှာကျတော့ ဒီဟာခက်ခဲတယ်ဆိုတာလည်း ကျွန်မ သဘောပေါက်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက်ပေါ့။ ကိုယ့်ရဲ့ အခြေအနေအရ ကျန်းမာအောင်နေကြပါ။ မဖြစ်နိုင်တဲ့ကိစ္စတွေကို သိပ်တွေးပြီးတော့ ပူပင်သောကမရှိပါနဲ့။ စားတဲ့သောက်တဲ့နေရာမှာ တတ်နိုင်သမျှ ကျန်းမာအောင်လို့ စားကြပါ။ ဆင်ဆင်ခြင်ခြင်လည်း စားကြစေချင်ပါတယ်။

စားနပ်ရိက္ခာတွေနဲ့ပတ်သက်လို့ နိုင်ငံတော်ကနေပြီးတော့ အခြေခံလိုအပ်ချက်၊ ဥပမာ ဆန်ပေါ့။ ဆန်မရှားပါးအောင်၊ ဘယ်နေရာမှာမှ ဆန်မပြတ်အောင်၊ အဲဒါတွေလည်း လုပ်နေပါတယ်။ အဲဒီအပြင်မှာ စေတနာရှင်တွေကနေပြီးတော့ ဆန်၊ ဆီ၊ ဆား လှူတဲ့လုပ်ငန်းတွေ လုပ်လာတယ်ဆိုတာ တွေ့ရတဲ့အခါကျတော့ ကျွန်မတို့ အင်မတန်မှ အားလည်းတက်တယ်။ အင်မတန်မှလည်း ဂုဏ်ယူပါတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံရဲ့ ကံကောင်းတဲ့ အကျင့်တစ်ခုပဲပေါ့။ အရေးကြီးပြီဆိုရင် သွေးစည်းကြတယ်။ အားလုံးကဝိုင်းပြီးတော့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီး ကူညီပေးကြတယ်။ ပြည့်ပြည့်စုံစုံမရှိတဲ့ ပြည်သူတွေအတွက် ကူညီဖို့ဆိုပြီးတော့ ဆန်၊ ဆီ၊ ဆားလှူတဲ့ အလှူရှင်တွေအားလုံး၊ စေတနာရှင်တွေ အားလုံးကိုလည်း ပြည်သူတွေကိုယ်စား ကျေးဇူးတင်တယ်လို့ ကျွန်မတို့ ပြောချင်ပါတယ်။

နောက်ပြီးတော့ ကျွန်မတို့ ရေရှည်ကိစ္စတစ်ရပ်လို့ ခဏခဏပြောနေပါတယ်။ ဒါကို ပြည်သူတွေသိအောင် ပြောရမယ်ဆိုရင် ဒီလို စိန်ခေါ်မှုတွေအများကြီး ရင်ဆိုင်နေရပေမယ့် နိုင်ငံရဲ့အခြေအနေကို ဆိုးဆိုးရွားရွားကြီးမဖြစ်အောင်လို့ ကျွန်မတို့အတတ်နိုင်ဆုံး ထိန်းထားပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကြိုးစားတယ်ဆိုရင် ကြိုးစားတဲ့အလျောက်တော့ ရလဒ်ကရှိလာတာပဲ။ အခုကျွန်မတို့ လေ့လာလိုက်တဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေဟာ

**စားနပ်ရိက္ခာတွေနဲ့ပတ်သက်လို့ နိုင်ငံတော်ကနေပြီးတော့ အခြေခံလိုအပ်ချက်၊ ဥပမာ ဆန်ပေါ့။ ဆန်မရှားပါးအောင်၊ ဘယ်နေရာမှာမှ ဆန်မပြတ်အောင်၊ အဲဒါတွေလည်း လုပ်နေပါတယ်။ အဲဒီအပြင်မှာ စေတနာရှင်တွေကနေပြီးတော့ ဆန်၊ ဆီ၊ ဆား လှူတဲ့လုပ်ငန်းတွေ လုပ်လာတယ်ဆိုတာ တွေ့ရတဲ့အခါကျတော့ ကျွန်မတို့ အင်မတန်မှ အားလည်းတက်တယ်။ အင်မတန်မှလည်း ဂုဏ်ယူပါတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံရဲ့ ကံကောင်းတဲ့ အကျင့်တစ်ခုပဲပေါ့။ အရေးကြီးပြီဆိုရင် သွေးစည်းကြတယ်။ အားလုံးကဝိုင်းပြီးတော့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီး ကူညီပေးကြတယ်။**

တချို့အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင် အခြေအနေဟာ ကောင်းတယ်လို့ ပြောနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ ၂၀၁၆ ခုနှစ် ကတည်းက ချမှတ်ထားတဲ့ ရည်ရွယ်ချက် ဘယ်လောက်အဆင့်အထိ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေရအောင်လုပ်မယ်ဆိုပြီးတော့ ရည်ရွယ်တဲ့ စီမံကိန်းတွေချထားတာ ကိန်းဂဏန်းနဲ့ဆိုရင် အခု ဒီနှစ်မှာဆိုရင် ၉၈ ရာခိုင်နှုန်းပြည့်စုံပါတယ်။ ဒီလို ကိုဗစ်ရောဂါဖြစ်တာတောင်မှ ကျွန်မတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့စာရင် ၂ ရာခိုင်နှုန်းပဲ လျော့တယ်လို့ ပြောလို့ရပါတယ်။ အဲဒါကို ပိုပြီးတော့ အကောင်းဘက်က ကြည့်မယ်ဆိုရင် နောက် ၂ လတောင် ကျန်သေးတယ်။ နောက် ၂ လအတွင်းမှာ ဒီ ၂ ရာခိုင်နှုန်းလည်း ပြည့်ချင်ပြည့်သွားနိုင်တာပေါ့။ မပြည့်ဘူးဆိုရင်တောင် ဒီလိုအချိန်မျိုးမှာ ၉၈ ရာခိုင်နှုန်းအထိ အောင်မြင်တယ်ဆိုတာ အခြေအနေကို ထိန်းသိမ်းတဲ့နေရာမှာ မဆိုးဘူးလို့ပြောရမှာပါ။ တခြားအိမ်နီးချင်းနိုင်ငံတော်တော်များများမှာဆိုရင် ဒီထက်ပိုပြီး အခြေအနေက စိုးရိမ်စရာဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ကျွန်မအနေနဲ့ တခြားနိုင်ငံတွေကို မလေးစားတဲ့အနေနဲ့ ပြောတာမဟုတ်ပါဘူး။ ပြည်သူတွေအနေနဲ့ နားလည်နိုင်အောင်လို့ပါ။ ဒီလိုပဲ ခန့်မှန်းချက်က ၁၀၀ ရာခိုင်နှုန်း မပြည့်ဘူးဆိုပေမယ့် ၉၈ ရာခိုင်နှုန်းဆိုတော့ အင်မတန်မှ အောင်မြင်မှုဘက်က ပိုတယ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။

နောက်တစ်ခုက ရွေးကောက်ပွဲက နီးနီးလာတာပေါ့။ အခုဆိုရင် ၂ ပတ်တောင် မလိုတော့ပါဘူး။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့လည်း ကျွန်မတို့ ပြင်ဆင်သင့်တာတွေ အားလုံးပြင်ဆင်ထားပါပြီ။ တရုတ်နိုင်ငံကနေ ရွေးကောက်ပွဲအတွက် လိုအပ်မယ့် ကျန်းမာရေးအကာအကွယ်ပစ္စည်းတွေကို ရွေးကောက်ပွဲအမီရောက်ဖို့ စီစဉ်ထားတာတွေလည်း အစီအစဉ်အရ နေ့တိုင်းနေ့တိုင်းကို လေကြောင်းခရီးနဲ့ ရောက်လာပါတယ်။ တစ်တိုင်းပြည်လုံးကို လိုအပ်တဲ့နေရာတွေကို ပြည့်ပြည့်စုံစုံ ဖြန့်ချိပေးဖို့လည်း စီစဉ်ထားပြီးဖြစ်ပါတယ်။

ရွေးကောက်ပွဲနဲ့ပတ်သက်ရင် တခြားနိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေမှာ ဘယ်လိုလုပ်သလဲဆိုတာ လေ့လာထားပါတယ်။ တခြားနိုင်ငံတွေမှာ ကျန်းမာရေးဘက်က လုံလုံခြုံခြုံနဲ့ ရွေးကောက်ပွဲဖြစ်အောင်လို့ ဘယ်နိုင်ငံတွေက ဘယ်လိုလုပ်သလဲပေါ့။ ကျွန်မတို့က အချမ်းသာဆုံးနိုင်ငံထဲက မဟုတ်ပေမယ့်လည်း အကောင်းဆုံးအစီအစဉ်တွေကို ကြည့်ပါတယ်။ အစီအစဉ်တွေက အမျိုးမျိုးပါပဲ။ တစ်နေရာနဲ့ တစ်နေရာ မတူပါဘူး။ တချို့နေရာတွေမှာဆိုရင် အစီအစဉ်တွေက ပိုပြီးတော့ စိတ်ချရတယ်လို့ ပြောရမှာပေါ့။ တချို့နေရာတွေကျတော့ သိပ်စိတ်ချရတဲ့ ပုံစံမရှိပါဘူး။ ကျွန်မတို့က အကောင်းဆုံးအစီအစဉ်တွေကိုကြည့်ပြီး ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်နဲ့၊ ကျွန်မတို့နိုင်ငံရဲ့ အရင်းအမြစ်ရှိတဲ့အတိုင်းအတာနဲ့ဆိုရင် ဘယ်လိုပုံစံနဲ့လုပ်ရမလဲဆိုတာ သေသေချာချာ စဉ်းစားပြီးတော့ လုပ်တာပါ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲနေ့မှာ စိတ်လုံလုံခြုံခြုံနဲ့ မဲသွားပေးဖို့ အခြေအနေတွေရှိပါတယ်လို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။ မဲပေးဖို့လည်း တိုက်တွန်းပါတယ်။ ဒါဟာ ကျွန်မ ထပ်တလဲလဲပြောသလို နိုင်ငံသူနိုင်ငံသားများရဲ့ တာဝန်လည်း ဖြစ်ပါတယ်။ အခွင့်အရေးလည်း ဖြစ်ပါတယ်။ အောင်နိုင်ဖို့ဆိုတာဟာ ရွေးကောက်ပွဲလည်း အောင်အောင်မြင်မြင်ကျင်းပနိုင်ရမယ်။ နောက်ပြီးတော့ ကိုဗစ်ရောဂါကိုလည်း အောင်အောင်မြင်မြင် ကျော်လွှားနိုင်ရမှာပါ။ ခြုံငုံပြီး ပြောရမယ်ဆိုရင် ကျွန်မတို့ပြည်သူတွေဟာ အခုလောက်ဆိုရင်တော့ ကိုဗစ်ရောဂါအကြောင်းကို တော်တော်သိနေကြပြီလို့ ထင်ပါတယ်။ ကျွန်မကတော့ ထပ်တလဲလဲ ပြောနေရလို့ တော်တော်သိနေပြီလို့ ယူဆပါတယ်။ ဒါပေမယ့်လည်း မပေါ့ပါနဲ့။ ဘယ်လောက်ပဲသိသိ၊ သိတဲ့အတိုင်း ကိုယ်က လုပ်ဆောင်မှ၊ ဆောင်ရွက်မှ၊ နေမှ၊ ထိုင်မှ ထိရောက်မှာပါ။

အချက်အလက်တွေအားလုံးသိပြီး ခေါင်းထဲမှာ ကိုဗစ်နဲ့ပတ်သက်တဲ့ ဗဟုသုတတွေ ပြည့်လျှံနေပြီးတော့ ဒီဗဟုသုတတွေကို လက်တွေ့ကျကျ အသုံးမချဘူးဆိုရင် ထိန်းချုပ်ရေးဘက်မှာ သိပ်ပြီးတော့ ထိရောက်မှာ မဟုတ်ပါဘူး။ (၁)ပတ်၊ (၂)ပတ်လောက် နေ့စဉ်၊ နေ့စဉ် ရောဂါဖြစ်နှုန်းက အင်မတန်မှ တက်သွားတယ်။ ၂၀၀၀ ကျော်သွားတယ်ဆိုတော့လည်း အားလုံးအတွက် စိုးရိမ်စရာပေါ့။ ဒါပေမယ့် အခုရက်ပိုင်းတွေအတွင်းမှာ တဖြည်းဖြည်း ကျလိုက်၊ တက်လိုက် ဆိုပေမယ့်လည်း ထပ်ပြီးတော့ ထိုးတက်တဲ့အခြေအနေမရှိအောင် အခုထက်ထိ ထိန်းထားနိုင်ပါတယ်။ မနေ့ကဆိုရင် ၁၀၀၀ အောက် ကျတယ်။ ဒါပေမယ့် မနက်ဖြန်ပြန်တက်ရင်တက်မှာပေါ့။ ဒါပြောလို့မရဘူး။ အတက်အကျလေးတွေတော့ ရှိဦးမှာပဲ။ နည်းနည်းပြန်တက်လိုက် ကျလိုက်ဆိုရင် ဒါဟာ စိုးရိမ်လွန်တယ်လို့လည်း မဟုတ်ပါဘူး။ ထိန်းထားပြီးတော့ တဖြည်းဖြည်း တဖြည်းဖြည်းကျတဲ့ဘက်ကို ရောက်သွားဖို့ပါ။ တက်လိုက်၊ ကျလိုက်နဲ့ နည်းသွားတဲ့ဘက်ကို ရောက်သွားဖို့ဟာ အရေးကြီးပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေအရ ကိုယ်ထိန်းထိန်းသိမ်းသိမ်းနေလို့ ဒီလိုဖြစ်တယ်လို့လည်း ကျေနပ်မှုရှိနိုင်ပါတယ်။ မထိန်းမသိမ်းနေရင်တော့ ပြန်ပြီးတော့ ဒီလှိုင်းကြီးက မြင့်တက်လာနိုင်တယ်ဆိုတာကိုလည်း မမေ့ဖို့ အင်မတန်မှအရေးကြီးပါတယ်။ ဒါကြောင့် ပြည်သူတွေအားလုံး ကျန်းမာချမ်းသာအောင် နေနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

သီတင်းကျွတ်နီးလာပြီဆိုတော့ သီတင်းကျွတ်အတွက် အစီအစဉ်တွေ လုပ်တဲ့အခါမှာ လူစုလူဝေးမဖြစ်တဲ့ အစီအစဉ်တွေပဲလုပ်ဖို့ ကျွန်မအနေနဲ့ သတိပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်တိုင်းနှစ်တိုင်းမှာဆိုရင် ပြည်သူတွေအနေနဲ့ သီတင်းကျွတ်အချိန်မှာ ဘုရားသွားတာ၊ ကျောင်းသွားတာ၊ ဘုန်းတော်ကြီးကျောင်းတွေသွားတာ၊ စေတီတော်ကြီးတွေကို သွားပြီးဖူးတာတွေဟာ လုပ်နေကြအလုပ်တွေဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ လုပ်လို့မဖြစ်ပါဘူး။ လုပ်လို့မဖြစ်တဲ့ အခါကျတော့ တခြားနည်းနဲ့ ကျွန်မတို့ရဲ့ အထွတ်အမြတ် ဘာသာရေးအရ၊ ဗုဒ္ဓဘာသာအရ အထွတ်အမြတ်နေ့တစ်နေ့ဖြစ်တဲ့ သီတင်းကျွတ်ကို ကျွန်မတို့ ဆင်နွှဲရမှာပါ။ ကုသိုလ်ရအောင်ပေါ့။ ကုသိုလ်ရအောင်ဆိုတာ မနောနဲ့၊ စိတ်ဓာတ်နဲ့ကို ကုသိုလ်ရအောင်လုပ်လို့ရပါတယ်။ ဥပမာဆိုရင် မေတ္တာပို့တာ၊ တရားမှတ်တာ၊ ဘုရားဝတ်ပြုတာတွေဆိုတာ ဘယ်နေရာမဆိုလုပ်လို့ရပါတယ်။ နောက်ပြီးတော့ တတ်နိုင်သလောက် ကိုယ့်ရဲ့အိမ်မှာ မီးပုံးလေးတွေ၊ မီးလေးတွေ လှပအောင် ဆင်တာလည်း လူစုလူဝေးမဖြစ်ဘဲ၊ ကိုဗစ်ရောဂါအန္တရာယ်ကို မပြန့်ပွားစေဘဲ လုပ်နိုင်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ဒါကြောင့် သီတင်းကျွတ်ကို ကုသိုလ်လည်းရအောင်၊ စိတ်လည်းအေးချမ်းရအောင် ဘယ်လိုဆင်နွှဲကြမယ်ဆိုတာ အခုကတည်းက စဉ်းစားထားကြပါ။ သီတင်းကျွတ်ကလည်း သိပ်ပြီးမကြာတော့ပါဘူး။ သီတင်းကျွတ်အချိန်မှာလည်း အားလုံးကို စိတ်ရွှင်လန်းစေချင်ပါတယ်။ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနဲ့လည်း ရှိစေချင်ပါတယ်။

အားလုံးကို မေတ္တာပို့သအပ်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး Mrs. Anne Elisabeth Luwema အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးစွာဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နယ်သာလန်သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ကြောင်းကို ဦးစွာပြောကြားခဲ့ပြီး မြန်မာ-နယ်သာလန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စိုက်ပျိုးရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေး စသည့်ကဏ္ဍတို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့သွားရေးကိစ္စ၊ မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများကို ကိုဗစ်-၁၉ ထိန်းချုပ်ရေး ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတို့နှင့်စပ်လျဉ်း၍ မြန်မာအစိုးရ၏ စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၌ ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံအနေဖြင့် အပြုသဘော ကူညီပံ့ပိုးပေးသွားနိုင်မည့် အခြေအနေတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့ရှိ ဝမ္မသူးမောင် အားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

○ ဒုတိယသမ္မတမှ

ပွဲကြည့်စင်အမိုး တိုးချဲ့တပ်ဆင်တည်ဆောက်နိုင်ရန် ကြိုတင်မြော်တွေး တွက်ချက်စီမံဆောင်ရွက်ထားနိုင်ရေး၊ ပွဲကြည့်စင်အောက်ဘက်တွင် အားကစားပွဲတော်ကာလများအတွင်း အားကစားသမားများ တည်းခိုနေထိုင်နိုင်ရန်နှင့် အခြားလိုအပ်ချက်များအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရေး ထည့်သွင်းလျာထားတည်ဆောက်နိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဝမ္မသူးမောင် အားကစားကွင်း အဆင့်မြှင့်တင် တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ချင်းပြည်နယ် တရားလွှတ်တော် တည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဆောက်အဦဦးစီးဌာန တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။

**သုံးထပ်အဆောက်အအုံ**

ချင်းပြည်နယ်တရားလွှတ်တော် အဆောက်အအုံသည် အလျားပေ ၁၂၀၊ အနံပေ ၁၄၀၊ အမြင့် ၅၆ ပေရှိ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံဖြစ်ပြီး စီမံကိန်း တန်ဖိုးငွေကျပ် ၆၃၉၃ သန်း ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) စုဝေးခန်းမသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါက်တာဆလိုင်းတလွန်ဇထန်းက ကျောင်းဆိုင်ရာ အချက်အလက်များ၊ ပညာသင်နှစ်အလိုက် သင်ကြားပို့ချမှုများ၊ စီမံကိန်းလုပ်ငန်းများနှင့် တည်ဆောက်ဆဲ အဆောက်အအုံဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယသမ္မတသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး) တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်းချယ်ရီပင်များအား စီမံချက်ချမှတ်စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟားခါး ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါ်မိညိုညိုရှိန်က ဟားခါးပညာရေးဒီဂရီကောလိပ် တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ဒီဂရီကောလိပ်တိုးမြှင့်ပြီး ဖြစ်သဖြင့် Master Plan ပါအတိုင်း စံကိုက်အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် မြေနေရာ ကြိုတင်ရှာဖွေထားရေးနှင့် ကျောင်းအဝင် လမ်းဘေးဝဲယာ ဒေသတွင်းချယ်ရီပင်များ စိုက်ပျိုးထားနိုင်ရေး လမ်းညွှန်မှာကြားသည်။

**လမ်းညွှန်မှာကြား**

ထို့နောက် ဒုတိယသမ္မတသည် ခိုစီလိုဆိုတောင်ပေါ်ရှိ ပန်းခြံ တည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး ဟားခါးမြို့ရှုခင်းအား ကြည့်ရှုကာ တောင်တက်လမ်းအား ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် လမ်းအတက်အဆင်းများအားပြေပြစ်အောင် ပြင်ဆင်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလျန်ဇာခုပ်က ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး) ၌ လက်တွေ့သင်ကြားပို့ချမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ဟားခါးဘွဲ့နှင်းသဘင်ခန်းမသည် အလျား ၂၅၂ ပေနှင့် ခြောက်လက်မ၊ အနံ ၂၀၈ ပေရှိ သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး စီမံကိန်း တန်ဖိုးငွေကျပ် ၉၃၃၁ ဒသမ ၁၉၄ သန်းဖြစ်ကာ ဒီဇင်ဘာလအတွင်း တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးတက္ကသိုလ် စာကြည့်တိုက် တိုးချဲ့ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် Hakha University Chapel တည်ဆောက်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **သတင်းစဉ်**



**ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။** [အဆိုပါ ဘွဲ့နှင်းသဘင်ခန်းမသည် အလျား ၂၅၂ ပေနှင့် ခြောက်လက်မ၊ အနံ ၂၀၈ ပေရှိ သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး စီမံကိန်း တန်ဖိုးငွေကျပ် ၉၃၃၁ ဒသမ ၁၉၄ သန်းဖြစ်ကာ ဒီဇင်ဘာလအတွင်း တည်ဆောက်ပြီးစီးမည်ဖြစ်သည်။]

# ပုပ်သိုးပျက်စီးလွယ်သောကုန်စည်များ တင်ဆောင်ထားသည့် ကုန်တင်ယာဉ်များကို ဦးစားပေးစစ်ဆေးဆောင်ရွက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး နယ်နိမိတ်အတွင်း ဖြတ်သန်းသွားလာမည့် ပုပ်သိုးပျက်စီးဆုံးရှုံးလွယ်ကုန်စည်များ တင်ဆောင်ထားသည့် ကုန်တင်ယာဉ်များကို သက်ဆိုင်ရာ စစ်ဆေးရေးဌာနများတွင် ကိုဗစ် – ၁၉ ရောဂါပိုး ရှိ၊ မရှိ ဦးစားပေးစစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်း ( MRCCI ) အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၏ ပြောကြားချက်အရ သိရသည်။

ကိုဗစ် – ၁၉ ရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးအတွက် မန္တလေးတိုင်းဒေသကြီး နယ်နိမိတ်အတွင်း ဝင်/ထွက် သွားလာနေသည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ကုန်တင်ယာဉ်သွားလာမှုနှင့် ပတ်သက်သည့်စံသတ်မှတ်ချက်များနှင့်အညီ ရောဂါပိုး ရှိ၊ မရှိ Test Kid များနှင့် စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးပေးလျက်ရှိသည်။ ထိုသို့ စစ်ဆေးရာတွင် စောင့်ဆိုင်းရသည့်အတွက် ကုန်စည်စီးဆင်းမှုကြန့်ကြာပြီး ပျက်စီးဆုံးရှုံးမှု အခြေအနေများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ထို့ကြောင့် ကုန်တင်ယာဉ်များကို အစဉ်လိုက်စစ်ဆေးရာတွင် ပုပ်သိုးလွယ်ကုန်ပစ္စည်းများနှင့် သေဆုံးပျက်စီးလွယ်ကုန်ပစ္စည်းများဖြစ်သည့် ငါး၊ ပုစွန်၊ ကဏန်း၊ ကြက်ပေါက်၊ ဝက်၊ ဆိတ်၊ နွား၊ ပန်းနှင့်သီးနှံအစရှိသည့် ကုန်ပစ္စည်းများမှာ ပုပ်သိုးပျက်စီးဆုံးရှုံးမှုရှိနိုင်သည့်အတွက် အဆိုပါကုန်များတင်ဆောင်ထားသည့်ကုန်တင်ယာဉ်များမှာ ဦးစားပေးစစ်ဆေးခံခွင့်ရရှိမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဝင်၊ ထွက်သွားလာသည့် ကုန်တင်ယာဉ်များကို စတင်စစ်ဆေးစဉ်က ဂိတ် ၁၀ ဂိတ်ရှိသော်လည်း ယခုအခါ စစ်ဆေးရေးဂိတ် ၁၂ ဂိတ်ဖြင့် စစ်ဆေးပေးလျက်ရှိသည်။ ပုပ်သိုးလွယ်ကုန်ပစ္စည်းများနှင့် သေဆုံးပျက်စီးလွယ်ကုန်ပစ္စည်းများကို တင်ဆောင်ထားသည့် ကုန်တင်ယာဉ်များကို ဦးစားပေးစစ်ဆေးသွားရန် မန္တလေးတိုင်းဒေသကြီး ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားထားကြောင်း သိရသည်။ **အောင်သူရ**

# ကံ့ကော်တန်းက လွမ်းနေမည်



ဒေါက်တာအောင်ဆန်း (လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)

လွမ်းတတ်သူများအတွက် ဘယ်အရာမဆို လွမ်းစရာတွေချည်းဖြစ်သည်။ တန်ဖိုးထားလေ ပိုလွမ်းလေ ဖြစ်သည်။ သို့သော် အချို့သောအလွမ်းများက လွမ်းသူကို ပူလောင်စေတတ်၊ အိုမင်းစေတတ်ပါသည်။ အချို့အလွမ်းများမှာမူ လွမ်းသူကို ကြည်နူးစေတတ်၊ နုပျိုစေတတ်ပါသည်။ ဒုတိယအလွမ်းမျိုးမှာ တန်ဖိုးရှိလှသည်။ ထိုအလွမ်းမျိုးကို လူတိုင်းလွမ်းစေချင်လှသည်။ ကျွန်တော်လည်း ထိုအလွမ်းမျိုးလွမ်းတတ်ဖို့ အားထုတ်နေပါသည်။

**အမိရန်ကုန်တက္ကသိုလ်ကြီး**

ကျွန်တော် ယခု လေးဆယ်ကျော်အရွယ်သို့ ရောက်နေပြီဖြစ်သည်။ အရွယ်အားဖြင့် လူလတ်ပိုင်း ဖြစ်သည်။ သို့သော်လည်း ကိုယ့်ကိုယ်ကိုယ် လူလတ်အရွယ်ဟု မထင်။ လူငယ်အရွယ်သာ ထင်ဆဲဖြစ်သည်။ ထိုသို့ဖြစ်အောင်လည်း ပတ်ဝန်းကျင်က လွှမ်းအုပ်ပေးထားလေသည်။ ကျွန်တော့်ကိုလွှမ်းအုပ်ထားပေးသော ပတ်ဝန်းကျင်မှာ အခြားမဟုတ်ပေ။ ကံ့ကော်ရိပ်မြုံ ကကြိုးစုံသည့် အမိရန်ကုန်တက္ကသိုလ်ကြီးပင် ဖြစ်ပါသည်။

ငယ်စဉ်က ရေဒီယိုမှ မကြာမကြာ ကြားရသော သီချင်းတစ်ပုဒ် ရှိပါသည်။ မြကျွန်းညို အဖွဲ့သားများ၏ မြကျွန်းညိုသီချင်းပင် ဖြစ်သည်။ ထိုသီချင်းကို ကြားပြီး မြကျွန်းညို ခေါ် ရန်ကုန်တက္ကသိုလ်မှာ ကွန်းခိုကာ ပညာဖွေရှာလိုစိတ် တဖွားဖွား ဖြစ်ပေါ်ခဲ့ရသည်။ သို့သော်လည်း အခြေအနေပေးဖို့ ဝေးလွန်းလှသည်။ ဝေးသည်ဆိုသော်လည်း မျှော်မှန်းခွင့်ရှိသောအရာဖြစ်၍ မျှော်မှန်းခဲ့ပါသည်။

"စိတ်သာရှင်စေ ဘုရားဟော" ဆိုသည့်အတိုင်း ဆန္ဒကို လုံ့လဖြင့်ဝန်းရံနိုင်ခဲ့သောကြောင့် ရန်ကုန်တက္ကသိုလ်၌ မဟာဝိဇ္ဇာကျောင်းသားအဖြစ် တက်ရောက်ခွင့်ရခဲ့ပါသည်။ ကျွန်တော့်လို ကျေးတောသား တစ်ယောက်အတွက် နတ်ရေကန်ထဲ ရောက်သကဲ့သို့ ပျော်ရွှင်ကြည်နူးမဆုံး ဖြစ်ခဲ့ရသည်။ ပျော်ရွှင်ရုံသက်သက်ဆိုလျှင် ပျက်စီးခြင်းဘေးနှင့် ကြုံရတတ်ပါသည်။ ပျော်ရွှင်မှုနောက် ကြည်နူးမှုပါမှသာ ဘဝတိုးတက်ခြင်းသို့ ပို့ဆောင်ပေးနိုင်ပေလိမ့်မည်။ ရန်ကုန်တက္ကသိုလ်ထဲရောက်လာလျှင် ပျော်ရွှင်မှုကိုလည်း ရှာဖွေရပေလိမ့်သည်။ ကြည်နူးမှုကိုလည်း ရှာကြံရပေလိမ့်မည်။

**သမိုင်းက သက်သေခံလျက်ရှိ**

ရန်ကုန်တက္ကသိုလ်ရောက်ပြီဆိုလျှင် အဓိပတိပေါက်ရှိ "နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ"ဆိုသော ကျောင်းဆောင်ပုဒ်ကို တွေ့ရပေလိမ့်မည်။ "ပညာနှင့်တူသော မိတ်ဆွေမရှိ"ဟု ဆိုလိုခြင်းဖြစ်ပေသည်။ အတုမရှိသော မိတ်ဆွေနှင့် တွေ့ဆုံမိတ်ဆက်ပေးမည်ဟု ပြောနေခြင်းဖြစ်သည်။ အမှန်လည်း တွေ့ဆုံမိတ်ဆက်ပေးသောကြောင့် ပညာနှင့်တွေ့သွားကြသူတွေ မနည်းလှပေ။ ထိုအချက်ကို သမိုင်းက သက်သေခံလျက်ရှိပါသည်။

မြန်မာ့သမိုင်းတစ်လျှောက်တွင် လိုအပ်ချက်အရ ပေါ်ထွက်ခဲ့သူများ ရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ခဲ့ပြီးနောက် လွတ်လပ်ရေးနှင့် ဝေးနေခဲ့ရသည်။ ထိုလွတ်လပ်ရေးကို ပြန်လည်ရယူပေးမည့်သူတစ်ဦး ပေါ်ထွက်လာခဲ့ပါသည်။ ထိုသူမှာ သခင်အောင်ဆန်းမှသည် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသည့် ရန်ကုန်တက္ကသိုလ်ကျောင်းသား မောင်အောင်ဆန်းပင် ဖြစ်သည်။ သမိုင်းလိုအပ်ချက်ကို သိရှိမွေးထုတ်ပေးခဲ့သည့် ရန်ကုန်တက္ကသိုလ်ဟု ဆိုနိုင်ပါလိမ့်မည်။



အဓိပတိလမ်း။ ဓာတ်ပုံ - တင်စိုး

အဓိပတိပေါက်မှ ဝင်လိုက်လျှင် တည်ငြိမ်ခံ့ညားလှသော ဘွဲ့နှင်းသဘင်ခန်းမကို တန်းမြင်ရပေလိမ့်မည်။ ဘွဲ့နှင်းသဘင်သို့လျှောက်ရာ အဓိပတိလမ်းဝဲ၊ ယာ၌ ရေတမာတန်းက နေပြောက်မထိုးအောင် အုပ်မိုးပေးထားပါသည်။ အဓိပတိလမ်းနှင့် ရေတမာတန်းက လွမ်းတတ်သူများကို မမေ့နိုင်အောင် ပြုစားတတ်ပေသည်။ နောင်တစ်ချိန် "အဓိပတိလမ်းမပေါ်မှာ လျှောက်ဖူးခဲ့ပါသည်" ဆိုသောသီချင်းသံ၊ "အဓိပတိလမ်းမထက် အတိတ်က တို့ခြေရာများ" ဆိုသော သီချင်းသံတို့ကိုကြားမိလျှင် စိတ်မျက်စိထဲ မြင်ယောင်လာကာ တမြည့်မြည့် လွမ်းနေပေလိမ့်သည်။

**သစ်ပုပ်ပင်နှင့် ရန်ကုန်တက္ကသိုလ် ခွဲမရပါလား**

ဘွဲ့နှင်းသဘင်ခန်းမ မရောက်မီ လက်ယာဘက်တွင် ရာဇဝင်ထဲက သစ်ပုပ်ပင်ကြီးကို ထီးထီးမားမား မြင်ရပေလိမ့်မည်။ ထိုသစ်ပုပ်ပင်ကြီးသည် ရန်ကုန်တက္ကသိုလ် စတည်ကတည်းက ရှိခဲ့သည်ဟု ဆိုကြသည်။ ရန်ကုန်တက္ကသိုလ်၏ ဖွားဖက်တော် ဟုလည်း ဆိုနိုင်ပေသည်။ မှတ်မိပါသေးသည်။ ၂၀၀၈ ခုနှစ် မေလတွင် နာဂစ်မုန်တိုင်း အတိုက်ခံခဲ့ရပါသည်။ နာဂစ်ဒဏ်ကို တစ်နိုင်ငံလုံးဆိုသလို အနည်းနှင့်အများ ခံကြရသည်။ ထိုအထဲတွင် ရန်ကုန်တက္ကသိုလ်ကြီးလည်း ပါပါသည်။ ကျွန်တော်လည်း ရန်ကုန်တက္ကသိုလ်ထဲတွင် ရှိနေသောကြောင့် ထိုအဖြစ်အပျက်များကို ကိုယ်တိုင်မျက်မြင် တွေ့ရခံစားခဲ့ရပါသည်။ ထိုအခါ ကျောင်းပြင်ပရှိသူများက သစ်ပုပ်ပင်သတင်းကို မေးသူမေးကြသည်၊ ကိုယ်တိုင်လာကြည့်သူ ကြည့်ကြသည်။ ထိုအချိန်မှစ၍ ရန်ကုန်တက္ကသိုလ်နှင့် သစ်ပုပ်ပင်၊ သစ်ပုပ်ပင်နှင့် ရန်ကုန်တက္ကသိုလ် ခွဲမရပါလားဟု အောက်မေ့ခဲ့ရပါသည်။

ထိုသစ်ပုပ်ပင်ဘေးတွင် ဘွဲ့နှင်းသဘင်က ခံ့ညားစွာ တည်ရပ်လျက်ရှိသည်။ ပုံသဏ္ဌာန်က လေးထောင့်စပ်စပ်၊ အတွင်းပိုင်းက သစ်လွင်လှပသေသပ်လျက်ရှိသည်။ သို့သော် အပြင်ပိုင်းကတော့ ချေးမခြစ်၊ ဆေးမသုတ်ဘဲ ပကတိအတိုင်း ထားထားသည်။ အချို့က ဇရာသဘောကိုပြလို၍ဆေးမသုတ်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ မည်သို့ဆိုစေ ထိုအကြောင်းတို့ကို ဘွဲ့နှင်းသဘင်ကြီးကသာ အသိဆုံးဖြစ်ပါလိမ့်မည်။ ဘွဲ့နှင်းသဘင်ကြီးက သူဖြတ်သန်းခဲ့ရသော သမိုင်းတို့ကို နှောင်းလူတို့အား ဆက်၍ပြောပြနေပေလိမ့်မည်။ နှောင်းလူတို့ကလည်း ဘွဲ့နှင်းသဘင်ကြီးရှိနေသရွေ့ သမိုင်းခြေရာကို ကောက်နိုင်ပေလိမ့်မည်။

ရန်ကုန်တက္ကသိုလ်သည် ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုလေးဟု တင်စားခဲ့သည့်အတိုင်း လူလည်းစုံလှသည်။ အဆောင်လည်းစုံလှပေသည်။ ယောက်ျားလေးဆောင်၊ မိန်းကလေးဆောင်၊ ညီအစ်ကိုဆောင်၊ ညီအစ်မဆောင်၊ မောင်နှမဆောင်တို့ဖြင့် စုံလင်လှသည်။ ဆည်းလည်းလေး၊ လိုက်ကာလေးတို့၏ လှောင်ရယ်ခြင်းကိုပင်မမှုဘဲ သီချင်းဆိုသူများ ပေါလှသည့်အဆောင်၊ ပုံပြင်ထဲက ဓာတ်လိုက်ကြီးကို ဘယ်သူလဲလို့ မမေးကြရန် တောင်းပန်တားမြစ်ခြင်းခံရသည့်အဆောင်၊ ငြိမ်းချမ်းမှုအပေါင်းတွေ ခညောင်းပါစေဟူသော ဆုတောင်းသံတွေ ဝေခဲ့သည့်အဆောင်စသည့် သီချင်းထဲက အဆောင်များကလည်း ရန်ကုန်တက္ကသိုလ်ကို ပိုလွမ်းအောင် ဖန်တီးနေသကဲ့သို့ ရှိပါသည်။

ရန်ကုန်တက္ကသိုလ်အကြောင်းပြောလျှင် အာစီကလည်း မပါမဖြစ်ပေ။ အာစီက အားကစား၊ အနုပညာ၊ ပြပွဲ၊ ပြိုင်ပွဲစသည်တို့ ကျင်းပရာနေရာပဲ ဖြစ်သည်။ အာစီမှာတွေ့ရင်း မိတ်ဆွေအပေါင်းအသင်း ဖြစ်သွားကြတာတွေ၊ စိတ်အနေပြောင်းရင်း ချစ်သွားကြတာတွေလည်း နည်းမည်မဟုတ်ပေ။ ရန်ကုန်တက္ကသိုလ်၏ ချစ်သူနယ်မြေတစ်ခုဟု ဆိုနိုင်ပေလိမ့်မည်။ အာစီသာ စကားပြောတတ်ခဲ့လျှင် ချစ်သူတို့အကြောင်းကို မမေးရဘဲ ပြောပြနေပေလိမ့်မည်။

စာမျက်နှာ ၇ သို့ ■



စစ်ကိုင်းဆောင်။ ဓာတ်ပုံ - ထင်ပေါ်ဝင်း

ဤမျှ ပေါများလှသော ကံ့ကော်တောတွင် ကံ့ကော်ပန်းတွေ ပွင့်ပြီဆိုလျှင် ကံ့ကော်ရနံ့တို့ အလွန်သင်းပျံ့လှပေသည်။ ကံ့ကော်ပွင့်ချပ်များ ကြွေကျ မြေခပြီဆိုလျှင် ဖွေးဖွေးလှုပ်ကာ ပို၍ပင် မွှေးလွန်းလှပေသည်။ ဘယ်ဘဝ ဘယ်အရပ်ရောက်ရောက် မမေ့နိုင်သော အငွေ့အသက်ပဲ ဖြစ်သည်။ ထိုကံ့ကော်တန်းတို့ကလည်း သူငယ်ချင်းတွေအကြောင်း၊ ချစ်သူတွေအကြောင်း၊ ဟိုအကြောင်း၊ သည်အကြောင်းများကို ဆွေးဆွေးမြည့်မြည့် ပြန်ပြောပြနေပေလိမ့်မည်။



တက္ကသိုလ်စာကြည့်တိုက်။ ဓာတ်ပုံ-ဇော်မင်းလတ်

■ စာမျက်နှာ ၆ မှ

ရန်ကုန်တက္ကသိုလ်ထဲတွင် မိတ်မဆက်ရဘဲ သိနေကြသည့် အဆောက်အအုံတစ်ခု ရှိသည်။ သူ့ရှေ့တွင် ဘွဲ့ယူသူတို့ အမှတ်တရ ဓာတ်ပုံရိုက်လေ့ရှိသည်။ ဘွဲ့ယူသူတို့အတွက် သူပါမှ ပြည့်စုံတတ်သည်။ သူကတော့ မိုးတိုးမတ်တတ် ရပ်လျက်သာနေသည်။ တစ်ခါတစ်ရံ သူ့ထိပ်က လရိပ်ပြာထွက်ချိန် ကြည့်နေသူများလည်း ရှိတတ်ပြန်သည်။ သူကလည်း ကျောင်းသား ကျောင်းသူများ၏ ခံစားချက်တို့ကို ရင်နှင့်အပြည့် သိမ်းဆည်းထားသည်။ သူ့ရင်ထဲမှာ ပြောစရာစကားတို့ အပြည့်ရှိနေခဲ့သည်။ သို့သော် ကြည့်တတ်သူများသာ မြင်နိုင်ပေလိမ့်မည်။ သူကတော့ အခြားမဟုတ်ပေ။ ဂျပ်ဆင်ကြီးပင် ဖြစ်သည်။ သူ့ကို မြင်တိုင်း ရန်ကုန်တက္ကသိုလ်ပုံရိပ်က ပါလာမြဲဖြစ်သည်။

**တစ်ကိုယ်တည်းသမားများအတွက် မျက်နှာငယ်ရသောလမ်းများ**

ရန်ကုန်တက္ကသိုလ်၌ တစ်ဆောင်နှင့်တစ်ဆောင် အကူးကို လမ်းလေးများ ဖောက်လုပ်ထားသည်။ လမ်းအတော်များများကို အမိုးမိုးထားပါသည်။ တချို့လမ်းလေးများကိုတော့ အမိုးမိုးမထားပေ။ ထိုလမ်းလေးများသည် လူနှစ်ယောက် လက်တွဲလျှောက်ဖို့လောက်သာ ကျယ်သည်။ ချစ်သူစုံတွဲ အများစုလက်တွဲလျှောက်လေ့ရှိသော လမ်းလေးများကိုတော့ ချစ်သူလမ်းကြားဟု ခေါ်ခဲ့ကြသည်။ တစ်ကိုယ်တည်းသမားများအတွက် မျက်နှာငယ်ရသော လမ်းများပဲ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားမှန်သမျှ လမ်းဘေးအုတ်ခုံပေါ်ထိုင်ဖူးကြသည်။ ခုံပြာမဟုတ်တော့သော ခုံညိုတန်းတွေပေါ် ထိုင်ဖူးကြသည်။ သစ်မြစ်ပါးပျဉ်းတွေပေါ် ထိုင်ဖူးကြသည်။ သစ်ပင်ခွကြားတွင်လည်း ထိုင်ဖူးခဲ့ကြသည်။ သို့သော် ထိုင်သောအရသာတော့ တူမည်မဟုတ်ပေ။ ဆရာအောင်ပြည့်၏ နောဇကေနောထဲက ကိုသက်ထွန်းလို လူတွေလည်း ထိုင်ကောင်းထိုင်ခဲ့ပေလိမ့်မည်။ သူတို့လည်း သူတို့နှင့် ပတ်သက်သလောက်တော့ နောဇကေနောနေပေလိမ့်မည်။

မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် စိန်ပန်းပင်များ ရှိကြပါသည်။ ကျွန်တော်တို့ အရပ်တွင်လည်း စိန်ပန်းပင်ပေါလှပါသည်။ သို့သော် စိန်ပန်းပွင့်တွေ့ပြီဆိုလျှင် ကိုယ့်ရပ်ကိုယ့်မြေကို မလွမ်းဘဲ ရန်ကုန်တက္ကသိုလ်ကိုသာ ပြေးမြင်မိသည်ဆိုလျှင် ပိုလွန်းသည် ထင်ကြလိမ့်မည်။ မတတ်နိုင်။ ရိုးရိုးသားသား ပြောခြင်းသာဖြစ်သည်။ ဘာကြောင့်လဲဟု စေ့ငုကြည့်သည်။ "ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာကျဲပြန့်နေ"ဆိုသော တွံတေးသိန်းတန်သီချင်းက နှလုံးသားတစ်ထောင့်မှာ နေရာယူပြီးသောကြောင့် ဖြစ်မည်ထင်ပါသည်။ အနုပညာ၏ အစွမ်းကား ကြီးမားပေစွ။ ကျောင်းဖွင့်ပြီဆိုလျှင် ရန်ကုန်တက္ကသိုလ်ထဲ၌ စိန်ပန်းများ ရဲရဲလှုပ်နေအောင် ပွင့်ကြသည်။ ကြွေလျှင်လည်း လွမ်းအောင် ကြွေကြသည်။ ပွင့်ခြင်းနှင့် ကြွေခြင်းကြားကို လောကသဘောဟု မမှတ်ယူနိုင်ဘဲ လွမ်းစရာဟု မြင်နေခြင်းကို ရူးလွန်းသည်ဟု ဆိုလာပါက ခံဖို့သာ ရှိပါတော့သည်။

**တက္ကသိုလ်နှင့် စာကြည့်တိုက် ခွဲမရစကောင်း**

ရန်ကုန်တက္ကသိုလ်သို့ ရောက်လာသူအပေါင်း မမေ့အောင် ဆွဲဆောင်နိုင်သည့်အထဲတွင် စာကြည့်တိုက်များလည်းပါဝင်ပါသည်။ စာကြည့်တိုက်ဝန်ထမ်းများက "ပညာရှာသောသူ တို့ဝိုင်းကူ"ဟူသော ဆောင်ပုဒ်အတိုင်း ပျူပျူငှာငှာ ဆက်ဆံကြသောကြောင့် စာလည်းပိုဖတ်ဖြစ်ကြပါသည်။ ဆရာမြသန်းတင့် ဘာသာပြန်သော "လွမ်းမောခဲ့ရသော တက္ကသိုလ်နွေညများ" ကို ဖတ်ကာ သူတို့ဘဝကို ပူးဝင်ခံစားမိပြီး ကိုယ့်တက္ကသိုလ် ကျောင်းသားဘဝကိုပါ လွမ်းမောခဲ့ရသည်။ ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ "ညီမလေးရယ် စိုးရိမ်မိတယ်"ကိုဖတ်ကာ ဗဟုသုတစုံလင်ပြီး ချက်ကျလက်ကျပြောတတ်သော ဆရာ ကိုမြင့်သူကို အားကျခဲ့ရသည်။ စာကြည့်တိုက်ပြတင်းပေါက်မှ မြန်မာ့မြင်ကွင်းကိုသာမက ကမ္ဘာ့မြင်ကွင်းကိုပါ တွေ့ခဲ့ရသည်ဟု ဆိုနိုင်ပါသည်။ တစ်ဆက်တည်း တက္ကသိုလ်နှင့် စာကြည့်တိုက် ခွဲမရစကောင်းဟုလည်း ဆိုချင်ပါသည်။ တက္ကသိုလ်ကိုချစ်လျှင် စာကြည့်တိုက်ကိုပါ ချစ်ရပေလိမ့်မည်။

ကျွန်တော် မဟာဝိဇ္ဇာတက်သည့်အခါ ရန်ကုန်တက္ကသိုလ်ဝင်းထဲရှိ အင်းဝဆောင်တွင် အဆောင်မှူး ဆရာဦးမျိုးသန့်(ဆရာမျိုး)၏ ကျေးဇူးနှင့် နေခွင့်ရခဲ့ပါသည်။ မြန်မာစာ မေဂျာဖြစ်သောကြောင့် တောင်ငူဆောင်တွင် တက်ရပါသည်။ အင်းဝဆောင်မှနေ၍ စစ်ကိုင်းဆောင်၊ ပင်းယဆောင်တို့ကို ဖြတ်ကာ ဒဂုံလမ်းအတိုင်းဝင်လာပါက ဒဂုံဆောင်နှင့် မျက်နှာချင်းဆိုင်တွင် တောင်ငူဆောင်ကို ရောက်ရပေလိမ့်မည်။ အလွန်နီးသည်ဟု ဆိုရပေမည်။ တစ်ခါတစ်ရံမူ ထိုမှမသွားဘဲ အင်းဝဆောင်ရှေ့မှထွက် စစ်ကိုင်းလမ်းအတိုင်းလျှောက် တက္ကသိုလ်များဗဟိုစာကြည့်တိုက်ရှေ့မှဖြတ် အာစီကိုပတ်ကာ ရွှေဘိုဆောင် ခေါင်းရင်းလမ်းက သွားတတ်ပါသည်။ ဝေးသော်လည်း သွားရသည့်အကြောင်း ရှိပါသည်။

နာဂစ်မတိုက်ခင်က ရန်ကုန်တက္ကသိုလ်၌ အပေါ်များဆုံးအပင်ကို ပြောပါဆိုလျှင် ကံ့ကော်ပင်များကို လက်ညှိုးထိုးပြရပေလိမ့်မည်။ ထို့ကြောင့်လည်း ကံ့ကော်မြေ၊ ကံ့ကော်တော၊ ကံ့ကော်နန်း၊ ကံ့ကော်မြိုင်တန်း စသည်ဖြင့် တင်စားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ဉာဏ်မျှ ပေါများလှသော ကံ့ကော်တောတွင် ကံ့ကော်ပန်းတွေ ပွင့်ပြီဆိုလျှင် ကံ့ကော်ရနံ့တို့ အလွန်သင်းပျံ့လှပေသည်။ ကံ့ကော်ပွင့်ချပ်များ ကြွေကာ မြေခပြီဆိုလျှင် ဖွေးဖွေးလှုပ်ကာ ပို၍ပင် မွှေးလွန်းလှပေသည်။ ဘယ်ဘဝ ဘယ်အရပ်ရောက်ရောက် မမေ့နိုင်သော အငွေ့အသက်ပဲ ဖြစ်သည်။ ထိုကံ့ကော်တန်းတို့ကလည်း သူငယ်ချင်းတွေအကြောင်း၊ ချစ်သူတွေအကြောင်း၊ ဟိုအကြောင်း၊ သည်အကြောင်းများကို ဆွေးဆွေးမြည့်မြည့် ပြန်ပြောပြနေပေလိမ့်မည်။

**တက္ကသိုလ်ကြီးထဲက တက္ကသိုလ်လေးတစ်ခု**


တက္ကသိုလ်တက်ဖူးသူတွေ မဖြစ်မနေ အရေးတကြီးလုပ်လေ့ရှိသော ကိစ္စတစ်ခုရှိသည်။ ကန်တင်းထိုင်ခြင်းပဲ ဖြစ်သည်။ ဗိုက်ဆာဆာ မဆာဆာ၊ လက်ဖက်ရည် သောက်ချင်ချင် မသောက်ချင်ချင် လူစုံ၍ဝိုင်းကောင်းပြီဆိုလျှင် လက်ဖက်ရည်ဆိုင်ထိုင်ကာ လေပစ်ကြသည်။ ဝိဇ္ဇာကန်တင်း၊ သိပ္ပံကန်တင်း၊ အီကိုကန်တင်း စသည်ဖြင့် တစ်နေ့တစ်မျိုးမရိုးရအောင် လှည့်လည်ထိုင်ရသည်မှာလည်း အရသာတစ်မျိုး ဖြစ်သည်။ စာအကြောင်း ပေအကြောင်းမှစ၍ ဟိုအကြောင်းသည်အကြောင်းအထိ စုံလင်လှပေသည်။ လက်ဖက်ရည်ဆိုင်ထဲကိုလံဘတ်ထိုင်နေသကဲ့သို့ ရှိတော့သည်။ တစ်ခါတစ်ရံ စာသင်ခန်းထဲတွင် မရနိုင်သော တိုလီမိုလီ စုံစီနဖာပညာများကိုလည်း ထိုလက်ဖက်ရည်ဆိုင်တွင် ဆည်းပူးကြရသည်။ ကျွန်တော်တို့အတွက်တော့ လက်ဖက်ရည်ဆိုင်သည် တက္ကသိုလ်ကြီးထဲက တက္ကသိုလ်လေးတစ်ခုပင် ဖြစ်ပါသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့က စတင်ဖွင့်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ဆိုလျှင် နှစ်တစ်ရာပင် ပြည့်လေပြီ။ နှစ်တစ်ရာပြည့်ပြီဆိုသော်လည်း ဟောင်းနွမ်းမသွားသေးဘဲ နုပျိုလှပနေဆဲ ဖြစ်သည်။ အသစ်အသစ်သော သားသမီးများကို မွေးမြူကာ အရွယ်တင်နေဆဲ ဖြစ်သည်။ နှစ်တစ်ရာအတွင်း မွေးမြူခဲ့သော သားသမီးများကလည်း ရောက်ရာအရပ်မှာ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သူများ ရှိသကဲ့သို့ တာဝန်ထမ်းဆောင်ဆဲသူများလည်း ရှိနေကြပါသည်။ သားသမီးများကလည်း ဘယ်အရပ်ရောက်ရောက် ရောက်ရာအရပ်က အမိတက္ကသိုလ်ကို လွမ်းကြသည်ချည်း ဖြစ်ပါသည်။

ယခု ကျွန်တော်လည်း အမိတက္ကသိုလ်ရင်ခွင်ကို ပြန်လည်ခိုဝင်ခွင့် ရနေပါသည်။ အဓိပတိလမ်းနှင့် အဆောင်ဆောင် အနန်းနန်းကိုလည်း လျှောက်လှမ်းခွင့်ရနေပါသည်။ သစ်ပုပ်ပင်ရိပ်၊ ရေတမာပင်ရိပ်တို့ကိုလည်း ခိုဝင်ခွင့်ရနေပါသည်။ တက္ကသိုလ်လေကို ရှူခွင့်ရနေသည်ဟု ဆိုရပေမည်။ အခြေအနေ အရပ်ရပ်ကြောင့် အဝေးရောက်ကာ ကျွန်တော်ကဲ့သို့ တက္ကသိုလ်လေကို ရှူခွင့်မရကြသူတွေလည်း ဒုနဲ့ဒေး ရှိနေပါလိမ့်မည်။ တက္ကသိုလ်လေကို လွမ်းနေ ပေလိမ့်မည်။ ထိုထိုသောသူများကို အမိတက္ကသိုလ်ကြီး ကိုယ်စား လက်ဆောင် စကား ပါးလိုက်ချင်ပါသည်။ "ကံ့ကော်တန်းက လွမ်းနေမည်" ဟူ၍သာ။ ။

## ဆောင်းပါးရှင် ဒေါက်တာအောင်ဆန်း၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ အောင်ဆန်းဖြစ်သည်။
- ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပွွန်တန်ဆာမြို့အပိုင် ကတုတ်၊ ကြောင်လျှာဖျား၊ ကျောင်းစု ကျေးရွာတွင် အဖ ဦးမောင်ငယ်၊ အမိ ဒေါ်ပုရင်တို့က ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (စနေနေ့) တွင် မွေးဖွားခဲ့သည်။
- အခြေခံပညာကို အမက ကတုတ်၊ ကြောင်လျှာဖျား၊ ကျောင်းစုကျောင်းတွင် သင်ယူခဲ့သည်။
- တက္ကသိုလ်တန်းကို အထက ပွွန်တန်ဆာကျောင်းမှ အောင်မြင်ခဲ့သည်။
- ပဲခူးဒီကရီကောလိပ်မှ မြန်မာစာ အဓိကဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။
- ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့များ ရရှိခဲ့သည်။
- အောင်ဆန်း၊ အောင်ဆန်း(မြန်မာစာ)၊ ချစ်ပြည့်(ပွွန်တန်ဆာ)၊ လွမ်းနောင်၊ မောင်ရင်ဆွေ ကလောင်အမည်များဖြင့် စာပေများ ရေးသားလျက်ရှိသည်။
- ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။



သစ်ပုပ်ပင်။ ဓာတ်ပုံ - ဇော်မင်းလတ်

## ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အောက်တိုဘာ ၂၇ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)ပါမောက္ခ ဒေါက်တာမြင့်ဟန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးတက္ကသိုလ် (၁)ရန်ကုန်၊ ပါမောက္ခ (အပူပိုင်း/ကူးစက်)၊ ပါမောက္ခ ဒေါက်တာမိုးမိုးစန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ/ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာထင်လင်းတို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသည့် Singapore International Energy Week 2020 သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**

Singapore International Energy Week 2020 (SIEW 2020)ကို စင်ကာပူနိုင်ငံတွင် အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ပြီး အဆိုပါ SIEW 2020 အခမ်းအနားတွင် စင်ကာပူနိုင်ငံ Ministry of Trade and Industry ဝန်ကြီး Mr. Chan Chun Sing က အဖွင့်အမှာစကားပြောကြားသည်။



**တက်ရောက်ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉ နာရီခွဲတွင် SIEW 2020 ၏ ပထမအစီအစဉ်တစ်ခုဖြစ်သည့် Singapore Energy Summit "Transitioning to Our Low Carbon Energy Future" ခေါင်းစဉ်ဖြင့် ဆွေးနွေးသောစကားဝိုင်းတွင် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး Dr. Tan See Leng၊ အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်နှင့် သဘာဝသယံဇာတဝန်ကြီး Mr. Afrifin Tasrif၊ JERA Asia Pte. Ltd., ၏ CEO Mr. Toshiro Kudama၊ ENGIE Asia-Pacific ၏ President & Regional CEO Mr. Paul Maguire၊ Shell Singapore Companies ၏ Chairman ဖြစ်သူ Ms. Aw Kah Peng၊ SP PowerGrid Limited ၏ CEO Mr. Jimmy Khoo၊ Utilities Lead, Resources, Southeast Asia Accenture ၏ MD Mr. Lim Chih Shoong တို့နှင့်အတူ Panelist အဖြစ် တက်ရောက်ဆွေးနွေးသည်။

အဆိုပါစကားဝိုင်းတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် စွမ်းအင်သုံးစွဲမှု လိုအပ်ချက်နှင့် စီးပွားရေးအပေါ် မမျှော်မှန်းနိုင်သော အကျိုးသက်ရောက်မှုများရှိလာပြီဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အနာဂတ်ကာလတွင် လုံခြုံရေးနှင့် စဉ်ဆက်မပြတ်ရှိသော စွမ်းအင်ကို ရွေးချယ်အသုံးပြုသွားရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် လတ်တလောကာလတွင် လေထုညစ်ညမ်းမှု ရာခိုင်နှုန်းသည် ယာယီအားဖြင့် လျော့ကျမှုရှိနေခြင်းအား ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်ကြောင်း၊ အလားတူ စွမ်းအင်လုံခြုံမှု၊ စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုအပေါ် ကြံ့ကြံ့ခံနိုင်မှု၊ ဈေးကွက်တည်ငြိမ်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုရှိရန် လိုအပ်ကြောင်း၊ အာရှဒေသအတွင်း စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအပေါ် နိုင်ငံဖြတ်ကျော် ဓာတ်အားလိုင်းချိတ်ဆက်မှု၏ အခန်းကဏ္ဍသည် အရေးပါမှုရှိပါကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် စိန်ခေါ်မှုနှင့်အခွင့်အလမ်းများ၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Stakeholder များဖြစ်သော အစိုးရ၊ ရင်းနှီးမြှုပ်နှံသူနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ပြန်ပြည့်မြဲစွမ်းအင်**

အဆိုပါစကားဝိုင်းတွင် ပြည်ထောင်စုဝန်ကြီးက အာရှ-ပစိဖိတ်ဒေသတွင် သဘာဝဓာတ်ငွေ့သုံးစွဲမှုသည် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိနေပါကြောင်း၊ Solar Panel ထုတ်လုပ်မှုတွင် အာရှဒေသသည် ဦးဆောင်လာကြောင်းနှင့် စွမ်းအင်သိုလှောင်သိမ်းဆည်းမှု နည်းပညာတီထွင်စမ်းသပ်မှုများ တိုးတက်ဖြစ်ထွန်းလာကြောင်း၊ ထိုကဲ့သို့ နည်းပညာဖြစ်ထွန်းလာမှုများသည် အာရှဒေသ၏ သန့်စင်သောစွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုများကို ဖွံ့ဖြိုးတိုးတက်လာစေကြောင်း၊ အာရှ၏စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် တိုးမြင့်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်ကဲ့သို့သော ပြန်ပြည့်မြဲစွမ်းအင် အသုံးပြုမှုများတိုးမြင့်လာပြီး အာဆီယံဒေသတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍမှ ၂၀၄၀ ပြည့်နှစ်တွင် ၃၇ ရာခိုင်နှုန်းပါဝင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲနည်းလမ်းများကိုလည်း စွမ်းအင်လုံခြုံစိတ်ချရရေး၊ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များအတွက် လက်ခံဆောင်ရွက်သင့်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲခြင်းနည်းလမ်းသည် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး သန့်ရှင်းသော စွမ်းအင်ရရှိသည့်အပြင် ရွှေ့ပြောင်းမှု လွယ်ကူကြောင်း၊ ကိုဗစ်-၁၉ သက်ရောက်မှုများကြောင့် စီးပွားရေးထိခိုက်မှုများ ပြန်လည်ကုစားရာတွင် ပြန်ပြည့်မြဲစွမ်းအင် နည်းပညာသည် တိကျသေချာသော ဖြေရှင်းနည်းမျိုးဖြစ်ပြီး ဒေသတွင်း ပြည်သူများအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနှင့် ကျန်းမာရေးအထောက်အပံ့များ ဆောင်ကြဉ်းပေးနိုင်ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး မဟာဗျူဟာများနှင့်အတူ ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲခြင်း နည်းလမ်းများကို အတူတကွဆောင်ရွက်သင့်ကြောင်း။

**ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်**

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်မှ ၅၀ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့မှ ၅၀ ရာခိုင်နှုန်း ထုတ်လုပ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ ၅၅ ရာခိုင်နှုန်းကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ ဖြန့်ဖြူးပေးနိုင်ရေး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ LNG မှ လျှပ်စစ်ဓာတ်အား 3000 MW ပိုမိုထုတ်လုပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် လုပ်ကိုင်ခွင့်များ စတင်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် LNG ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှ စတင်အသုံးပြုခဲ့ပါကြောင်း၊ 40 MW Solar Plant (မင်းဘူး) အား ၂၀၁၉ ခုနှစ်တွင် စတင်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ မိမိတို့နိုင်ငံ၏ ပထဝီအနေအထား အားသာမှုအပေါ် အခြေခံကာ နိုင်ငံအတွင်း နေရောင်ခြည်ကောင်းစွာရရှိနိုင်မည့် နေရာ ၃၀ တွင် စုစုပေါင်း 1000 MW ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တပ်ဆင်အင်အား၏ ၁၄ ရာခိုင်နှုန်းကို ပြန်ပြည့်မြဲစွမ်းအင်မှပါဝင်ရေး ဦးတည်ရည်မှန်းဆောင်ရွက်နေကြောင်း၊ ထို့အပြင် လျှပ်စစ်ဓာတ်အား အပြန်အလှန် ရောင်းဝယ်နိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းသွယ်တန်းရေး အိမ်နီးချင်းနိုင်ငံများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် နိုင်ငံတကာ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ပါကြောင်း ဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး Dr. Tan See Leng နှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် bilateral တွေ့ဆုံဆွေးနွေးသည်။

**ပံ့ပိုးကူညီပေးရေး**

ဆွေးနွေးပွဲတွင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ လက်ရှိနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကူညီပံ့ပိုးပေးရေးအတွက် Energy Policy Program တွင် ပူးပေါင်းဆောင်ရွက်ပေးမှု၊ နယ်စပ်ဖြတ်ကျော် ဓာတ်အား ဝယ်ယူဖြန့်ဖြူးရောင်းချရေး စီစဉ်ဆောင်ရွက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍစီမံကိန်းများတွင် စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ပံ့ပိုးကူညီပေးမည့်အခြေအနေနှင့် ASEAN Plan of Action for Energy Cooperation (APAEC) Phase-2 (2021-2025) အတည်ပြုနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီပေးရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အလှူငွေများ၊ CCTV များနှင့် Surgical Mask များ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသည့် ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကုမ္ပဏီများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အလှူငွေများ၊ CCTV များနှင့် Surgical Mask များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ကျေးဇူးတင်စကားပြော**

ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးတို့က လှူဒါန်းရခြင်းအကြောင်းရှင်းလင်းပြောကြားပြီးဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်းထံ အလှူရှင် ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Myanmar Posco C&C Co., Ltd၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် Knitted Wear Co., Ltd၊ Digital Technology Co., Ltd နှင့် Sun Grow Power Supply Co.,Ltd တို့မှ တာဝန်ရှိသူများက အလှူငွေများ၊ CCTV များနှင့် Surgical Mask များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

**လှူဒါန်းခဲ့ခြင်းဖြစ်**

ယနေ့ လှူဒါန်းပွဲတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Myanmar Posco C&C Co., Ltd မှ အမေရိကန် ဒေါ်လာ ၅၀၀၀၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် Knitted Wear Co., Ltd က အမေရိကန်ဒေါ်လာ နှစ်သောင်းကျော်နှင့် ညီမျှသော Surgical Mask အခု ၁၅၀၀၀၀၊ Digital Technology Co., Ltd က အမေရိကန်ဒေါ်လာ တစ်သောင်းကျော်နှင့် ညီမျှ




သော CCTV များနှင့် စပ်ဆက်ပစ္စည်းများနှင့် Sun Grow Power Supply Co.,Ltd မှ ငွေကျပ်သိန်း ၃၀ နှင့် ညီမျှသော Surgical Mask အခု ၅၀၀၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

❖ **ကျောက်ဖြူမှ**

မတွေ့ရှိဘဲ ပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် မိမိနေအိမ်တွင် (Stay at Home) ခုနစ်ရက် အသွားအလာကန့်သတ်ကာ သီးသန့်နေထိုင်ရမည်ဖြစ်သည်။

၎င်းတို့အား ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာကြရန် သမားတော်နှင့် တာဝန်ကျသူနာပြု ဆရာမများက မှာကြားပြီး ဆေးရုံဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် ၎င်းတို့အား မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ကျောက်ဖြူမြို့တွင် ဩဂုတ် ၂၅ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အမျိုးသား ၁၅၉ ဦး၊ အမျိုးသမီး ၁၇၈ ဦး စုစုပေါင်း ၃၃၇ ဦးအထိရှိရာ ယနေ့တွင် ရောဂါပျောက်ကင်းသူ ရှစ်ဦး ထပ်မံဆေးရုံဆင်းခွင့်ပြုခဲ့ပြီး ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း ၃၂၀ အထိ ရှိပြီဖြစ်ကြောင်းနှင့် ဆေးရုံတွင် ၁၇ ဦး ဆေးကုသမှုခံယူလျက်ရှိကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရဲလွင်မောင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID– 19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက(၂၉–၃–၂၀၂၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel)၏ သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁–၁၀–၂၀၂၀)ရက်နေ့ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်ရေးနှင့် နိုင်ငံတော်နှင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ အမှန်တကယ် လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်ရေးကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညှိနှိုင်းမှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် Temporary Measures သက်ရောက်မှုကာလကို(၃၀–၁၁–၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာပစ္စည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှတစ်ဆင့် Myanmar C.P Livestock ကုမ္ပဏီက ရခိုင်ပြည်နယ် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)မှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူများအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အွန်လိုင်းဖြင့် ကျင်းပသည်။




အခမ်းအနားသို့ UEHRD ကော်မတီဝင်များဖြစ်ကြသော ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ သတင်းနှင့်ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဦးကျော်မြိုင်၊ စီမံခန့်ခွဲမှု အရာရှိချုပ် ဦးညီငြိမ်းအေး၊ ရခိုင်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်အေးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ကိုကိုနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitree–phithak၊ Myanmar C.P Livestock ကုမ္ပဏီ၏ အကြီးတန်း ဒုတိယဥက္ကဋ္ဌ Mr. Prachya Pleanpakdee ၊ UEHRD လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ We Love Rakhine မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak က လှူဒါန်းရသည့်အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး UEHRD ကော်မတီညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် Myanmar C.P Livestock ကုမ္ပဏီ၏ အကြီးတန်း ဒုတိယဥက္ကဋ္ဌတို့က ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူများအတွက် အမေရိကန်ဒေါ်လာ ၃၃၀၀၀ တန်ဖိုးရှိ ပါးစပ်နှင့် နှာခေါင်းစည်း သုံးသိန်းနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၀ တို့ကို UEHRD ကော်မတီမှတစ်ဆင့် We Love Rakhine အဖွဲ့အစည်းသို့ လှူဒါန်းပေးအပ်သည်။

ယနေ့လှူဒါန်းသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာပစ္စည်းများကို ရခိုင်ပြည်နယ်သို့ အမြန်ဆုံး ရောက်ရှိသွားအောင် We Love Rakhine အဖွဲ့က စီစဉ်ဆောင်ရွက်နေပြီး UEHRD ကော်မတီကလည်း လိုအပ်သည်များ ညှိနှိုင်းကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့၌ ဖျားနာကုဆေးခန်း စတင်ဖွင့်လှစ် ရက်သတ္တတစ်ပတ်တွင် သုံးရက်ဖြင့် ဝန်ဆောင်မှုပေးသွားမည်

**မိုးညှင်း အောက်တိုဘာ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ယနေ့နံနက် ၉ နာရီကဖျားနာကုဆေးခန်း(Fever Clinic)ကို မိုးညှင်းခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မနောချို စုကြေးအဖွဲ့၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလာမာမီးက အဖွင့်အမှာစကားပြောကြားပြီး အဆိုပါ ဖျားနာကုဆေးခန်းတွင် တာဝန်ခံ ကြီးကြပ်ဆောင်ရွက်ပေးမည့် ကလေးအထူးကုဆရာဝန် ဒေါက်တာကျော်လှိုင်ထွေးက ယခုဖွင့်လှစ်မည့်ဆေးခန်းသည် ကိုဗစ်–၁၉ ရောဂါ သံသယလူနာများ အပါအဝင် ဖျားနာနေသူများကိုစနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်ဆေးခန်းဖြစ်ပြီး မည်သူမဆို အသက်အရွယ် ကျား/မ မရွေး လာရောက်ကုသမှု ခံယူနိုင်ပါကြောင်း၊ အဓိကအားဖြင့် ကိုဗစ်–၁၉ ရောဂါ သံသယလူနာများ ဆေးရုံကြီးအတွင်း ဝင်ရောက်မှု နည်းနိုင်သမျှနည်းပါးစေရန် ယခုလို ဆေးခန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆေးခန်းဆောက်လုပ်ခြင်းအတွက် မတည်ငွေကျပ်သိန်း ၁၀၀ စိုက်ထုတ်လှူဒါန်းပေးခဲ့သည့် မနောချိုစုကြေးအဖွဲ့မှ တာဝန်ရှိသူများက အဆောက်အအုံပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလာမာမီးထံ ပေးအပ်ကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် ဖျားနာကုဆေးခန်းကို ရက်သတ္တတစ်ပတ်လျှင် သုံးရက်ဖြင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နေ့များတွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလာမာမီးနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်ထွေး(ပြန်/ဆက်)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ဆက်လက်ရောက်ရှိ




**ရန်ကုန် အောက်တိုဘာ ၂၆**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံ တာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်– ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိကြသည်။

**အသီးသီးရောက်ရှိ**

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ် ခြောက်ခေါက်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ် ငါးခေါက် အသီးသီးရောက်ရှိကြသည်။

အထောက်အကူပစ္စည်းများမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စစ်ဆေးစဉ်။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၈ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၆ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နတ်စင်ကျေးရွာနေ ရွှေဒေါင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ နတ်စင်ကျေးရွာနေ ရွှေဒေါင်း(၃၅)နှစ်၊ (ဘ)ဦးမောင်သန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ သန်းနိုင်(၃၆)နှစ်၊ (ဘ)ဦးအောင်ညွန့်၊ တုံးပုကျေးရွာနေ ကျော်သူ(၃၃)နှစ်၊ (ဘ)ဦးအုန်းရွှေတို့(၃)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ)၁၈၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မိုးလင်းကျေးရွာ၊ ငွန်ဖူးရွှေမှော်တွင် မူးယစ်ဆေးဝါးများ အကြီးအကျယ် သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ မိုးလင်းကျေးရွာ၊ ငွန်ဖူးရွှေမှော်၌ ၎င်းကျေးရွာနေ အောင်နိုင်ထွန်း (၂၄)နှစ်၊ (ဘ)ဦးဝင်းဖေနှင့် ဝင်းမြင့် (၄၆)နှစ်၊ (ဘ) ဦးခိုင်တို့ (၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်း)မယ(ပ)၆၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဟင်သော်ကျေးရွာနေ ရာဇာအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁၀-၂၀၂၀ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ ဘီလူး(ခ) အောင်ဇော်မိုး(၄၅)နှစ်၊ (ဘ) ဦးညိုလေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ)မယ(ပ)၁၆/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းမြို့နယ် ဟင်သော်ကျေးရွာ လမ်းမပေါ်၌ ၎င်းကျေးရွာနေ ရာဇာအောင်(၄၂)နှစ်၊ (ဘ)ဦးညွန့်အောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကန့်ဘလူ)မယ(ပ)၁၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၀)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃၄)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၈-၁၀-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းမပေါ်၌ မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်နေ သူရဝင်း(၃၅)နှစ်၊ (ဘ)ဦးခင်မောင်ဝင်း စီးနင်းလာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်)မယ(ပ)၅၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ဆက်လက်၍ အဆိုပါလမ်းမပေါ်၌ ၎င်းမြို့နယ် ကော့ခိုက်ကျေးရွာနေ ကျော်လင်း(၂၆)နှစ်၊ (ဘ)ဦးမြင့်စိုးနှင့် မြို့မ(၄)ရပ်ကွက်နေ ကိုကို(၁၆)နှစ်၊ (ဘ) ဦးမိုးကျော်သူတို့(၂)ဦးစီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ)၅၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ယာ(၁)၊ (A) ဆောင်၊ အခန်းအမှတ် (၃၁၉)တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၀-၂၀၂၀ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ယာ(၁)၊ (A) ဆောင်၊ အခန်းအမှတ်(၃၁၉)နေ ဝေဖြိုးဇင် (၂၅)နှစ်၊ (ဘ)ဦးသောင်းအေးနှင့် ဇနီး မရွှေယမင်း(၂၉)နှစ်၊ (ဘ)ဦးပေါက်စတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ အစ်ကိုဖြစ်သူ သောင်းထိုက်ဦး(၃၆)နှစ်၊ (ဘ)ဦးသောင်းအေး၊ ကျော်လင်းထွန်း (၂၀)နှစ်၊ (ဘ)ဦးကျော်ကျော်ခိုင်၊ အောင်ကျော်ထက်(၂၁)နှစ်၊ (ဘ)ဦးမြင့်ရွှေတို့(၃)ဦးအား အတူတွေ့ရှိပြီး WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၅)ဦးအား နမစ (ဘုရင့်နောင်) မယ(ပ)၂၉/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၃)ရပ်ကွက်နေ ရွှေအိုးစည်၊ သန့်ဇင်ထက်နှင့် အန်းကုန်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၂၀ ရက်နေ့တွင် သာကေတမြို့နယ်၊ ၁၀/တောင် (၁၃)ရပ်ကွက်နေ ရွှေအိုးစည်(ခ)ဇော်မိုးဝင်း(၂၉)နှစ်၊ (ဘ) ဦးမြင့်လွင်၊ သန့်ဇင်ထွန်း(ခ) သန့်ဇင်ထက်(၂၃)နှစ်၊ (ဘ) ဦးမျိုးမင်းထွန်း၊ အန်းကုန်း(ခ)ပြည့်စုံထွန်း(၂၂)နှစ်၊ (ဘ) ဦးမျိုးမင်းထွန်းတို့နေထိုင်သည့် နေအိမ်အခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၃)ဦးမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ၎င်းတို့နှင့်အတူနေ ရွှေအိုးစည်(ခ)ဇော်မိုးဝင်း၏ ဇနီးဖြစ်သူ မဝင်းသူဇာ (၂၁)နှစ်၊ (ဘ)ဦးမြင့်ထွေး၊ မသင်းခိုင်(ခ)မိသင်း(၄၅)နှစ်၊ (ဘ) ဦးသိန်းကျော်နှင့် တစ်ရပ်ကွက်တည်းနေ အဆိုပါနေအိမ်တွင် ရောက်ရှိနေကြသော မျိုးဇော်(ခ) မျိုးဇော်ဇော်(၂၆)နှစ်၊ (ဘ)ဦးမျိုးမြင့်၊ အေးပိုင်(၂၄)နှစ်၊ (ဘ)ဦးမြင့်လွင်နှင့် မြတ်မင်းဦး (ခ)အောင်မြင့်ဦး(၂၇)နှစ်၊ (ဘ)ဦးတင်ဦးတို့(၅)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သာကေတ)မယ(ပ) ၄၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၈)ရပ်ကွက်နေ အသေးလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ အမှတ်(၈၈)ရပ်ကွက်နေ မမြင့်မြင့်မော်(ခ) မြတ်မြတ်မော် (ခ)အသေးလေး(၂၉)နှစ်၊ (ဘ)ဦးအောင်ခင်မှ မမစ(ဒဂုံဆိပ်ကမ်း) မယ(ပ)၃၈/၂၀၂၀၊ မူးယစ်ဆေးဝါးအမှုဖြင့် အချုပ်ကျနေသူ ၎င်း၏ခင်ပွန်းဖြစ်သူ စိုးသူ (၂၇)နှစ်၊ (ဘ) ဦးစိုးလွင်ထံသို့ ထောင်ဝင်စာပစ္စည်းလာပို့စဉ် ပေးပို့သည့် ဆေးပေါ့လိပ်များအတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများအား သိမ်းဆည်းရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဒဂုံဆိပ်ကမ်း)မယ(ပ) ၄၇/ ၂၀၂၀၊ မူးစိတ်ပုဒ်မ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၅)အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၉)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၀)ဦး၊ မ(၅)ဦး၊ ပေါင်း(၂၅)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၀-၁၀-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ ရပ်ကွက်(၅)နေ မျိုးမင်း (ခ)မိုင်းရှူး(ခ)သားကြီး(၂၇)နှစ်၊ (ဘ) ဦးစန်းလွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး)မယ(ပ) ၁၅၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ရွှေကျောင်းရပ်ကွက်နေ ကိုထိုက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၂၀ ရက်နေ့တွင် သီပေါမြို့နယ်၊ ရွှေကျောင်းရပ်ကွက်နေ နေမင်းထက်(ခ) ကိုထက်(ခ) ကိုထိုက် (၄၀) နှစ်၊ (ဘ)ဦးတင်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ)မယ(ပ)၇၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၄-၁၀-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၃၈၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၇၆၉)ဦး၊ မ (၃၅၅)ဦး၊ ပေါင်း(၂၁၂၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၄၇၄.၁၅၀၄)ဂရမ်၊ ICE (၁၄၈၉.၄၂) ဂရမ်၊ ဘိန်း(၄၇၉၃၄.၁၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၀၁.၇၄) ဂရမ်၊ ဘိန်းစာရွက်(၅၄၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၈၄၀၄၇)ပြား၊ ဆေးခြောက် (၁၄၈၇၁.၈၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၈)လက်၊ ကျည်မျိုးစုံ(၆၆၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ် ရန်ပုံငွေထုတ်ချေး

ကျိုက်ထို အောက်တိုဘာ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ချေးငွေများအား ပျဉ်းကတိုးကုန်းကျေးရွာ၊ အဘိုင်းကျေးရွာ၊ ခလွန်ကျေးရွာ၊ ကမ်းနီကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ ကော့ဘိန်းကျေးရွာ၊ လှည်းလမ်းကူးကျေးရွာ၊ ကဒိုင်ဒွတ်ကျေးရွာ၊ ကျွန်းတောကျေးရွာ၊ မဲရုံးလေးကျေးရွာ၊ ကွင်းကလေးကျေးရွာ၊ သုံးအိမ်စုကျေးရွာ၊ ချောင်းဝကျေးရွာနှင့် ဝင်းကလောကျေးရွာတို့တွင် အောက်တိုဘာလ တတိယပတ်တွင် ပြန်လည်ထုတ်ချေးပေးခဲ့သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို ပြန်လည်ထုတ်ချေးရာတွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်းဖြစ်၍ ကျန်းမာရေးအသိပညာပေးညွှန်ကြားချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ပြီး ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက အိမ်တိုင်ရာရောက် ပြန်လည်ထုတ်ချေးပေးခြင်းကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

# အီဂျစ်သမ္မတက နိုင်ငံတစ်ဝန်း ထုတ်ပြန်ကြေညာထားသည့် အရေးပေါ်အခြေအနေအား သက်တမ်းသုံးလ ထပ်တိုး

**ကိုင်ရို အောက်တိုဘာ ၂၆**

အီဂျစ်သမ္မတ အဗ္ဗဒယ်လ်ဖာတအယ်လ်စီစီသည် နိုင်ငံတော်လုံခြုံရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပြန်ကြေညာထားသည့် အရေးပေါ်အခြေအနေကို ယနေ့မှစ၍ သက်တမ်းသုံးလထပ်တိုးရန် အမိန့်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း နိုင်ငံပိုင် အာဟရမ် သတင်းစာက ဖော်ပြထားသည်။

တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားများနှင့် ၎င်းတို့၏ ငွေကြေးရှာဖွေမှုနည်းလမ်း တိုက်ဖျက်ရေး၊ နိုင်ငံအတွင်း လုံခြုံမှုထိန်းသိမ်းရေး၊ အစိုးရနှင့် ပုဂ္ဂလိကပိုင်စည်းစိမ်ဥစ္စာများနှင့် ပြည်သူများ၏ အသက်အိုးအိမ်ကာကွယ်စောင့်ရှောက်ရေးတို့အတွက် လိုအပ်သောတာဝန်ဝတ္တရားများကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမိန့်စာတွင် ဖော်ပြထားသည်။

အီဂျစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်အခြေအနေအား သက်တမ်းထပ်တိုးရန် သမ္မတ၏ ဆုံးဖြတ်ချက်ကို ပါလီမန်က အတည်ပြုထောက်ခံရန် လိုအပ်သောကြောင့် ပါလီမန်သို့ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

သမ္မတအယ်လ်စီစီသည် ၂၀၁၇ ခုနှစ်က နိုင်ငံ၏မြောက်ဘက် ဂါဘီယာပြည်နယ်နှင့် အလက်ဇန္ဒရီးယားပြည်နယ်များရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း နှစ်ကျောင်း၌ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သုံးလကြာ အရေးပေါ်အခြေအနေကို ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်း အရေးပေါ်အခြေအနေကို ဒေသအတွင်း အခြေအနေအပေါ်မူတည်၍ သက်တမ်းထပ်တိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံသည် အကြမ်းဖက်လှုပ်ရှားမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပြီး ယင်းအကြမ်းဖက်လှုပ်ရှားမှုများကြောင့် ၂၀၁၃ ခုနှစ်ကတည်းက တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ ရာနှင့်ချီအသက်ဆုံးရှုံးခဲ့သည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုအများစုမှာ ဆိုင်းနိုင်းကျွန်းဆွယ်အခြေစိုက် ဒေသဆိုင်ရာ အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အီဂျစ်အစိုးရသည် ယင်း စစ်သွေးကြွအုပ်စုကို အမြစ်ပြတ်ချေမှုန်းရန် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကတည်းက



ထိုးစစ်ဆင်မှု အကြီးအကျယ်လုပ်ဆောင်လာခဲ့ရာ စစ်သွေးကြွအုပ်စုဝင် ၁၀၀၀ ထက်မနည်း အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**




# မလေးရှားနိုင်ငံက အေပက်ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်

**ကွာလာလမ်ပူ အောက်တိုဘာ ၂၆**

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် ထိပ်သီးအစည်းအဝေးကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် နိုဝင်ဘာ ၂၀ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်ဟု အိမ်ရှင် မလေးရှားနိုင်ငံက ယနေ့ ကြေညာလိုက်သည်။

ကမ္ဘာ့နိုင်ငံ ၂၁ နိုင်ငံမှ ခေါင်းဆောင်များ ကိုယ်တိုင်ကိုယ်ကျတက်ရောက်မည့် အေပက်ထိပ်သီးဆွေးနွေးပွဲကို ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပရန် မူလကစီစဉ်ခဲ့သည်။ မလေးရှားနိုင်ငံက ယခုနှစ် အေပက်ထိပ်သီးဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆုံးဖြတ်ထားကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် မူယက်ဒင်ယာဆင်က သဘာပတိအဖြစ် ဆောင်ရွက်မည့် အေပက်ထိပ်သီးဆွေးနွေးပွဲ၌ ခေါင်းဆောင်များက အာရှ-ပစိဖိတ်ဒေသအတွက် ၂၀၂၀ ပြည့်နှစ်အလွန် မျှော်မှန်းချက်တစ်ရပ် စတင်မည်ဟု မျှော်လင့်ရသည်။

၂၀၁၀ ပြည့်နှစ်တွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၊ ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လွတ်လပ်ပွင့်လင်းသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အောင်မြင်လာစေရန် ၁၉၉၄ ခုနှစ်တွင် အေပက်ခေါင်းဆောင်များ သဘောတူခဲ့သည့် ဘိုဂေါ်ရည်မှန်းချက်များနေရာတွင် ယခုမျှော်မှန်းချက် အစားထိုးမည်ဖြစ်သည်။ ယမန်နှစ် အေပက်ထိပ်သီးညီလာခံကို ထိုအချိန်က အိမ်ရှင်ဖြစ်သည့် ချီလီနိုင်ငံ၌ ဆူပူမှုများဖြစ်ပွားခြင်းကြောင့် ဖျက်သိမ်းခဲ့ရသည်။

အေပက်အဖွဲ့ကို ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ တရုတ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပါပူအာနယူးဂီနီ၊ ပီရူး၊ ဖိလစ်ပိုင်၊ ရုရှား၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည်။

**ကိုးကား – ကျိုဒိုနယူးစ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၃၃၈၅၅၁၄ | ဦး |
| သေဆုံးသူ | ၁၁၅၉၇၂၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၁၉၂၁၂၂၁ | ဦး |

# အစ္စရေးနိုင်ငံက ဗိုင်းရပ်စ်ကာကွယ်ဆေးအား လူသားဖြင့် စမ်းသပ်မှု မကြာမီ စတင်မည်

**ဂျေရုဆလင် အောက်တိုဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဟယ်ဆင်ကီးကော်မတီထံမှ လိုအပ်သောအတည်ပြုချက်များအားလုံး ရရှိပြီးပါက အစ္စရေး ဇီဝသုတေသနအင်စတီကျု (IIBR) က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Brilife ကို နိုဝင်ဘာ ၁ ရက်မှစ၍ လူသားဖြင့် လက်တွေ့စမ်းသပ်မှုများ စတင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

လက်တွေ့စမ်းသပ်မှုတွင်ပါဝင်သည့် စေတနာ့ဝန်ထမ်းများ၏ အခွင့်အရေးများရရှိစေရန်နှင့် လမ်းညွှန်ချက်များ၊ ကျင့်ဝတ်များ၊ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်တွေ့စမ်းသပ်မှုလုပ်ဆောင်ရန် ဟယ်ဆင်ကီးကော်မတီကို လုပ်ပိုင်ခွင့်အပ်နှင်းထားသည်။ စေတနာ့ဝန်ထမ်း ၃၀၀၀၀ ကျော် ပါဝင်သောအဆင့်သုံးဆင့်ပါ လူသားဖြင့် လက်တွေ့စမ်းသပ်မှုသည် ၂၀၂၁ ခုနှစ် နှစ်လယ်အထိ ကြာမြင့်ဖွယ်ရှိပြီး စမ်းသပ်မှုအဆင်ပြေပါက ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်မှုစတင်နိုင်မည်ဖြစ်သည်။

အစ္စရေး ဇီဝသုတေသနအင်စတီကျုက သုတေသီများ၏ ကျေးဇူးကြောင့် အစ္စရေးပြည်သူများအတွက် မျှော်လင့်စရာ နေ့ရက်တစ်ခုဖြစ်ကြောင်း၊ ယနေ့အချိန်တွင် အစ္စရေးနိုင်ငံက ဗိုင်းရပ်စ်ကာကွယ်ဆေး နောက်တစ်ဆင့် စမ်းသပ်မှုစတင်တော့မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဘန်နီဂန့်ဇ်က ပြောသည်။

လူသားဖြင့် စမ်းသပ်မှုပထမအဆင့်တွင် အသက် ၁၈ နှစ်နှင့် ၅၅ နှစ်ကြား ကျန်းမာရေးကောင်းမွန်သူ ၈၀ ပါဝင်မှုဖြင့် ဘေးအန္တရာယ်ကင်းမှု စမ်းသပ်မှုများ စောင့်ကြည့်ရေးလုပ်ဆောင်မည်ဖြစ်သည်။

လက်တွေ့စမ်းသပ်မှုကို နိုဝင်ဘာလ ၁ ရက်တွင် စတင်မည်ဖြစ်ပြီး တုံ့ပြန်မှုများအပေါ်မူတည်၍ ဗိုင်းရပ်စ်ကာကွယ်ဆေးကို စေတနာ့ဝန်ထမ်း ၈၀ အား ထိုးပေးပြီး သုံးပတ်ကြာ စောင့်ကြည့်မည်ဖြစ်သည်။ ဒီဇင်ဘာလတွင်ပြုလုပ်မည့် ဒုတိယအဆင့်စမ်းသပ်မှုတွင် အသက် ၁၈ နှစ်အရွယ် ကျန်းမာရေးကောင်းမွန်သူ စေတနာ့ဝန်ထမ်း ၉၆၀ ပါဝင်မည်ဖြစ်ပြီး ဗိုင်းရပ်စ်ကာကွယ်ဆေး၏ ကြိုတင်ကာကွယ်မှုနှင့် ထိရောက်မှုကို လေ့လာမည်ဖြစ်သည်။ တတိယအဆင့်တွင် စေတနာ့ဝန်ထမ်း ၃၀၀၀၀ ပါဝင်မှုဖြင့် ဗိုင်းရပ်စ်ကာကွယ်ဆေး၏ ထိရောက်မှုကို စမ်းသပ်ရန် ပမာဏကြီးမားစွာ စမ်းသပ်မှုလုပ်ဆောင်မည်ဖြစ်သည်။

တတိယအဆင့်နှင့် အပြီးသတ်အဆင့် စမ်းသပ်မှုများကို ၂၀၂၁ ခုနှစ် ဧပြီ သို့မဟုတ် မေလတွင်စတင်ရန် စီစဉ်ထားပြီး စမ်းသပ်မှုများ အောင်မြင်ပါက ဗိုင်းရပ်စ်ကာကွယ်ဆေးများ အစုလိုက်အပြုံလိုက် အသုံးပြုနိုင်ရန် အတည်ပြုမည်ဖြစ်သည်။

**ကိုးကား – ပီတီအိုင်၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# ဖိလစ်ပိုင်၌ မိုလာ့ဗ်တိုင်ဖုန်းမုန်တိုင်းကြောင့် ၁၃ ဦးပျောက်ဆုံး

**မနီလာ အောက်တိုဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံအတွင်း အောက်တိုဘာ ၂၅ ရက် ညနေပိုင်းက မိုလာ့ဗ်အမည်ရှိ တိုင်ဖုန်းမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုများ၊ နေအိမ်များ ထိခိုက်ပျက်စီးမှုများနှင့် သစ်ပင်လဲကျမှုများ ဖြစ်ပွားခဲ့ရာ လူ ၁၃ ဦး ပျောက်ဆုံးသွားကြောင်း ဖိလစ်ပိုင်အမျိုးသား သဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ယနေ့ပြောကြားသည်။



တိုင်ဖုန်းမုန်တိုင်းကြောင့် ဘီကောလ်ပြည်နယ် ကာတာဒွန်းစ်ကျွန်းမှ ရေလုပ်သား ၁၂ ဦး ပျောက်ဆုံးသွားကြောင်း အမျိုးသား သဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ မာ့ခ်တိမ်ဘာလ်က ပြောကြားသည်။

ထို့အပြင် အဆိုပါ မုန်တိုင်းကြောင့် ဘာတန်ဂါ့စ်ပြည်နယ် ဘာဝန်မြို့တွင် ရွက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ လူတစ်ဦး ပျောက်ဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ပြောကြားသည်။ တိုင်ဖွန်းမိုလာ့ဗ်သည် ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၏ တောင်ဘက် ဘီကောလ်ပြည်နယ် တာဘာကိုမြို့တွင် အောက်တိုဘာ ၂၅ ရက် ညနေပိုင်းက ပထမအကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

တစ်နာရီလျှင် ၁၂၅ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်သည့် အဆိုပါ မုန်တိုင်းကြောင့် လက်ရှိအချိန်အထိ သေဆုံးဒဏ်ရာရရှိမှုသတင်းမရှိသေးကြောင်း၊ သို့သော် မနီလာမြို့ တောင်ဘက်ရှိ ပြည်နယ်လေးခုနှင့် နိုင်ငံ၏ မြောက်ဘက် ကော်ဒီလာရာအုပ်ချုပ်ရေးဒေသတွင် နေထိုင်သော မိသားစု ၄၃၁၆ စုမှာ မုန်တိုင်းဒဏ်ခံခဲ့ရကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အစိုးရက တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်နိုင်ဖွယ်ရှိသည့် ဒေသများရှိ ပြည်သူများအား မုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်သဘာဝဘေးနှင့် ပတ်သက်၍ သတိဝီရိယရှိရှိဖြင့် နေထိုင်ကြရန် သတိပေးထားသည်။

ဖိလစ်ပိုင်မိုးလေဝသနှင့် ဇလဗေဒဌာနခွဲ၏ ခန့်မှန်းချက်အရ တိုင်ဖုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြို့တော်မနီလာ အပါအဝင် ပြည်နယ်နှင့် ဒေသအများအပြားတွင် မိုးဆက်လက်ရွာသွန်းမည်ဖြစ်ကြောင်း သိရသည်။ မိုလာ့ဗ်တိုင်ဖုန်းမုန်တိုင်းသည် ယခုနှစ် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဖိလစ်ပိုင်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခတ်သည့် ၁၇ ခုမြောက် တိုင်ဖုန်းမုန်တိုင်း သို့မဟုတ် အပူပိုင်းမုန်တိုင်းဖြစ်သည်။

တိုင်ဖုန်းမိုလာ့ဗ်သည် တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့ ဦးတည်တိုက်ခတ်ခဲ့ပြီး အောက်တိုဘာ ၂၇ ရက် အစောပိုင်းတွင် တောင်တရုတ်ပင်လယ်သို့ ဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

ကြေးမုံ

အောက်တိုဘာ ၂၇၊ ၂၀၂၀



## ပြည်တွင်းမူဝါဒအသစ်များ ထပ်မံချမှတ်ပြီး နိုင်ငံခြားရေးမူဝါဒတွင် ဝန်ကြီးချုပ်ဟောင်း၏ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်မည်ဟု ဂျပန်ဝန်ကြီးချုပ် ဆူဂါ ပြောကြား

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်ဝန်ကြီးချုပ် ဆူဂါက ၎င်းအနေဖြင့် ပြည်တွင်း မူဝါဒများတွင် ထပ်ပိုးမြှင့်တင်မည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်သော်လည်း နိုင်ငံခြားရေးမူဝါဒတွင် ယခင် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည့် မူဝါဒရေးရာချပြမှုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်တွင်းစီးပွားရေးတွင် စိုက်ပျိုးရေး ကဏ္ဍပြုပြင်ပြောင်းလဲမှုနှင့် ခရီးသွားလုပ်ငန်းတို့ ပေါင်းစပ်ဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ်လိုက်ဖေးရှင်း တိုးတက်မှုဆောင်ရွက်ရေး၊ ကလေးမွေးဖွားနှုန်းလျော့ကျနေမှု ဖြေရှင်းနိုင်ရေးအတွက် မိခင်လောင်းများအားလုံးကို ကျန်းမာရေးအာမခံပေးရေးတို့အား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

**မူဝါဒသစ်များ ပြဋ္ဌာန်းမည်**

နိုင်ငံခြားရေးမူဝါဒတွင် ဝန်ကြီးချုပ်ဟောင်း အာဘေး၏ လမ်းစဉ်အတိုင်းဆောင်ရွက်မည်ဖြစ်ပြီး အာရှနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ ရုရှားနိုင်ငံတို့နှင့် ဆက်ဆံရေးတွင် ယခင်အတိုင်း အပြောင်းအလဲမရှိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းဆိုခဲ့သော်လည်း စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအတွက်လည်း မူဝါဒသစ်များ ထပ်မံပြဋ္ဌာန်းမည်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-မေလဲ့သင်း**

■

## ပြင်သစ်နိုင်ငံထုတ်ပစ္စည်းများအား သပိတ်မှောက်ခြင်းမှတားဆီးရန် အာရပ်နိုင်ငံများကို ပြင်သစ်တိုက်တွန်း

**ပါရီ အောက်တိုဘာ ၂၆**

ကာတွန်းလှောင်လပ်စွာရေးဆွဲခွင့် အခွင့်အရေးနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည့် ပြင်သစ်သမ္မတ မက်ခရွန်၏ မှတ်ချက်စကားကြောင့် အာရပ်နိုင်ငံများက ပြင်သစ်နိုင်ငံထုတ်ကုန်များကို သပိတ်မှောက်ခဲ့ခြင်းအား တားဆီးပေးရန် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အာရပ်နိုင်ငံများသို့ တောင်းဆိုခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးက “ ဒီလို အခြေအမြစ်မရှိတဲ့ သပိတ်မှောက်မှုတွေက အစွန်းရောက်သမားတွေရဲ့ စေ့စော်မှုကြောင့် ဖြစ်လာရတာ” ဟု ပြောကြားခဲ့သည်။

ကူဝိတ်၊ ဂျော်ဒန်၊ ကာတာတို့ရှိ ဆိုင်များ၌ ပြင်သစ်နိုင်ငံထုတ်ကုန်များကို ဖယ်ရှားခဲ့ကြသလို လစ်ဗျား၊ ဆီးရီးယားနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌လည်း ပြင်သစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ဖြစ်ပေါ်နေသည်။ ပရောဖက်မိုဟာမက်ပုံကို ပြသခဲ့မှုကြောင့် ပြင်သစ်ကျောင်းဆရာ ဆင်မြူရယ်ပတ်တေးအသတ်ခံခဲ့ရပြီးနောက် ပြင်သစ်သမ္မတ မက်ခရွန်က “ အစ္စလာမ္မစ်တွေက မိမိတို့အခွင့်အရေးကို တားဆီးချင်နေကြောင်း ” မှတ်ချက်ပြုခဲ့ရာ အရှေ့အလယ်ပိုင်းနိုင်ငံများက ဒေါသထွက်ကာ ပြင်သစ်ထုတ်ကုန်များ အားလုံးကို သပိတ်မှောက်ခဲ့ကြခြင်းဖြစ်သည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-မေလဲ့သင်း**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အမျိုးသားရေးအတွက်သာ သီးသန့်သုံးစွဲခြင်း မပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ သတိပေး

**ဘာလင် အောက်တိုဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထွက်ရှိလာချိန်တွင် နိုင်ငံများအနေဖြင့် မိမိနိုင်ငံကိုယ်ကျိုးအတွက် သီးသန့်သုံးစွဲခြင်းမပြုဘဲ တစ်ကမ္ဘာလုံးမျှတစွာသုံးစွဲနိုင်ရေး ဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂီဘရီယီးဆပ်စ်က ယမန်နေ့က ဘာလင်၌ သုံးရက်ကြာပြုလုပ်သည့် ကမ္ဘာ့ကျန်းမာရေးထိပ်သီးညီလာခံ၌ ထည့်သွင်းပြောကြားခဲ့သည်။

“ နိုင်ငံတိုင်းက ကိုယ့်နိုင်ငံသားတွေကိုပဲ ဦးစားပေး ကာကွယ်ချင်ကြတာ သဘာဝပါပဲ၊ ဒါပေမယ့် တကယ်ထိရောက်မှုရှိတဲ့ ကာကွယ်ဆေးရလာရင် အချို့နိုင်ငံသားတွေချည်းပဲ အသုံးပြုခွင့်ရတာထက် အားလုံးခွဲဝေသုံးစွဲဖို့ လိုအပ်ပါတယ်။ ဒါက ကိုဗစ်-၁၉ ရောဂါပြဿနာကို ဖြေရှင်းပေးနိုင်မယ့် တစ်ခုတည်းသောနည်းလမ်းပါ” ဟု ဂီဘရီယီးဆပ်စ်က ထည့်သွင်း ပြောကြားခဲ့သည်။

ကပ်ရောဂါမှ ပြန်လည်နာလန်ထူလာရေးအတွက် တစ်ခုတည်းသောနည်းလမ်းမှာ ဆင်းရဲသောနိုင်ငံများသို့လည်း ဆေးဖြန့်ဖြူးပေးနိုင်ရေးဖြစ်ကြောင်း၊ ကိုယ်ပိုင်ဆေးထုတ်လုပ်နိုင်စွမ်းရှိသည့် ချမ်းသာသောနိုင်ငံများက မိမိတို့ နိုင်ငံအတွက်သာ ဆေးဝါးသုံးစွဲမည်ဆိုပါက ကပ်ရောဂါမှာ ပိုမိုရှည်ကြာနေမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များက ကာကွယ်ဆေးထုတ်လုပ်ရန်အတွက် စမ်းသပ်မှုများ ဆက်တိုက်လုပ်ဆောင်နေပြီး ဒါဇင်ပေါင်းများစွာသောဆေးဝါးများကို စမ်းသပ်နေသော်လည်း အဆင့် ၃ ၏ အမြင့်ဆုံးအဆင့်အထိ တိုးတက်နေသည့်စမ်းသပ်မှုမှာ ၁၀ မျိုးသာရှိကြောင်း သိရသည်။

အီးယူနိုင်ငံများ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုတို့က စမ်းသပ်နေသည့် ဆေးဝါးများကို ကြိုတင်မှာယူမှုများ များပြားနေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကမ္ဘာ့နိုင်ငံသားများအားလုံး ဆေးဝါးညီညီမျှမျှရရှိစေရေးအတွက် ကိုဗစ်အမည်ရ အစီအစဉ်တစ်ခုကို ရေးဆွဲထားပြီးဖြစ်သည်။

အောက်တိုဘာ ၂၅ ရက်တစ်ရက်တည်းတွင် ကမ္ဘာတစ်ဝန်းကူးစက်မှု လေးသိန်းငါးသောင်းကျော်ခဲ့သည့်အတွက် ကမ္ဘာ့နိုင်ငံများအားလုံးကို ကန့်သတ်ချက်များ ဆက်လက်တိုးမြှင့်ထားရန်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ညွှန်ကြားခဲ့သည်။ အဆိုပါကူးစက်မှု၏တစ်ဝက်မှာ ဥရောပနိုင်ငံများမှ ဖြစ်သည်။

**ကိုးကား- စီအင်န်အေ၊ ဘာသာပြန်-မေလဲ့သင်း**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သယ်ယူပို့ဆောင်ရာတွင် ပူးပေါင်းပါဝင်ရန် နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အစည်း တောင်းဆို

**တိုကျို အောက်တိုဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ သယ်ယူပို့ဆောင်နိုင်မည့် လေယာဉ်များ၏ ကုန်တင်စွမ်းရည်ကို မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းပါဝင်ရန် ကမ္ဘာ့အဓိက လေကြောင်းလိုင်းများအား ကိုယ်စားပြုသောအဖွဲ့ဖြစ်သည့် နိုင်ငံတကာလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့(IATA)က တောင်းဆိုလိုက်ကြောင်း သိရသည်။




ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၇ ဒသမ ၈ ဘီလီယံအား လုံလောက်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပေးစွမ်းနိုင်ရေး သယ်ယူပို့ဆောင်ရန် ဘိုရင်း ၇၄၇ ကုန်တင်လေယာဉ် အစင်းရေ ၈၀၀၀ နှင့် ညီမျှသည့် လေယာဉ် အရေအတွက်လိုအပ်မည်ဖြစ်ကြောင်းလည်း နိုင်ငံတကာလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့က ခန့်မှန်းထားသည်။

ခရီးသည်တင်လေယာဉ်များ၏ ၆၀ ရာခိုင်နှုန်းသည်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပြေးဆွဲပျံသန်းရခြင်းမရှိဘဲ မြေပြင်၌သာရှိနေကြောင်း နိုင်ငံတကာလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ကုန်ပစ္စည်းသယ်ယူပို့ဆောင်မည့် လေယာဉ်များ လုပ်ငန်းလည်ပတ်မှု မစတင်မီ လေယာဉ်များအား စမ်းသပ်ပျံသန်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် သီတင်းသုံးပတ်မှ လေးပတ်အထိ လိုအပ်မည်ဖြစ်ကြောင်းလည်း နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အကြီးအကဲ ဂလင်း ဟာ့ဂျ်က ဂျပန်သတင်းဌာန အင်န်အိတ်ချ်ကေနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## စပိန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် နိုင်ငံတစ်ဝန်းအရေးပေါ်အခြေအနေကြေညာခဲ့ပြီး ညမထွက်ရအမိန့်ထုတ်ပြန်



**မက်ဒရစ် အောက်တိုဘာ ၂၆**

စပိန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်နေခြင်းကို ထိန်းချုပ်ရန် ကြိုးပမ်းသည့်အနေဖြင့် နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ညမထွက်ရအမိန့်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ထုတ်ပြန်လိုက်သည့် ညမထွက်ရအမိန့်သည် အောက်တိုဘာ ၂၅ ရက် ညပိုင်းတွင် စတင်ခဲ့ပြီး ည ၁၁ နာရီမှ နံနက် ၆ နာရီအကြားသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း စပိန်နိုင်ငံ ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အစီအမံများအောက်တွင် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ဒေသများအကြား ခရီးသွားလာမှုကိုလည်း ပိတ်ပင်တားမြစ်နိုင်မည်ဖြစ်သည်။ စပိန်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၁၀၃၇၂ ဦးရှိခဲ့ကာ သေဆုံးသူ ၃၄၇၅၂ ဦးအထိ ရှိခဲ့သည်။

စပိန်နိုင်ငံကဲ့သို့ အီတလီနိုင်ငံသည်လည်း အောက်တိုဘာ ၂၅ ရက်တွင် ကန့်သတ်ချက်အသစ်များ ချမှတ်ကြောင်း ထုတ်ပြန်ခဲ့ပြီး ပြင်သစ်နိုင်ငံကလည်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လာခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ အီတလီနိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ကန့်သတ်ချက်များကို တင်းကျပ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါအစီအမံသစ်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အရက်ဆိုင်များ၊ ဘားများ၊ စားသောက်ဆိုင်များနှင့် ရေခဲမုန့်ဆိုင်များကို ညနေ ၆ နာရီမှ စတင်ကာ ပိတ်ရမည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ကွန်တီက အောက်တိုဘာ ၂၅ ရက်တွင် ကြေညာခဲ့သည်။

ပြင်သစ်နိုင်ငံ၌ အောက်တိုဘာ ၂၄ ရက် တစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၅၀၀၀ ရှိခဲ့ပြီး အောက်တိုဘာ ၂၅ ရက်တွင်လည်း တစ်ရက်အတွင်း ကူးစက်ခံရသူ ၅၂၀၁၀ ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ၊ ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ချီလီ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြန်လည်ရေးဆွဲနိုင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်ခဲ့သဖြင့် လူထုအောင်ပွဲခံ

**ဆန်တီယာဂို  အောက်တိုဘာ ၂၆**

ချီလီနိုင်ငံ၌ အာဏာရှင် ဗိုလ်ချုပ်ကြီး ဩဂတ်စတိုပီနိုချက် လက်ထက်က ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား အသစ်ပြန်လည်ရေးဆွဲနိုင်ရန် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်မှုအတွက် ချီလီနိုင်ငံသားများ အကြီးအကျယ်အောင်ပွဲခံခဲ့ကြသည်။

မျှတမှုမရှိဟူသော အကြောင်းပြချက်ဖြင့် လူထုဆန့်ကျင်မှုရှိခဲ့သည့် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ် ပြန်လည်ရေးဆွဲရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့ရာ မဲပေးခွင့်ရှိသူ ၇၈ ရာခိုင်နှုန်း ဝင်ရောက်မဲပေးခဲ့ကြပြီး မဲအရေအတွက် ၉၀ ရာခိုင်နှုန်းနီးပါးဖြင့် အောင်မြင်ခဲ့သည်။ မဲရလဒ်ကောင်းမွန်မည်ကို အစောပိုင်းကပင် မျှော်လင့်ထားပြီးဖြစ်သော်လည်း မြို့တော် ဆန်တီယာဂိုနှင့် အခြားမြို့ကြီး၊ မြို့ငယ်များ၌ပါ လူထုက လမ်းပေါ်ထွက်အောင်ပွဲခံကာ ခေတ်သစ်ဒီမိုကရေစီ၏ အနှစ်သာရကို ချီလီနိုင်ငံသားများ ယခုမှပင် အပြည့်အဝခံစားခွင့် ရရှိတော့မည်ဖြစ်ကြောင်း ကြွေးကြော်ခဲ့ကြသည်။

လွန်ခဲ့သည့်နှစ်ကတည်းက ချီလီ၌ လက်ရှိကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မကျေနပ်မှုကြောင့် လူထုက အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများကို လုပ်ဆောင်နေခဲ့ကြခြင်းဖြစ်သည်။ ဆန္ဒပြသူများက လူမှုအဖွဲ့အစည်းကို မညီမမျှဖြစ်စေသည့် အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး အသစ်ပြန်လည်ရေးဆွဲရန် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

သမ္မတ ဆီဘာစတိန်းပင်နီရာက ရလဒ်ပိုင်းအတွက် ကျေနပ်ကြောင်းနှင့် ငြိမ်းချမ်းစွာမဲပေးခဲ့ကြသည့် ပြည်သူများကိုလည်း ချီးကျူးစကားပြောကြားခဲ့ပြီး "ဖွဲ့စည်းပုံအခြေခံဥပဒေက ကျွန်တော်တို့ကို ပိုင်းခြားထားခဲ့တာပါ။ ဒီနေ့ကစပြီး ကျွန်တော်တို့ အလုပ်တွေအတူလုပ်ကြမယ်၊ ဥပဒေသစ်ဟာ အနာဂတ်မှာ ကျွန်တော်တို့အတွက် စုစည်းမှု၊ အခွန့်ရှည်ကြာတဲ့ တည်မြဲမှုတွေကို ဖော်ဆောင်ပေးမယ့် မူဘောင်ဖြစ်လာပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဧပြီလကတည်းက ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ရောဂါ ပြန့်ပွားနေမှုကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ စီမံရေးအတွက် အဖွဲ့ဝင် ၁၅၅ ဦးကို ၂၀၂၂ ခုနှစ် ဧပြီလတွင် မဲပေးရွေးချယ်မည်ဖြစ်သည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-မေလဲ့သင်း**



အောက်တိုဘာ ၂၅ ရက်က ချီလီပြည်သူများ လမ်းပေါ်ထွက် အောင်ပွဲခံကြစဉ်။

# ဘူလ်ဂေးရီးယားဝန်ကြီးချုပ် ဘိုရီဆော့ဗ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**ဆိုဖီယာ  အောက်တိုဘာ ၂၆**

ဘူလ်ဂေးရီးယားဝန်ကြီးချုပ် ဘိုရီဆော့ဗ်ကၡင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပြီး လက်ရှိတွင်နေအိမ်၌ ကုသမှုခံယူနေကြောင်း အောက်တိုဘာ ၂၅ ရက်တွင် ဖေ့စ်ဘွတ် လူမှုကွန်ရက်၌ ပြောကြားခဲ့သည်။

"စစ်ဆေးမှုနှစ်ကြိမ်ပြုလုပ်တာ ကျွန်တော့်မှာ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ပါတယ်။ ဆရာဝန်တွေရဲ့ ဆုံးဖြတ်ချက်အရ ကျွန်တော် နေအိမ်မှာ ကုသမှုခံယူနေပါတယ်" ဟု ဘိုရီဆော့ဗ်က ဖေ့ဘွတ်၌ ရေးသားခဲ့သည်။ ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နီကိုလေးနန်ကော့ဗ်က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း ပြီးခဲ့သည့်သောကြာနေ့က အတည်ပြုခဲ့သည်။

၎င်းနှင့် အနီးကပ်ထိတွေ့ခဲ့သူများတွင် ဘဏ္ဍာရေးဝန်ကြီး ကီရေးလ်အန်နာနီယက်ဗ်နှင့် စိုက်ပျိုးရေး၊ အစားအစာနှင့် သစ်တောဝန်ကြီး ဒီဆစ်လာဗာတာနီဗာတို့လည်း ပါဝင်သည်။ ဆိုဖီယာမြို့တော် ကျန်းမာရေးအေဂျင်စီ၏ အဆိုအရ ဘိုရီဆော့ဗ်ကို သောကြာနှင့် စနေနေ့က နှစ်ကြိမ်စစ်ဆေးရာတွင် ဗိုင်းရပ်စ် ပိုးမတွေ့ရှိတော့ကြောင်း သိရသည်။ လာမည့်ရက်အတွင်း ပြုလုပ်မည့် အစည်းအဝေးများ၊ အများပြည်သူအခမ်းအနားများကို ရွှေ့ဆိုင်းခဲ့ရကြောင်း ဘိုရီဆော့ဗ်က ပြောကြားခဲ့သည်။

ဘူလ်ဂေးရီးယားနိုင်ငံ၌ လက်ရှိအချိန်ထိ သေဆုံးသူ ၁၀၈၄ ဦး အပါအဝင် ကိုဗစ်-၁၉ ရောဂါ အတည်ပြု ကူးစက်ခံရသူ ၃၇၅၆၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံ၌ လူဦးရေ ငါးသန်းနီးပါးကို အောက်တိုဘာ ၂၇ ရက်တွင် ကိုဗစ်-၁၉ရောဂါ အပြီးသတ်စစ်ဆေးပေးမည်

**ရှီကျန်း  အောက်တိုဘာ ၂၆**

တရုတ်နိုင်ငံ ရှီကျန်းပြည်နယ် အနောက်ဘက်ရှိ ကက်ရှ်ဂါဒေသ၌ နေထိုင်သူ ၄ ဒသမ ၇ သန်းကို အောက်တိုဘာ ၂၇ရက်တွင် ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ အပြီးသတ် စစ်ဆေးပေးသွားမည် ဖြစ်ကြောင်း ရှီကျန်းပြည်နယ် အုပ်ချုပ်ရေးမှူးက အတည်ပြုခဲ့သည်။ အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းမှာပင် လူဦးရေ ၂ ဒသမ ၈ သန်းကို စစ်ဆေးပေးပြီးဖြစ်သဖြင့် အောက်တိုဘာ ၂၇ ရက်တွင် ကက်ရှ်ဂါဒေသခံအားလုံးကို အပြီးသတ်စစ်ဆေးပေးနိုင်မည်ဖြစ်သည်။ အဆိုပါ စစ်ဆေးမှုတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံသူ လူနာသစ် ၁၃၇ ဦး ထပ်မံတွေ့ရှိခဲ့သည်။

မတ်လနောက်ပိုင်း ရှီကျန်း၌ ရောဂါဖြစ်ပွားမှု မရှိသလောက် နည်းပါးခဲ့သော်လည်း အောက်တိုဘာလလယ်ကတည်းက ရောဂါကူးစက်မှုများ ပြန်လည်ဖြစ်ပေါ်လာခဲ့ပြီးနောက် အစိုးရက ဒေသတစ်ခုလုံးကို အသွားအလာကန့်သတ်မှုများ ဆောင်ရွက်ထားသလို ပြည်သူအားလုံးကိုလည်း ရောဂါပိုးရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပေးနေခြင်းဖြစ်သည်။

**ကိုးကား-စီအင်န်အင်န်၊ ဘာသာပြန်-မေလဲ့သင်း**

# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ ဇွန်လနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိခဲ့

**မဲလ်ဘုန်း  အောက်တိုဘာ ၂၆**

ဩစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အမြင့်ဆုံးဖြစ်သည့် ဗစ်တိုးရီးယားပြည်နယ်၌ ယနေ့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် လူနာသစ်မရှိခဲ့ကြောင်းနှင့် ယင်းမှာ ဇွန်လနောက်ပိုင်း ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ဗစ်တိုးရီးယားပြည်နယ်ဝန်ကြီးချုပ် အန်ဒရူးက ရောဂါကူးစက်မှု လုံးဝမရှိတော့သော်လည်း ကန့်သတ်ချက်များကို အလျင်စလို ရုပ်ဆိုင်းပစ်မည်မဟုတ်ကြောင်း ဆိုထားသည်။

ပြည်နယ်မြို့တော် မဲလ်ဘုန်း၌ အသွားအလာကန့်သတ်ထားမှုများကို ရုပ်စဲလိုက်ပြီဖြစ်သော်လည်း အစောပိုင်းရက်များက မြို့တော်မြောက်ပိုင်းဒေသများတွင် ရောဂါကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါကူးစက်မှုနှင့် သေဆုံးမှု လုံးဝမရှိတော့ကြောင်း သိရသည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးရေးနှင့် ပတ်သက်ပြီး ဗဟိုအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား အငြင်းပွားမှုများလည်း ရှိနေသည်။ ဩစတြေးလျ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၂၇၅၀၀ နှင့် သေဆုံးသူ ၉၀၅ဦးရှိပြီး သေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်းမှာ ဗစ်တိုးရီးယားပြည်နယ်မှ ဖြစ်သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလဲ့သင်း**

# အရှေ့အာဖရိက၌ ဇွန်လနောက်ပိုင်း လူဦးရေ ၃ ဒသမ ၆ သန်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ် ခံစားခဲ့ရဟု ကုလသမဂ္ဂပြောကြား

**နိုင်ရိုဘီ  အောက်တိုဘာ ၂၆**

အရှေ့အာဖရိက၌ ဇွန်လနောက်ပိုင်း လူဦးရေ ၃ ဒသမ ၆ သန်းမှာ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်ခံစားခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုများသည် အရှေ့အာဖရိကဒေသရှိ ပြည်သူများအတွက် ခက်ခဲသည့်အခြေအနေကို ပိုမိုဆိုးရွားစေခဲ့ကြောင်းနှင့် ယင်းဒေသရှိ လူအများအပြားသည် ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ ကန္တာရကျိုင်းကောင် ကျရောက်မှု အန္တရာယ်နှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုရေးရာညှိနှိုင်းရေးရုံးက ပြောကြားခဲ့သည်။

ကင်ညာနိုင်ငံနှင့် ယူဂန္ဒာနိုင်ငံတို့မှ ရေကန်အတော်များများ၌ ရေမြင့်တက်မှုများရှိနေပြီး လူဦးရေထောင်ချီအတွက် ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုရေးရာညှိနှိုင်းရေးရုံးက ပြောကြားခဲ့သည်။

တောင်ဆူဒန်နိုင်ငံ၌ ဇွန်လနောက်ပိုင်း လူဦးရေ ၈၅၆၀၀၀ မှာ ရေကြီးရေလျှံမှုဒဏ် ခံခဲ့ရပြီး လူဦးရေလေးသိန်းမှာလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်းနှင့် အီသီယိုးပီးယားနိုင်ငံ၌ လူဦးရေ ၁ ဒသမ ၁ သန်းနီးပါး ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရပြီး လူဦးရေ ၃၁၃၀၀၀ မှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# မိုးညှင်း၊ ကျိုင်းတုံနှင့် ဆီဆိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ


အားမင်း၊ ဟော့ရှည်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၄ နာရီတွင် မိုးညှင်းမြို့နယ် မပြင်ကျေးရွာအုပ်စု နားလတန်းကျေးရွာနေ စိုးဝင်း၏နေအိမ်အား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၀၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၊ မြန်မာငွေကျပ် ၃၄၀၀၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ဟွေလုံကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အားမင်းနှင့် ဟော့ရှည်တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ မော်တော်ဆိုင်ကယ် နှစ်စီးကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၇ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု ဟိုတိကျေးရွာ ခွန်မောင်ကျဉ်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# မြို့နယ်အချို့၌ တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးဝမြို့နယ် မိုးကောင်းကျေးရွာအနီး သစ်စက်ဟောင်းနေရာနှင့် ရွှေကျင်ကြိုးဝိုင်း အကွက်အမှတ်(၂)အတွင်း၌ တရားမဝင် ချန်ချိုင်း(၃၄)ကောင် အင်ဂျင်သုံးလုံးပါ ရွှေမျောနှင့်သက်ဆိုင်သည့် ဆက်စပ်ပစ္စည်းများနှင့် တရားမဝင် ကျွန်း/အင်/ကညင်သစ်/ ခွဲသား/ ခွဲခြမ်း ၁၆ ဒသမ ၈၀၉၄ တန်၊ အင်းတော်မြို့နယ် သီလကျေးရွာအနီးတွင် တရားမဝင်ကျွန်းသစ် ၂ ဒသမ ၆၄၄ တန်နှင့် GHANGGHAI ၂၂ ကောင် အင်ဂျင်တစ်လုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများ၊ ဗန်းမောက်မြို့နယ် တပ်လွင်ကြိုးဝိုင်းအကွက်အမှတ် (၃၁၊ ၃၂)အတွင်း တရားမဝင်ကျွန်းသစ်/ ခွဲသား (၁၆ ဒသမ ၃၄၆)တန်၊ ဝီလင်း ၂၅ ကောင်အင်ဂျင်တစ်လုံးပါ ဆက်စပ်ပစ္စည်းများ၊ Swis ချိန်းဆော တစ်လုံး၊ ဆင်မ တစ်ကောင်၊ ဆင်ဦးစီးတစ်ဦး၊ သစ်စက်ပိုင်ရှင် တစ်ဦး၊ ဘုတလင်မြို့နယ် စလွန်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း တရားမဝင်အင်ခွဲသား ၃၇ ဒသမ ၅၆၂၄ တန်၊ မင်းကင်းမြို့နယ် အင်ပင်လှကျေးရွာအနီးတွင် ZOOMLION-554A လယ်ထွန်စက် (အစိမ်းရောင်)နှင့် နောက်တွဲယာဉ်တစ်စီးနှင့် တရားမဝင် အင်/ကညင်သစ် ၂၉ ဒသမ ၉၇၄ တန်၊ သာယာဝတီမြို့နယ် ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ်(၈၅/၀)အနီး ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ဆိုဒ်စုံ ၄ ဒသမ ၀၃၆၄ တန်တို့ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့၍ ပြစ်မှုကျူးလွန်သူများကို စုံစမ်းရှာဖွေဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



ညီညီသန်း(သတင်းစဉ်)

■


အမှတ်(၂)လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ယာယီရဲမှူးချုပ်ဝင်းမင်းသိန်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်တိုဘာ ၂၆ ရက်က အမှတ်(၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၀၈ ဦးတို့ ရန်ကုန်အမျိုးသားသွေးဌာန၌ သွေးများလာရောက်လှူဒါန်းရာ ယင်းတပ်ဖွဲ့ခွဲမှ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူးဇော်လင်းထိန်နှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။

တင်မောင်ဦး(အလုံ)

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၄ စီး၊ သွင်းကုန် ၃၂၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၉၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၂၀ သန်း)ရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် M-150 (150 ml x 50 Bottles )(20 Pkgs)ကို သိမ်းဆည်းရမိကြောင်း သိရသည်။

သတင်းစဉ်

# နမ့်စန်(တောင်)မြို့ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းမှ စုဆောင်းငွေအပေါ် အတိုးငွေများ ထုတ်ပေး

**နမ့်စန် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် နမ့်စန်(တောင်)မြို့ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စုဆောင်းငွေအပေါ် အတိုးငွေများ ထုတ်ပေးခြင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သော အသင်းသား အသင်းသူများ၏ သား သမီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် နမ့်စန်မြို့နယ် သမဝါယမဦးစီးဌာနရုံးခန်း၌ ကျင်းပရာ အသင်းသား ၈၅၀ အတွက် စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၄၉၁ သိန်းကို သက်ဆိုင်ရာဌာနအလိုက်ထုတ်ပေးခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အသင်းသားများ၏ သားသမီး ၁၉ ဦးအား ဂုဏ်ပြုငွေကျပ် ၄၁၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုက စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ညောင်တုန်း အောက်တိုဘာ ၂၆**

ကျေးလက်နေတောင်သူများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့်စပါးများ ရောင်းချရာတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော စပါးဈေးနှုန်းများအရ တောင်သူများအခက်အခဲမဖြစ်ပေါ်စေရေးအတွက် သမဝါယမကဏ္ဍမှ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုက စပါးတင်း ၁၀၀၀၀ ဝယ်ယူရေးအတွက် မိုးဟုတ်ကျေးရွာတွင် စပါးအဝယ်ဒိုင်ဖွင့်လှစ်၍ စပါးဝယ်ယူရေးလုပ်ငန်းကို အောက်တိုဘာ ၂၁ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

**၁၂ ရက်သာ**

လိုတော့သည်။

## ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာခြင်း

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး မဲပေးခြင်းလုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များနှင့်အညီဖြစ်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သတ်မှတ်ရက်များတွင် ကြိုတင်ဆန္ဒမဲပေးရန် အကျုံးဝင်သည့် မဲဆန္ဒရှင်ပြည်သူများ၊ Quarantine Center များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရသည့် မဲဆန္ဒရှင်ပြည်သူများ၊ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးနိုင်မည့် အခွင့်အရေးမဆုံးရှုံးစေရန်အလို့ငှာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၂၉.၁၀.၂၀၂၀ ရက်နေ့မှစတင်၍ သတ်မှတ်နေရာများအလိုက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီဖြစ်စေရေးအတွက် ဆန္ဒမဲပေးရာတွင် ပါးစပ်၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်လာရန်၊ Social Distancing နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ရန်နှင့် ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ပါးစပ်၊ နှာခေါင်းစည်း (Mask)၊ Face Shield များ၊ ရေမလိုလက်သန့်ဆေးရည်များကိုလည်း စနစ်တကျသုံးစွဲနိုင်ရန် ထားရှိပေးမည်ဖြစ်ပါသည်။

၄။ နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးပစ္စည်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆန္ဒမဲကောက်ယူသည့်နေရာအလိုက် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၅။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပြီး ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အသီးသီးမှ လိုက်ပါဆောင်ရွက်ကြမည့်သူများအနေဖြင့်လည်း ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများနှင့်အညီဖြစ်စေရေး စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်အညီ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါသောကြောင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆန္ဒမဲပေးကြရန်နှင့် ကြိုတင်ဆန္ဒမဲပေးရန် စီစဉ်ထားသည့်နေရာအဆောက်အဦသို့ လာရောက်သည့်အချိန်တွင်လည်း နိုင်ငံရေးပါတီတံဆိပ်ပါ အဝတ်အစားများ၊ အသုံးအဆောင်များ ဝတ်ဆင်သုံးစွဲ၍ လာရောက်ခြင်းမပြုပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

- ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)ကို ဖျက်သိမ်းပြီး ဖြစ်ပါသည်။
- ယင်းပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒပြုရန်မလိုပါ။
- ဆန္ဒပြုခဲ့ပါလျှင် ပယ်မဲအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲပေးကြစို့ ပြည်သူတို့

❖ ပြည်လုံးကျွတ်အထွေထွေရွေးကောက်ပွဲ
ဆင်နွှဲမည့်ပြည်သူတွေ။
❖ အသည်းကြားကမဲတစ်ပြား
မလွှဲမှားကြလိုပေ။
❖ ဒီမိုကရေစီရှင်သန်စေ.....
ရေသောက်မြစ်သည်အဓိက။
❖ အနာဂတ်မြန်မာပြည်အတွက်
ပင်စည်ပင်မ။
❖ ဒီမိုကရေစီပင်စည်ပင်မ
ထာဝရအခြေခိုင်မြဲမှုသာ။
❖ အနာဂတ်မြန်မာနိုင်ငံတော်ခရီးလမ်း
ငြိမ်းချမ်းသာယာ။
❖ ငါးနှစ်မှတစ်ကြိမ်တစ်ခါ.....
ပြည်သူ့တာဝန်ကျေပွန်ဖို့။
❖ ပြည်လုံးကျွတ်အထွေထွေရွေးကောက်ပွဲမှာ
မဲပေးကြစို့။.....။

မြင့်မိုရ်ဦး(ပဲခူး)

☆ ကျောဖုံးမှ

### မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
### (၂၆-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂,၄၀၀) ဦး | (၆၁၈,၂၄၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၄၂၆) ဦး | (၄၆,၂၀၀) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၁,၀၈၇) ဦး | (၂၆,၀၀၇) ဦး |
| သေဆုံးလူနာ | (၂၇) ဦး | (၁,၁၂၂) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၂၇) ဦးအနက် ရောဂါအခံရှိသူ (၂၄) ဦးပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ (၁,၅၅၈) ဦးအား ၎င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၈၈၉၁၈၃ | ၅၇၇၂၄၉၈ | ၂၃၀၅၁၀ |
| ၂။ | အိန္ဒိယ | ၇၉၀၉၉၅၉ | ၇၁၃၇၂၂၈ | ၁၁၉၀၃၀ |
| ၃။ | ဘရာဇီး | ၅၃၉၄၁၂၈ | ၄၈၃၅၉၁၅ | ၁၅၇၁၆၃ |
| ၄။ | ရုရှား | ၁၅၃၁၂၂၄ | ၁၁၄၆၀၉၆ | ၂၆၂၆၉ |
| ၅။ | ပြင်သစ် | ၁၁၃၈၅၀၇ | ၁၁၀၃၂၂ | ၃၄၇၆၁ |
| ၆။ | စပိန် | ၁၁၁၀၃၇၂ | စိစစ်ဆဲ | ၃၄၇၅၂ |
| ၇။ | အာဂျင်တီးနား | ၁၀၉၀၅၈၉ | ၈၉၄၈၁၉ | ၂၈၈၉၆ |
| ၈။ | ကိုလံဘီယာ | ၁၀၁၅၈၈၅ | ၉၁၅၄၅၁ | ၃၀၁၅၄ |
| ၉။ | မက္ကဆီကို | ၈၉၁၁၆၀ | ၆၅၀၃၅၅ | ၈၈၉၂၄ |
| ၁၀။ | ပီရူး | ၈၈၈၇၁၅ | ၈၀၇၆၃၆ | ၃၄၁၄၉ |

## မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် Consistent Reach Sdn., Bhd နှင့် အခြားကုမ္ပဏီ ၁၀ ခုမှ မြန်မာအလုပ်သမားများ၊ ထိန်းသိမ်းရေးစခန်းမှ ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာနိုင်ငံသားများအပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၂ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးနှင့် ၎င်းတို့၏ ကုမ္ပဏီများမှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင်ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိ ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်း ခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံမှ ယနေ့ထိ ကယ်ဆယ်ရေးလေယာဉ် ၁၇ ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၉၂၃၉၄ | ၃၁၇၆၇၂ | ၁၃၄၁၁ |
| ၂။ | ဖိလစ်ပိုင် | ၃၇၁၆၃၀ | ၃၂၈၂၅၈ | ၇၀၃၉ |
| ၃။ | စင်ကာပူ | ၅၇၉၇၃ | ၅၇၈၅၈ | ၂၈ |
| ၄။ | မြန်မာ | ၄၆၂၀၀ | ၂၆၀၀၇ | ၁၁၂၂ |
| ၅။ | မလေးရှား | ၂၆၅၆၅ | ၁၇၁၃၄ | ၂၂၉ |
| ၆။ | ထိုင်း | ၃၇၄၃ | ၃၅၄၃ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၁၆၈ | ၁၀၅၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၈၇ | ၂၈၃ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၂ | ၀ |

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ရွှေလင်ပန်းစက်မှုဇုန် ရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများအနက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၁၀၇/၂၀၂၀) အရ ကိုဗစ်-၁၉ ဒုတိယလှိုင်းကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယာယီပိတ်သိမ်းခဲ့သည့် လူမှုဖူလုံရေး အကျိုးဝင်မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ၃၁ ဌာနရှိ အာမခံအလုပ်သမား ၂၉၁၇၆ ဦးအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို အဆိုပါရုံးခွဲ၌ တာဝန်ခံအရာရှိ ဒေါ်သန်းသန်းဆင့်က အာမခံအလုပ်သမားများကိုယ်စား စက်ရုံအလုပ်ရုံဌာန တာဝန်ခံကိုယ်စားလှယ်များထံ ယနေ့ မွန်းလွဲ ၂ နာရီတွင် ချက်လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## မြောက်ဥက္ကလာပမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ နေအိမ်များအတွက် ငွေကျပ် သိန်း ၁၀၀ ကျော်တန်ဖိုးရှိ အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ အသွားအလာကန့်သတ်ခံထားရသည့် နေအိမ်များအတွက် အခြေခံစားသောက်ကုန် ခုနစ်မျိုးကို အလှူရှင်များက ယမန်နေ့ နံနက် ၁၁ နာရီက သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများထံ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

ထိုသို့လှူဒါန်းရာတွင် မြို့နယ်အတွင်း ရောဂါပိုးရှိသူများ၏ အသွားအလာကန့်သတ်ခံထားရသည့် နေအိမ်များမှ မိသားစုများ လတ်တလော စားဝတ်နေရေးအဆင်ပြေစေရန်ရည်ရွယ်၍ မြို့မိမြို့ဖများဖြစ်သည့် ဦးဘမြင့်၊ ဦးတင်မောင်ဦး၊ ဦးထွန်းဦး၊ ဦးဝင်းနိုင်၊ ဦးအောင်ကျော်မိုးစသည့် အလှူရှင်များက စေတနာရှင် လူမှုဘဝစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ငွေကျပ်သိန်း၁၀၀ ကျော်တန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို ရပ်ကွက်ရှစ်ရပ်ကွက်မှ အိမ်ထောင်စု ၅၅၀စုထံသို့ လှူဒါန်းခြင်း ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် နှစ်သောင်းတန်ဖိုးရှိ ဆန် ငါးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန် ၅၀ ကျပ်သား၊ ကုလားပဲ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ငါးသေတ္တာ ငါးဘူး၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်တို့ကို မြို့နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ဖြူစင်မေတ္တာလူမှုကူညီရေးအသင်းနှင့် အလှူရှင်များက သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မိမိရပ်ကွက်ရှိ အသွားအလာကန့်သတ်ခံထားရသည့်နေအိမ်များသို့ သွားရောက်လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြမြဝင်း (ပြန်/ဆက်)**

## ကသာမြို့၌ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိ

**ကသာ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ယနေ့နံနက်တွင် ကိုဗစ်-၁၉ ရောဂါပိုးအတည်ပြုလူနာငါးဦးတွေ့ရှိကြောင်း ခရိုင်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကော်မတီဝင် ဦးတင်မြင့်အောင်ထံမှ သိရသည်။

ကသာမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူနေသူ အမျိုးသား၂၁ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၈ ဦးရှိရာ ၎င်းတို့အား တို့ဖတ်နမူနာရယူပြီး မန္တလေးမြို့ဓာတ်ခွဲဌာနသို့ ပေးပို့ခဲ့သည့်အနက် အသက် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ၅၈ နှစ်အရွယ်အမျိုးသား တစ်ဦး၊ တစ်လခွဲအရွယ် ကလေးငယ်တစ်ဦး၊ ၇၆နှစ်အရွယ်အမျိုးသမီးတစ်ဦးနှင့် ၄၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး စုစုပေါင်း ငါးဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြောင်းနှင့် ယခုအခါ ကသာမြို့၌ ပိုးတွေ့လူနာပေါင်း ခုနစ်ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ယနေ့နံနက် ပိုးတွေ့လူနာငါးဦးအား ကသာခရိုင်ပြည်သူ့ဆေးရုံ(အထူးကြပ်မတ်ဆောင်)သို့ပို့ဆောင်ကာ ဆေးကုသမှုခံယူစေခဲ့ပြီး လက်ရှိအခြေအနေတွင် ငါးဦးစလုံးကျန်းမာလျက်ရှိကြောင်းခရိုင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီဝင် ဦးသိုက်စိုး၏ ပြောကြားချက်အရ သိရသည်။

**အေးမြသက်ထား**

# သေချာတဲ့ အစီအစဉ်တွေကို သတ်မှတ်ပြီးတော့ အကောင်အထည်ဖော်သွားမယ်



ရွေးကောက်ပွဲအတွက် နောက်ဆုံးစည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်ပါမယ်။ ဒါကတော့ ရွေးကောက်ပွဲကော်မရှင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ညှိပြီးတော့ ထုတ်ပြန်မှာပါ။ ဒီလို လုပ်တဲ့နေရာမှာ နေရာတိုင်းနေရာတိုင်းမှာ တစ်ပြေးညီလုပ်မှာ မဟုတ်ပါဘူး။ Stay at Home မြို့နယ်တွေ၊ ကိုဗစ်ရောဂါ ပြန့်ပွားမှုများတဲ့ မြို့နယ်တွေမှာ အထူးအစီအစဉ်ကို ကျွန်မတို့လုပ်ပါမယ်။ ကိုဗစ်ရောဂါ မရှိသလောက် မြို့နယ်တွေမှာတော့ ပုံမှန်အတိုင်းပဲ လုပ်သွားပါမယ်။ သို့သော်လည်း Mask တပ်ဖို့ လက်ဆေးဖို့တွေကို ကျွန်မတို့ စီစဉ်ပါမယ်။ Stay at Home မြို့နယ်တွေ၊ ကိုဗစ်ရောဂါပြန့်ပွားမှုများတဲ့ မြို့နယ်တွေမှာဆိုရင် Mask တွေအပြင် Faceshield ကို အပေါ်က နောက်တစ်ထပ်လုပ်ဖို့ စသဖြင့် ပိုပြီးတော့သေချာတဲ့ အစီအစဉ်တွေကို သတ်မှတ်ပြီးတော့ အကောင်အထည်ဖော်မှာပါ။ ဒါကြောင့် ပြည်သူ ပြည်သားတွေအနေနဲ့ အထွေထွေရွေးကောက်ပွဲမှာလည်း တက်တက်ကြွကြွနဲ့ပါဝင်ပြီးတော့ မဲပေးကြပါ။ ကိုဗစ်ရောဂါကို ကာကွယ်တဲ့နေရာမှာလည်း တက်တက်ကြွကြွနဲ့ အားလုံးပါဝင်ပြီးတော့ ဆောင်ရွက်ပေးကြပါလို့ ကျွန်မမေတ္တာရပ်ခံလိုပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၆–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၆–၁၀–၂၀၂၀) ရက်နေ့၊ ညနေ (၄:၃၀)နာရီ

၁။ (၂၅–၁၀–၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၉၈၆) ဦး** ၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | သဃ်န်းကျွန်း | ၁၂၈ |
| | | လှိုင် | ၅၀ |
| | | တာမွေ | ၅၆ |
| | | ကမာရွတ် | ၅၇ |
| | | ရွှေပြည်သာ | ၄၄ |
| | | မင်္ဂလာဒုံ | ၄၁ |
| | | အင်းစိန် | ၂၈ |
| | | သန်လျင် | ၂၅ |
| | | မြောက်ဥက္ကလာပ | ၂၂ |
| | | ကြည့်မြင်တိုင် | ၁၆ |
| | | တောင်ဥက္ကလာပ | ၁၇ |
| | | လှိုင်သာယာ | ၁၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၅ |
| | | သာကေတ | ၁၄ |
| | | ဗဟန်း | ၁၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၂ |
| | | အလုံ | ၁၁ |
| | | မရမ်းကုန်း* | ၁၁ |
| | | ကျောက်တံတား | ၁၁ |
| | | တွံတေး | ၁၁ |
| | | ကျောက်တန်း | ၁၀ |
| | | စမ်းချောင်း | ၁၀ |
| | | မှော်ဘီ | ၉ |
| | | ရန်ကင်း | ၉ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | လမ်းမတော် | ၇ |
| | | ဗိုလ်တထောင် | ၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၇ |
| | | ခရမ်း | ၅ |
| | | ဒေါပုံ | ၅ |
| | | ဒလ | ၄ |
| | | ဒဂုံဆိပ်ကမ်း | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | သုံးခွ | ၃ |
| | | ဒဂုံ | ၃ |
| | | တိုက်ကြီး | ၂ |
| | | လသာ | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | ထန်းတပင် | ၁ |
| | | ကော့မှူး | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၆၈၅ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၁၃ |
| | | မဟာအောင်မြေ | ၈ |
| | | အမရပူရ | ၄ |
| | | ပျော်ဘွယ် | ၁ |
| | | ချမ်းမြသာစည် | ၁ |
| | | မြင်းခြံ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | မလှိုင် | ၁ |
| | | ကျောက်ဆည် | ၁ |
| | | တောင်သာ | ၁ |
| | | စုစုပေါင်း | ၃၂ |
| ၃။ | ရခိုင်ပြည်နယ် | ပေါက်တော | ၂၅ |
| | | မောင်တော | ၈ |
| | | စစ်တွေ | ၇ |
| | | မင်းပြား | ၆ |
| | | ဘူးသီးတောင် | ၁ |
| | | ကျောက်ဖြူ | ၁ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | ကျောက်တော် | ၁ |
| | | စုစုပေါင်း | ၅၀ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | လက်ပံတန်း | ၁၉ |
| | | ပေါ | ၁၂ |
| | | တောင်ငူ | ၆ |
| | | သဲကုန်း | ၆ |
| | | အုတ်တွင်း | ၅ |
| | | ပဲခူး | ၄ |
| | | ပြည် | ၁ |
| | | ရွှေကျင် | ၁ |
| | | ပေါင်းတည် | ၁ |
| | | မိုးညို | ၁ |
| | | စုစုပေါင်း | ၅၆ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ | ၇ |
| | | မြောင်းမြ | ၆ |
| | | ဒေးဒရဲ | ၃ |
| | | ညောင်တုန်း | ၂ |
| | | ဘိုကလေး | ၂ |
| | | ကျောင်းကုန်း | ၂ |
| | | လေးမျက်နှာ | ၂ |
| | | မော်လမြိုင်ကျွန်း | ၂ |
| | | မအူပင် | ၁ |
| | | ပန်းတနော် | ၁ |
| | | အိမ်မဲ | ၁ |
| | | ပုသိမ် | ၁ |
| | | ရေကြည် | ၁ |
| | | စုစုပေါင်း | ၃၁ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | ၅ |
| | | ရေး | ၁ |
| | | သထုံ | ၁ |
| | | စုစုပေါင်း | ၇ |
| ၇။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး | ၃၃ |
| | | မြို့သစ် | ၃၀ |
| | | ရေနံချောင်း | ၉ |
| | | မင်းဘူး | ၈ |
| | | အောင်လံ | ၇ |
| | | စလင်း | ၆ |
| | | မှင်းခြံ | ၃ |
| | | သရက် | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | စုစုပေါင်း | ၉၉ |
| ၈။ | နေပြည်တော် | ပုဗ္ဗသီရိ | ၂ |
| | | ဇေယျာသီရိ | ၁ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၄ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၃ |
| | | ချောင်းဦး | ၂ |
| | | မုံရွာ | ၂ |
| | | ဝက်လက် | ၂ |
| | | ရွှေဘို | ၁ |
| | | စစ်ကိုင်း* | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၆ |
| | | ဘားအံ | ၂ |
| | | စုစုပေါင်း | ၈ |
| ၁၂။ | ရှမ်းပြည်နယ် | မိုင်းယန်း* | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၅–၁၀–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၉၈၆) ဦး |

* မိုင်းယန်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့မှ (၁)ဦးစီတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၂၅–၁၀–၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၉၈၆) ဦးတွင် အန့်မရရှိသူ (၁၉၉) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အောက်တိုဘာ မြို့ပြလှုပ်ရှားမှု – Urban October: World Habitat Day, World Cities Day

# အားလုံးအတွက်အိမ်ရာ – ကောင်းမွန်သော မြို့ပြအနာဂတ်

## အေးအေးမြင့်(မယ်အေး-မြို့ပြအိမ်ရာ)

(ယမန်နေ့မှအဆက်)

**စားပွဲဝိုင်း (၃) အိမ်ရာကဏ္ဍကို ကိုဗစ်-၁၉ တုံ့ပြန်မှု၏ ဗဟိုချက်တွင် ထားရှိခြင်း**

ယခုနှစ်၏ ပင်မခေါင်းစဉ်ဖြစ်သည့် အိမ်ရာကဏ္ဍကို ကိုဗစ်-၁၉ တုံ့ပြန်မှု၏ ဗဟိုချက်တွင်ထားရှိခြင်းဟူသည့် အကြောင်းအရာဖြင့် စားပွဲဝိုင်းတွင် ကျယ်ပြန့်စွာပါဝင် ဆွေးနွေးကြသည်ကို လေ့လာခဲ့ရသည်။ ကမ္ဘာ့လူဦးရေ၏ ထက်ဝက် သို့မဟုတ် လူပေါင်း ၃ ဒသမ ၉ ဘီလီယံကျော် သည် မိမိနေအိမ်တွင်နေထိုင်ရန် ၎င်းတို့၏ အစိုးရများက အမိန့်ထုတ်ပြီး ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို ထိန်းချုပ် နေကြသည်။ ပြည့်စုံလုံလောက်သော နေစရာအိုးအိမ် ရှိခြင်းသည် ယခင်ထက်ပို၍ သေရေးရှင်ရေးသဖွယ် အရေးကြီးသည်ဆိုသည့်အချက်မှာ ကိုဗစ်-၁၉ အကျပ် အတည်းတွင် သိသာထင်ရှားစွာ သက်သေပြနေပါသည်။ ဒေသဆိုင်ရာအစိုးရနှင့် အခြားသက်ဆိုင်သူများက အရေးပေါ်အခြေအနေများကို ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နေချိန်တွင် နောင်အနာဂတ်၌ မြို့များ၏ ဒူပေ နာပေခံ ကြံ့ခိုင်မှုသည် အားလုံးပါဝင်မှုနှင့် ပြန်လည် ထူထောင်ရေးကာလ၌ ဗဟိုအစိုးရများ၊ သက်ဆိုင်ရာ အစိုးရများနှင့် အခြားတာဝန်ရှိသူများက အိမ်ရာကဏ္ဍကို မည်မျှအလေးထား ဦးစားပေးဆောင်ရွက်မှုတို့အပေါ် မူတည်နေပေသည်။

ဆွေးနွေးဝိုင်းတွင် မက္ကဆီကိုမှ လူ့အခွင့်အရေး ဆိုင်ရာ အတွင်းရေးမှူးက "ကပ်ရောဂါသည် အိမ်ရာ၏ အခန်းကဏ္ဍ အရေးပါမှုကို ပြသနေကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်းရရှိတဲ့ အခွင့်အရေးကောင်းတစ်ခုမှာ "New Normality" လူနေမှုပုံစံကို ဖန်တီးနိုင်ဖို့ အစိုးရ တွေက (ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်) ကောင်းမွန်သောအိမ်ရာတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာတဲ့မူဝါဒတွေ ချမှတ်ခြင်းသာမက မြို့ပြတွေရဲ့ တည်ငြိမ်မှုနဲ့ လူ့အဖွဲ့အစည်း၏ ကြံ့ခိုင်မှုအတွက်ပါ အားဖြည့်ပံ့ပိုးပေးရပါမည်" ဟု တင်ပြခဲ့ပါသည်။ ဥရောပ ရင်းနှီးမြှုပ်နှံမှုဘဏ်မှ အိမ်ရာကျွမ်းကျင်သူ Grzegorz Gajda ကလည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အတွက် အစိုးရ၏စိုက်ထုတ်ငွေဟာ အလွန်အရေးကြီးတဲ့ အချက်ဆိုတာ အဓိကသင်ခန်းစာတစ်ခုဖြစ်ကြောင်း ထောက်ပြခဲ့ပါသည်။

"အိမ်မှာနေ (Stay at Home)" ဆိုသည်ကို လုံခြုံ စိတ်ချသော အိမ်ရာများမရှိဘဲ ဆောင်ရွက်ရန် လုံးဝမဖြစ် နိုင်ပါ။ Stay at Home ဆောင်ရွက်ရန်အတွက် အိမ်ရာမဲ့ များ၊ ကျူးကျော်နေထိုင်သူများနှင့် တရားမဝင်နေထိုင်သူ လူတန်းစားများအတွက် လုံလောက်သော အကျယ်အဝန်း နှင့် အခြေခံနေထိုင်မှု အသုံးအဆောင်များ၊ မြို့နေလူ အများစုအတွက် လုံလောက်သော အိမ်ရာနှင့် အခြေခံ အဆောက်အအုံများ လိုအပ်နေခြင်းများသည် အိမ်ရာ ကဏ္ဍ၏ အရေးပါမှုကို မီးမောင်းထိုးပြလိုက်သကဲ့သို့ ဖြစ်နေပါသည်။

ဤအရေးမှ ရရှိလာသည့် သင်ခန်းစာတစ်ခုမှာ ကြုံတွေ့လာသည့် အခက်အခဲများမှ ကျော်လွှားနိုင်ရန် အတွက် တစ်သမတ်တည်း တုံ့ပြန်သည့်နည်းလမ်းမှာ ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပြီး အဆိုပါအရေးမှ New Normality လူနေမှုပုံစံကို ပုံဖော်ရေး၊ ပြည်သူများ ကောင်းမွန်စွာ နေထိုင်နိုင်ရေးနှင့် မြို့တော်များ၏ ခံနိုင်ရည်ရှိမှုအတွက် အိမ်ရာကဏ္ဍသည် အဓိကကျသည့် အခြေခံအုတ်မြစ်ဖြစ်သည်ဟူသော အသိကိုလည်း တည်ဆောက်ပေးခဲ့ပြီး လက်ရှိရင်ဆိုင်နေရသည့် အခက် အခဲကာလနှင့် အနာဂတ်တွင် ထပ်မံကြုံတွေ့ရဖွယ် ရှိသည့်ကိစ္စရပ်များအတွက် လိုအပ်ချက်နှင့် ကိုက်ညီသော အိမ်ရာများကို မည်သူမျှ၊ မည်သည့်နေရာတွင်မျှ မကျန် စေရဘဲ ဖြည့်ဆည်းပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေး သွားကြပါသည်။

**ကိုဗစ်-၁၉ အကျပ်အတည်းနှင့် အခွင့်အလမ်းများ**

ယနေ့ ကမ္ဘာမှာ ကပ်ရောဂါနှင့် တစ်ခါတစ်ရံကမျှ မကြုံတွေ့ခဲ့ရသည့် အကျပ်အတည်းနှင့် ထိတ်လန့်ဖွယ် အခြေအနေတစ်ရပ် ရင်ဆိုင်နေရချိန်တွင် လူနေမြို့ရွာများ အတွက် ရောဂါတားဆီးကာကွယ်ရေး လိုအပ်ချက်များကို အရေးပေါ် ဖြေရှင်းရသောနည်းလမ်းများဖြင့် ဆောင်ရွက် လုပ်ကိုင်နေကြရသည်။ ဤအကျပ်အတည်းက အစိုးရ များအနေဖြင့် မူဝါဒများကို မည်သို့ပုံစံချ အစီအစဉ်ရေးဆွဲ မည်၊ မည်သို့အကောင်အထည်ဖော် ဆောင်ရွက်မည် စသည် တို့ကို ပြန်လည်ချမှတ်ဆောင်ရွက်နိုင်ရန်သာမက လူ့အဖွဲ့ အစည်းစနစ်အား တုန်လှုပ်စေမည့် ကိစ္စရပ်များ မလွဲမသွေ ကြုံတွေ့နေကြရဦးမည့် အနာဂတ်အတွက် ဦးစားပေး အစီအမံများ ဆုံးဖြတ်ချမှတ်နိုင်ရန်အတွက် အခွင့်အလမ်း များကိုလည်း ဖန်တီးပေးပါသည်။

World Habitat Day (2020) ၏ အစီရင်ခံစာအရ ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင် ရည်မှန်းချက် (၁၁)(SDG-11) ၏ ရည်ရွယ်ချက်ဖြစ်သော "Resilient၊ Inclusive၊ Safe and Sustainable Cities by 2030" ကို အထမြောက်အောင် ဆောင်ရွက်ရန်အတွက် လူတိုင်း အတွက် ဘေးကင်းလုံခြုံစိတ်ချရသော ရေရှည်တည်တံ့ သည့် မြို့ပြများ၏ အခင်းအကျင်းတွင် ပြည်သူတိုင်း လက်လှမ်းမီ၍ လုံခြုံစိတ်ချရသော အိမ်ရာများနှင့် လူနေမှု ဘဝအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို အလုံအလောက် ဖြည့်ဆည်းပေးခြင်းသည် အဓိကကျပြီး အစိုးရများက ခိုင်မာသော မူဝါဒလုပ်ငန်းစဉ်များကို သက်ဆိုင်သူများ၊ ပြည်သူများဖြင့် ပူးပေါင်းဆောင်ရွက်သွား ရမည် ဖြစ်ပါသည်။

"အိမ်" ဆိုသည်မှာ လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး အခြားသော အခြေခံအခွင့်အရေးများ ရရှိနိုင်ရန်အတွက် အထောက်အကူပြုလျက်ရှိပါသည်။ ပြည်သူအားလုံးအတွက် တန်ဖိုးမျှတသော အိမ်ရာများ အလုံအလောက်ရရှိရေးသည် ရေရှည်တည်တံ့သော မြို့များနှင့် လူမှုအသိုက်အဝန်းအဖြစ် အသွင်ပြောင်းရေးအတွက် အရေးပါသော သော့ချက်တစ်ရပ် ဖြစ်သည်ကို ဖော်ပြနေပါသည်။

နေအိမ်ဆိုသည်မှာ သာမန်အမိုးအကာတစ်ခုမျှသာ မဟုတ်ဘဲ လုံခြုံမှုကိုခံစားရစေသည့် နေထိုင်ရာ၊ အလုပ် လုပ်ကိုင်ရာ၊ လေ့လာသင်ယူမှုများပြုလုပ်ရာ ဖြစ်သည် သာမက ကျန်းမာရေးအတွက် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီရယူနိုင်ရန်နှင့် လူအချင်းချင်း ခပ်ခွာခွာနေထိုင်နိုင်မည့် လုံလောက်သောအကျယ်အဝန်း ရှိရန်တို့လည်း လိုအပ်လာပါသည်။ ထို့အပြင် အိမ်ရာများ သည် နေထိုင်သူများအနေဖြင့် စိမ်းလန်းမြေနှင့် အများ ပြည်သူဆိုင်ရာနေရာများ၊ အလုပ်အကိုင်အခွင့်အလမ်း များ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းများ၊ ကလေး ထိန်းကျောင်းများနှင့် အခြားလူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီရယူနိုင်မည့် နေရာများတွင်လည်း တည်ရှိ နေသင့်ပါသည်။ သို့ဖြစ်ရာ အနာဂတ်မြို့ပြစီမံကိန်းများ၊ အိမ်ရာစီမံကိန်းများသည် ကောင်းမွန်ပြည့်စုံပြီး စံမီသည့် ပတ်ဝန်းကျင်များ ဖော်ဆောင်သွားရန် ဖြစ်ပေသည်။

**မြန်မာနိုင်ငံ၏မြို့ပြကဏ္ဍနှင့် အမျိုးသားမြို့ပြမူဝါဒ**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်နှင့်အညီ မြို့ပြဖြစ်ထွန်းမှုများ ဖြစ်ပေါ်နေသော်လည်း မြို့ပြဖွံ့ဖြိုးမှု ဆီသို့ ထင်သလောက်မရောက်နိုင်သေးဘဲ မြို့ပြကျပ်တည်း ခြင်း၊ မြို့ပြပြန့်ကျဲခြင်း၊ အခြေခံအဆောက်အအုံများ မလုံလောက်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို စနစ်တကျ အကောင်အထည်မဖော်နိုင်ခြင်းစသော မြို့ပြ ပြဿနာများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရပါ သည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင် လာခဲ့ပြီး ယခုအချိန်အခါသည် မြန်မာနိုင်ငံ၏ အမျိုးသား မြို့ပြမူဝါဒအား အမျိုးသားမြို့ပြမူဝါဒရေးဆွဲရေး ဗဟို ကော်မတီက UN-Habitat အကူအညီဖြင့် အပြီးသတ် ရေးဆွဲနေသောကာလ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားမြို့ပြမူဝါဒသည် တစ်ကမ္ဘာလုံးအတိုင်းအတာ ဖြင့် ချမှတ်ထားသော မြို့ပြလုပ်ငန်းစဉ်သစ် New Urban Agenda 2030 ၏ အစီအစဉ်များနှင့်အညီ ရေရှည်ဖွံ့ဖြိုး တိုးတက်သော မြို့ပြများ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်သော မြို့ပြများ စနစ်တကျပေါ်ထွန်း လာရေးအတွက် ဦးတည်၍ ရေးဆွဲထားသော မူဝါဒတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ မြို့ပြဖြစ်ထွန်းမှုနှုန်းသည် ၂၀၁၄ ခုနှစ်တွင် လူဦးရေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း (၁၅ ဒသမ ၄ သန်း)ခန့်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် သန်း ၂၀ ခန့်အထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။ အဆိုပါ တိုးလာမည့် မြို့ပြလူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် လူဦးရေ တစ်သန်း နှင့်အထက်ရှိသည့် မြို့ကြီးများ တွင်ဖြစ်လာ မည် ဖြစ်သည်။ သို့ဖြစ်ရာ မြို့ကြီးများတွင် လူဦးရေစုပြုံ တိုးပွားလာမှုကို ထိန်းသိမ်းရန်၊ တိုးတက်မှုနည်းနေသေး သည့် အလယ်အလတ်မြို့များ၏ ဖွံ့ဖြိုးမှုကို ပိုမိုအားပေး ရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြ ဖြစ်ထွန်းမှုမှာ ပိုမိုမြန်ဆန်လာနေပြီး မြန်ဆန်စွာဖြစ်ထွန်း ပေါ်ပေါက်လာနေသော မြို့ပြများအား ကဏ္ဍစုံ ရေရှည် စဉ်ဆက်မပြတ် စာမျက်နှာ ၁၉ သို့ ❍



၂၀၂၀ ပြည့်နှစ် ကမ္ဘာ့လူနေမြို့ရွာနေ့(World Habitat Day 2020) ကျင်းပစဉ်။



ဆွေးနွေးပွဲစကားဝိုင်းများ ကျင်းပစဉ်။

◆ "အိမ်" ဆိုသည်မှာ လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး အခြားသော အခြေခံအခွင့်အရေးများ ရရှိနိုင်ရန်အတွက် အထောက်အကူ ပြုလျက်ရှိ

◆ ပြည်သူအားလုံးအတွက် တန်ဖိုးမျှတသော အိမ်ရာများ အလုံအလောက်ရရှိရေးသည် ရေရှည်တည်တံ့သော မြို့များ နှင့် လူမှုအသိုက်အဝန်းအဖြစ် အသွင်ပြောင်းရေးအတွက် အရေးပါသော သော့ချက်တစ်ရပ်ဖြစ်သည်ကို ဖော်ပြနေ

❍ စာမျက်နှာ ၁၈ မှ

ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခြေခံအဆောက်အအုံ ဝန်ဆောင်မှုများနှင့် နယ်မြေဒေသ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတွင် စနစ်တကျ စီစဉ်ရေးဆွဲထားသော အုပ်ချုပ်မှုနှင့် မူဝါဒပိုင်းဆိုင်ရာ အစီအမံများ လိုအပ်လျက်ရှိပါသည်။

မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များသည် သက်ဆိုင်ရာမြို့နယ်အသီးသီးတွင် ဒေသအလိုက် အကျိုးသက်ဆိုင်သူများအားလုံးက ပူးပေါင်း ပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဖက်ဒရယ်မူနှင့်အညီ ဒေသအလိုက် ရေးဆွဲဆောင်ရွက်နိုင်မည့် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည့် မူဘောင်တစ်ရပ်လိုအပ်ပြီး ယင်းသို့ ရေးဆွဲဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအားလုံးကို ပြည်ထောင်စုအဆင့်မှ နယ်မြေဒေသအလိုက် စနစ်တကျ ချိတ်ဆက်ပေါင်းစည်းပေးနိုင်မည့် ရေရှည်ခိုင်မာသည့် မူဝါဒတစ်ရပ်ကို လိုအပ်သည့်အတွက် ဤအမျိုးသားမြို့ပြမူဝါဒကို ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ပါသည်။

အမျိုးသားမြို့ပြမူဝါဒအား ချမှတ်ရေးဆွဲရာတွင် ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၁) (SDG – 11)၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) တို့နှင့် အညီအညွတ်ပြု၍ မြို့ပြကဏ္ဍနှင့် ဆက်စပ်နေသော ကဏ္ဍအလိုက် ရေးဆွဲဆောင်ရွက်နေသည့် စီမံကိန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် နယ်မြေစီမံခန့်ခွဲမှုစီမံကိန်းများအကြား အဆင့်ဆင့်ချိတ်ဆက်ပေါင်းစည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ရေးဆွဲခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားမြို့ပြမူဝါဒ (မူကြမ်း)ကို ပန်းတိုင် ခြောက်ခု၊ အခြေခံမူ ရှစ်ခုနှင့် ချမှတ်ထားပြီး မူဝါဒ ရှစ်ချက်ပါရှိပါသည်။ ယင်းမူဝါဒရှစ်ရပ်တို့မှာ – ဘက်ညီမျှတသော နယ်မြေဖွံ့ဖြိုးတိုးတက်မှု (Balanced Spatial Development)၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု(Socio–Economic Development)၊ စည်ပင်သာယာအုပ်ချုပ်မှုနှင့် ဘဏ္ဍာရေး (Municipal Governance and Finance)၊ မြို့ပြဥပဒေပြဋ္ဌာန်းရေး (Urban Legislation)၊ မြေယာအုပ်ချုပ်မှု (Land Governance)၊ အိမ်ရာ (Housing)၊ အခြေခံအဆောက်အအုံနှင့် မြို့ပြဝန်ဆောင်မှုများ (Infrastructure Services Provision)၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်လျှော့ချရေးနှင့် မြို့ပြစီမံကိန်း (Climate Change, Environment and Disaster Risk Reduction and Urban Planning) တို့ ပါဝင်ပါသည်။

အမျိုးသားမြို့ပြမူဝါဒတွင် အိမ်ရာသည် အရေးကြီးသောအချက်အဖြစ် ပါဝင်ပါသည်။ အစိုးရမှ မူဝါဒ ချမှတ်ဖော်ဆောင်ရန် လုပ်ငန်းစဉ်များတွင် အမျိုးသားအိမ်ရာမူဝါဒ ရေးဆွဲရေး၊ အိမ်ရာဖွံ့ဖြိုးရေးမဟာဗျူဟာ ချမှတ်ဆောင်ရွက်ရေး၊ တရားဝင်မဟုတ်သော ကျူးကျော်အခြေချ နေထိုင်မှုများကို အသိအမှတ်ပြု၍ ၎င်းတို့အတွက် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်းဖြင့် အဆင့်မြှင့်တင်ပေးရေး၊ လူဦးရေနှင့် ဝင်ငွေအချိုးအစားအပေါ်မူတည်၍ အိမ်ရာလိုအပ်ချက်ဆိုင်ရာ သုတေသနအခြေပြု အိမ်ရာဖြည့်ဆည်းမှု ဆောင်ရွက်ရေး၊ ဝင်ငွေနည်းသူများ၏ အိမ်ရာလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် လူထုအခြေပြု ငွေစုဆောင်းခြင်းနှင့် တရားဝင်ဘဏ်ချေးငွေရယူခြင်း နည်းလမ်းများ ဖန်တီးပေးရေးစသည့် အချက်များပြဋ္ဌာန်းရန် ပါရှိပါသည်။

လူဦးရေတိုးတက်လာခြင်းကို မြို့ပြဖြစ်ထွန်းမှုအဖြစ် ယူဆ၍ မရသကဲ့သို့ မြို့ပြကြီးထွားဖြစ်ထွန်းမှုတိုင်းသည်လည်း မြို့ပြဖွံ့ဖြိုးမှုမဟုတ်ပါ။ ပုံစံတကျမဟုတ်သော သို့မဟုတ် စနစ်တကျ စီမံကိန်းရေးဆွဲထားခြင်း မဟုတ်သည့် မြို့ပြဖြစ်ထွန်းခြင်းနှင့် တည်ဆောက်ခြင်းများ (Cities Without Planning) ကိုလည်း ဖွံ့ဖြိုးမှုဟုခေါ်ဆို၍ မရနိုင်ပါ။ စနစ်တကျ စီမံကိန်းရေးဆွဲပုံဖော်ထားသော မြို့ပြများသာလျှင် ထိုကဲ့သို့သော ရွှေ့ပြောင်းအခြေချခြင်းကြောင့် တိုးပွားလာသော လူဦးရေ၊ ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် လူနေထိုင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လက်ရှိနှင့် အနာဂတ်တွင် တိုးတက်များပြားလာသော လူဦးရေနှင့် ၎င်းတို့နှင့် ဆက်နွှယ်နေသည့် မြို့ပြစိန်ခေါ်မှုများကို ကောင်းစွာတုံ့ပြန်နိုင်မည် ဖြစ်သည်။

တိုးတက်များပြားလာသော လူဦးရေအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များကို အဆက်မပြတ် အကျိုးရှိစွာ အသုံးချနိုင်ရမည် ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း သာတူညီမျှမရှိမှု၊ လူမှုရေးခွဲခြားမှုနှင့် အဆင့်အတန်းပိုင်းခြားသတ်မှတ်မှုများသည် မြို့များအတွင်း တည်ရှိလာနိုင်ပါသည်။ ထို့အပြင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရမှုများကို ရင်ဆိုင်တုံ့ပြန်ရန် ဘေးဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်ကြံ့ခိုင်သည့် မြို့ပြဖွံ့ဖြိုးမှုများနှင့် အဆောက်အအုံများလည်း လိုအပ်ပါသည်။ အဆိုပါ ဖြစ်စဉ်များကို ရှောင်ရှားနိုင်ရန်နှင့် ပိုမိုကောင်းမွန်သော မြို့ပြများဖန်တီးရန် ပြည်သူအားလုံးအတွက် ပြည့်စုံလုံလောက်သော အိမ်ရာများ (Housing for All) ဖန်တီးပေးခြင်းသည် အဓိက အကျဆုံးသောအချက်ဖြစ်ပါသည်။

### ကမ္ဘာ့မြို့များနေ့

World Cities Day အား ၂၀၁၄ ခုနှစ်မှ စတင်၍ Better Cities, Better Life ဆိုသော ပင်မဆောင်ပုဒ်ဖြင့် ကျင်းပလာရာ ယခုနှစ်ဆိုလျှင် ခုနစ်ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ယခု ၂၀၂၀ ပြည့်နှစ်တွင် လူမှုအဖွဲ့အစည်းများနှင့် မြို့များအား တန်ဖိုးထားခြင်း (Valuing Our Communities and Cities) ဆိုသော ဆောင်ပုဒ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျုံမြို့၌



UN–Habitat မှ ပေးအပ်သည့် ဆုရရှိသူများ။

ကျင်းပသွားမည်ဖြစ်သည်။

ကိုဗစ်–၁၉ ၏ ကျန်းမာရေးအပေါ် သက်ရောက်မှုနှင့်အတူ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အခက်အခဲများသည် ကမ္ဘာတစ်ဝန်းရှိ မြို့ပြလူနေမှုပုံစံအား မျှော်လင့်မထား သည့်နည်းလမ်းများဖြင့် ပြန်လည်ပုံဖော်လျက်ရှိရာ လွန်ခဲ့သော ၁၂ လအတွင်း မြို့ပြလူနေမှုပုံစံသည် ပြောင်းလဲမှုများ တစ်ဟုန်ထိုး ဖြစ်ပေါ်ခဲ့သည်။ မြို့ပြဖြစ်ထွန်းမှုဖြစ်စဉ်သည် ပိုမိုကောင်းမွန်သောဘဝများကို ဖန်တီးနိုင်သည့် အလားအလာများရှိသည့်အပြင် ၎င်းသည် ဆင်းရဲနွမ်းပါးမှုများအား ပပျောက်စေသည့် လမ်းကြောင်းတစ်ခုဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုလည်း ဖြစ်စေပါသည်။ ထို့ကြောင့် မြို့များ၏ အသက်သွေးကြောဖြစ်သည့် မတူကွဲပြားသော လူမှုအဖွဲ့အစည်းများ၏ တည်ရှိမှုကို အသိအမှတ်ပြု မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ရေရှည်ရှင်သန်မှု၊ ဖွံ့ဖြိုးမှုနှင့် လူနေမှုဘဝအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရန် မရှိမဖြစ် လိုအပ်သော စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ တန်ဖိုးများကိုသာမက ဆန်းသစ်တီထွင်မှုတန်ဖိုး (Innovation Value)ကိုပါ အလေးထား၍ လူမှုအဖွဲ့အစည်းများနှင့် မြို့များအား တန်ဖိုးထားခြင်း (Valuring Our Community and Cities) ကို ဆောင်ရွက်ပေးရပါမည်။ ကမ္ဘာ့မြို့များနေ့ (World Cities Day)သည် ကျွန်ုပ်တို့၏ မြို့များနှင့် ၎င်းတို့၏အနာဂတ်အား ပြန်လည်သုံးသပ်နိုင်သည့် အချိန်အခါကောင်းတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ အရေးပေါ်အခြေအနေတွင် ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်မှုကို အားပေးသည့် မြို့ကြီးများအဖြစ် အကျိုးကျေးဇူးကြီးမားပါသည်။ အနာဂတ်လူနေမှုဘဝသည် မြို့ကြီးများပေါ်တွင် မှီတင်းနေခြင်းကြောင့် ရေရှည်တည်တံ့သော မြို့များထူထောင်ရန် လူမှုအဖွဲ့အစည်းများနှင့် မြို့များအား တန်ဖိုးထား၍ အတူတကွ ထိန်းသိမ်းစောင့်ရှောက်သွားရမည် ဖြစ်ပါသည်။

Urban October သည် မြို့ပြနှင့် အိမ်ရာကဏ္ဍများ၏ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများနှင့် ထပ်မံ ရင်ဆိုင်ကြုံတွေ့ရနိုင်သော စိန်ခေါ်မှုများအား အလေးထားစဉ်းစား၍ ကောင်းမွန်သော မြို့ပြဖြစ်ထွန်းမှုတစ်ခု ပေါ်ထွန်းလာစေရေးအတွက် အကောင်းဆုံးသော နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန် အဓိကမောင်းနှင်အားတစ်ခု ဖြစ်နေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း Urban October အစီအစဉ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့မြို့များနေ့ကို အောက်တိုဘာလကုန်တွင် UN–Habitat နှင့် ပူးပေါင်း၍ အွန်လိုင်း Zoom Meeting ဖြင့် ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

**(World Habitat Day နှင့် World Cities Day တို့အား ဂုဏ်ပြုလျက်)**

(ဖော်ဖော်အေး၊ အေးရူပါမြတ်၊ သန်းသန်းဦး၊ အာကာထက်နိုင်၊ ကျော်သွင်ဦး၊ နေစွမ်းထက်၊ သွန်းသီရိထွဋ်)

**Reference: National Urban Policy (Draft Paper 2020), Presentation of World Habitat Day 2020, Concept Notes: World Habitat Day 2020 and World Cities Day 2020 New Urban Agenda (http://unhabitat.org.mm/publications/new–urban–agenda–myanmar/)**

# ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရန် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက မှာယူထားသည့် Embraer E 190–100 LR လေယာဉ်သစ်တစ်စင်း ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)က ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရန် မှာယူထားသည့် Embraer E 190–100 LR XY–ALO လေယာဉ်အသစ်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ အဆိုပါလေယာဉ်သစ်ကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းမှ တာဝန်ရှိသူများက Water–salute အခမ်းအနားပြုလုပ်၍ ကြိုဆိုခဲ့သည်။

### အစွန်အဖျားဒေသများ ဦးစားပေးပျံသန်း

ပြည်ပခရီးစဉ်များသာ ပျံသန်းပြေးဆွဲလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)အနေဖြင့် ပြည်တွင်းခရီးစဉ်များတိုးချဲ့ပြေးဆွဲရန် Embraer E 190 လေယာဉ်လေးစင်းအား မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီကတည်းက စီစဉ်မှာယူခဲ့ပြီး ယခုအခါ ပထမအဆင့်အနေဖြင့် Embraer E 190–100 LR XY–ALO လေယာဉ်အသစ်သည် MAI လေကြောင်းလိုင်း၏ လိုဂိုနှင့် လေယာဉ်ကိုယ်ထည် ဆေးမှုတ်ခြင်းများပြုလုပ်ပြီးစီးသွားသောကြောင့် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ ရောက်ရှိလာခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း



(MAI) အနေဖြင့် ယခုရောက်ရှိလာသည့် Embraer E 190 လေယာဉ်များဖြင့် မြန်မာနိုင်ငံအတွင်း ခရီးသွားပြည်သူများ ကား၊ ရထား၊ သင်္ဘောတို့ဖြင့် သွားလာရန်ခက်ခဲသည့် မြန်မာနိုင်ငံ၏ အစွန်အဖျားဒေသများသို့ ဦးစားပေးပျံသန်းပြေးဆွဲမည်ဖြစ်ပြီး ပူတာအို၊ မြစ်ကြီးနား၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ ကျိုင်းတုံ၊ ဟဲဟိုး၊ စစ်တွေ၊ ညောင်ဦး၊ နေပြည်တော်နှင့် မန္တလေးမြို့များသို့ ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည်။

### မိုင် ၂၄၀၀ အထိ တိုက်ရိုက်ပျံသန်းနိုင်

ယခုရောက်ရှိလာသည့် Embraer လေယာဉ်သည် MSN 529 ဖြစ်ပြီး ပိုမိုခေတ်မီသစ်လွင်သော Business Class နှင့် Economy Class အမျိုးအစားနှစ်ခုပါရှိကာ မိုင် ၂၄၀၀ ခန့်အထိ တိုက်ရိုက်ပျံသန်းနိုင်မည့် Long Range (LR) အမျိုးအစားဖြစ်သည်။ ထို့ပြင် ခေတ်မီအဆင့်မြင့်လေယာဉ်များတွင်ပါရှိသော လေယာဉ်မှူးများ လေယာဉ်ကွင်း၌ Taxi၊ Take off၊ Approach၊ Landing နှင့် Roll–off ပြုလုပ်နေစဉ်အတွင်း အသံဖြင့်အကြံပေးသောစနစ် RASS (Runway Awareness And Advisory System)၊ Cockpit မှ Cabin သို့ ကြပ်မတ်စစ်ဆေးကြည့်ရှုနိုင်သည့် CSS (Cabin Surveillance System) စနစ်နှင့် လေယာဉ်ပျံသန်းမှုကို ကြပ်မတ်ကွပ်ကဲနိုင်ရန်အတွက် ADS.B (Automatic Dependent Surveillance Broadcast) စနစ်တို့ကို အပြည့်အစုံတပ်ဆင်ထားသည့် အဆင့်မြင့်လေယာဉ်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ Pilot နှင့် Cabin Crew များ၊ ဝန်ထမ်းများ၏ နိုင်ငံတကာခရီးစဉ်များတွင် ဆောင်ရွက်ပေးနေသည့် International Standard Service များအတိုင်း ဝန်ဆောင်မှုများပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်း–ရဲရင့်ရှိုင်း
ဓာတ်ပုံ–ဖိုးသော်ဇင်

■

# ဗန်းမောက်မြို့နယ်၌ ဇလုံတောင်တက်လမ်းကို ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက်မည်

**ကသာ အောက်တိုဘာ ၂၆**

ဗန်းမောက်မြို့နယ် ဇလုံတောင်တက်လမ်းကို ရာသီမရွေးသွားလာနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ တိုင်းဒေသကြီး အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် လေးသီကျေးရွာအုပ်စု ခမိုးကျေးရွာ ခမိုးယာဉ်ရပ်နားစခန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ EIA Scoping Report အစီရင်ခံစာအတွက် အောက်တိုဘာ၂၅ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်သော Public Consultation Meeting တွင် ဦးသစ်ထူးမြင့်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လေးသီကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ Terrain Co.,Ltd မှ တာဝန်ရှိသူများ ၊ S.E.E.D Ltd မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး စီမံကိန်းကာလအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကာ တိုင်းဒေသကြီးအမှုဆောင်အရာရှိက လက်ရှိတွင် အဝေးပြေးယာဉ်ရပ်နားစခန်း၌ စွန့်ပစ်အမှိုက်များ သိမ်းဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ဆက်လက်၍ လမ်းတစ်လျှောက်နှင့် ဇလုံတောင်အထိ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ သိမ်းဆည်းပေးမည့်အခြေအနေများကို ဆွေးနွေးသည်။

ဆက်လက်၍ရေဆိုးစွန့်ပစ်မှုအခြေအနေများကိုလည်း လက်ရှိ အကြံပေးအဖွဲ့၏ အကြံပြုချက်များအတိုင်း ညှိနှိုင်း၍ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ တောင်တက်လမ်းကိုလည်း ရာသီမရွေးသွားလာနိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးပြောကြားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# အားကစားနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကော့သောင်း အောက်တိုဘာ ၂၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကော့သောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်းကာ အားကစားနှင့်ကျန်းမာရေး ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ Talk Showအစီအစဉ်ကိုအွန်လိုင်းလွှင့်တင် အသိပညာပေးနိုင်ရေးအောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ဆွေးနွေးရိုက်ကူးခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးနောင်လတ်ဖြိုးက ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်များနှင့်အညီ ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုသင်တန်းများ ပို့ချပေးနေမှုအခြေအနေများကို အသိပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် ကော့သောင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာဖိနစ်ဒန်းနည်းပြဆရာမ ဒေါ်သော်တာဦးက ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုနည်းစနစ်များကို လိုက်လံသင်ကြားပြသပေးနေမှုအခြေအနေများ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ကျန်းမာရေးကိုစိတ်ပါဝင်စားသူပြည်သူများ မိမိတို့ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ရောဂါကူးစက်မှုမဖြစ်ပေါ်စေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နေမှု အခြေအနေများကိုဆွေးနွေးခဲ့ကြသည်။ **ကျော်စိုး(ကော့သောင်း)**

# မင်္ဂလာဒုံမြို့နယ်၌ လူထုအခြေပြုဖျားနာကုအခမဲ့ဆေးခန်း ဖွင့်လှစ်မည်



**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသည့် ဖျားနာကုဆေးခန်းများအနက် ၂၅ ခုမြောက်ဖြစ်လာမည့် မင်္ဂလာဒုံမြို့နယ် လူထုအခြေပြုဖျားနာကု အခမဲ့ဆေးခန်းကို ရက်သတ္တပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ဖျားနာကုဆေးခန်းများကွန်ရက် (ရန်ကုန်)မှ သိရသည်။

အဆိုပါဆေးခန်းကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မင်္ဂလာဒုံပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ကျောင်းရှေ့မှတ်တိုင်)ရွှေညောင်ပင်အနီး၌ ဖွင့်လှစ်ကုသပေးမည်ဖြစ်သည်။

ဆေးခန်းရေရှည်လည်ပတ်နိုင်ရန်အတွက် လုပ်အားပေးကူညီရန် စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်း ညီအစ်ကိုမောင်နှမများအနေဖြင့် အဆိုပါဆေးခန်း တာဝန်ခံဆရာဝန် ဒေါက်တာအိမွန်မွန်ကျော် ဖုန်း-၀၉-၄၃၀၉၈၉၅၃ ထံသို့ ဆက်သွယ်နိုင်ပြီး အလှူရှင်များအနေဖြင့်လည်း အဆိုပါ ဖုန်းနံပါတ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အေးမင်းသူ**

# ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များ၌ သားငါးစားသောက်ကုန်များ လှည့်လည်ရောင်းချမည့်အစီအစဉ်စတင်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏လမ်းညွှန်မှုအရ မြို့နေပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေး၊ မိမိတို့နေအိမ်မှ ကွာဝေးသောဈေးများသို့ သွားရောက်ဝယ်ယူခြင်းမပြုသည့်အတွက် ကူးစက်ရောဂါပြန့်ပွားမှုမှ အထိုက်အလျောက်ကာကွယ်နိုင်ရေး၊ သန့်ရှင်းလတ်ဆတ်သော သားငါးစားသောက်ကုန်များကို မိမိတို့ရပ်ကွက်တွင်း ဝယ်ယူရရှိနိုင်စေရေးတို့ကို ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကြီးမှူး၍ ညီနောင်လုပ်ငန်းရှင်အသင်းများမှ မြို့နယ်ရပ်ကွက်များအရောက် လှည့်လည်ဈေးရောင်းခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းမှစတင်၍ ရောင်းချပေးလျက်ရှိသည်။



ရှေ့ပြေးစမ်းသပ်ကာလအဖြစ် ယနေ့ နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ရွှေအုန်းပင်အိမ်ရာ၊ ရွှေအင်ကြင်းအိမ်ရာများ၊ ဒဂုံမြောက် မဟာမြိုင်အိမ်ရာ၊ တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် အာသောက၊ ကျားကွက်သစ်လမ်း၊ အောင်မင်္ဂလာလမ်း နှင့် အောင်မင်္ဂလာအိမ်ရာ ၊ သီတာလမ်း၊ တာမွေ မအူကုန်း၊ ညနေပိုင်းတွင် ရန်ကင်း ကံဘဲ့စည်ပင်အိမ်ရာဝင်း၊လယ်ဆည် ဝန်ထမ်းအိမ်ရာ၊ ဟိုတယ်ခရီးဝန်ထမ်းအိမ်ရာ၊တာမွေကြီးတာမွေလေး၊ မြောက်ဒဂုံ ဗိုလ်ဗထူး အိမ်ရာနှင့် မြို့နယ်အတွင်း လမ်းမကျယ်များပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးနှင့် မြို့နယ်စည်ပင်သာယာရေးတို့မှစီမံခန့်ခွဲမှုဖြင့် စတင်ရောင်းချပေးလျက်ရှိသည်။

လက်လီရောင်းချပေးမည့် စားသောက်ကုန်များမှာ ကြက်သား(CP) ၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊ အသင့်ထုပ်ပိုးပြီး ရေချို၊ ရေငန်ငါးအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ ၊ ဟင်းသီးဟင်းရွက် မျိုးစုံများဖြစ်ပြီး သက်သာသောဈေးနှုန်းများဖြင့် နေ့စဉ်ဈေးကားနှင့်လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကာ လူတန်းစားမရွေး ဝယ်ယူနိုင်မည့် အလေးချိန် အရွယ်အစားများကို သက်သာသောဈေးနှုန်းများဖြင့် လက်လီရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# ဘောလခဲမြို့နယ်၌ ကျေးရွာဘုန်းတော်ကြီးကျောင်း၊ အားကစားကွင်းနှင့် ဘောလုံးကွင်းဆောက်လုပ်နိုင်ရန်အတွက် ထောက်ပံ့ငွေပေးအပ်

**လွိုင်ကော် အောက်တိုဘာ ၂၆**

ကယားပြည်နယ် ဘောလခဲမြို့နယ် အတွင်းရှိ ကျေးရွာဘုန်းတော်ကြီး ကျောင်း အသစ်ပြန်လည်မွမ်းမံတည်ဆောက်ရန်၊ အားကစားကွင်းနှင့် ဘောလုံးကွင်း ဖောက်လုပ်နိုင်ရန် အတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ရုံးခန်း၌ ပြုလုပ်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ထောက်ပံ့ငွေပေးအပ်ရာတွင် ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးကဘောလခဲမြို့နယ် ဝမ်မလန်းကျေးရွာဟောင်း၊ သဲတောင်ဘုန်းတော်ကြီးကျောင်းအား အသစ်ပြန်လည်မွမ်းမံတည်ဆောက်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၀၊ ဘောလခဲမြို့နယ် ရေနီပေါက်ကျေးရွာ၌ အားကစားကွင်း ဖောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ နှင့် ဘောလခဲမြို့နယ် ရွာသစ်ကျေးရွာ၌ ဘောလုံးကွင်းဖော်ထုတ်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၇၀ အား ပေးအပ်ရာ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဘောလခဲမြို့နယ် အုပ်ချုပ်ရေးမှူးတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**စိုးလှိုင်ဌေး (ပြန်/ဆက်)**

■

# ပလင်းကမ်းသာယာဆင်စခန်း၌ ကိုဗစ်-၁၉ ကာလအတွင်း ဆင်စာဘူဖေးလှူဒါန်းကျွေးမွေးမှု များပြားလာ



**ညောင်ဦး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ-ပခုက္ကူကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင်ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းပိတ်ထားစဉ်ကာလအတွင်း မြန်မာပြည်အရပ်ရပ်မှဆင်ချစ်သူများက ဆင်စာဘူဖေးကျွေးမှုများပြားလာကြောင်း သိရသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းအားကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ယခုနှစ် မတ် ၂၅ရက်မှစတင်ကာ ခေတ္တယာယီပိတ်ထားခဲ့ရာ မြန်မာပြည်အရပ်ရပ်ရှိဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းလျက်ရှိရာ ဆင်စခန်းယာယီပိတ်ထားသည့်ကာလအတွင်း ၁၀၇ ကြိမ်ကျော်ထိ ဆင်စာဘူဖေးကျွေးမှုများပြားလာပြီး နောက်ထပ်ကျွေးမွေးရန် အွန်လိုင်းမှ ကြိုတင်ချိတ်ဆက်မှုများလည်းရှိနေသေးကြောင်း ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုထံမှ သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆင်စခန်း၂၂ ခုထိ ဖွင့်လှစ်ထားရှိထားပြီး ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့်Page များတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေဗီယာမြက်၊ ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ အုန်းသီး၊ ပြောင်းဖူး စသည့်ရာသီပေါ်သီးနှံများကို အဓိကကျွေးမွေးကြကာ ဆင်စာဘူဖေးတစ်ခါကျွေးလျှင် ကျပ် ၃၀၀၀၀ မှ ကျပ် ၅၀၀၀၀ ထိ လှူဒါန်းကြကာ တစ်နေ့စာ ဆင်ခုနစ်ကောင်အတွက် ကျပ် ၁၀၀၀၀၀ လှူဒါန်းနိုင်ကြောင်း သိရသည်။

ပလင်းကမ်းသာယာဆင်စခန်း ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပိတ်ထားစဉ်ကာလအတွင်းဖုန်းဖြင့်ဖြစ်စေ၊ ဆင်စခန်းPageများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ပလင်းကမ်းသာယာဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကို ဖုန်း-၀၉-၇၉၃၈၂၀၅၃၂ သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **ဝင်းထိန်(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဆွမ်ပရာဘွမ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး





**မြစ်ကြီးနား အောက်တိုဘာ ၂၆**

မြစ်ကြီးနားနှင့်ပူတာအိုခရိုင်ချင်းဆက်လမ်းဖြစ်ပြီး ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၌ မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းပိုင်းအတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆွမ်ပရာဘွမ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၃၊ ၂၄ ရက်တို့တွင် သွားရောက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းပိုင်း (၁၃၂)မိုင်အတွက် မိုင်တိုင်အမှတ် (၆၀/၅)တွင်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၉၄ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းနှင့် လမ်းအထူးအဖွဲ့(၂)မှ ဒုတိယညွှန်ကြားရေးမှူးတို့က ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် လမ်းတစ်လျှောက် တောင်မြေချဲ့ခြင်း၊ အမာခံလမ်းပခုံးနှင့် အမာခံလမ်းတည်ဆောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ၉၉ မိုင် View Point၌ မြေယာရှင်းခင်း တည်ဆောက်ထားရှိမှု၊ လမ်းပိုင်းပေါ်ရှိ တံတားအမှတ်(၆/၁၁၁) ဆီနင်ခတံတား ၂၀၄ ပေ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ၁၃၁ မိုင် ဆွမ်ပရာဘွမ်မြို့အဝင်ဆိုင်းဘုတ် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဆွမ်ပရာဘွမ်မြို့အတွင်းရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆိုင်ခန်းပေါင်း ၄၇ ခန်းဖြင့် မြို့မဈေး တည်ဆောက်ပြီးစီးမှုနှင့် မြို့၏ဘန်ရှူခန်းမသစ် တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဘန်ရှူခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီးဌာနဆိုင်ရာအားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကာ မြို့နယ်ပညာရေးမှူးရုံးအတွက် ကွန်ပျူတာတစ်စုံ လိုအပ်မှုကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဆွမ်ပရာဘွမ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ RCဘုရားကျောင်း၊ နှစ်ခြင်းခရစ်ယာန် KBC အသင်းတော်ကျောင်းများနှင့် AG အသင်းတော်၊ COC အသင်းတော်ဘုရားကျောင်းများအတွက် ကျောင်းထိုင်ဆရာတော်များ၊ သိက္ခာတော်ရဆရာတော်များထံ ငွေကျပ် ၁၀ သိန်း၊ ဆားမုန့်တစ်ဘူးနှင့် ဆန် တစ်အိတ်စီတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် မြို့မရပ်ကွက် ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ပြင်ဆင်ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသော လူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် မြို့မရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့တွင် ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများနှင့် ရွေးကောက်ပွဲအောင်မြင်အေးချမ်းစွာကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူများအား လိုအပ်ချက်များမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

## ဖျာပုံ၌ ဆန္ဒမဲလက်မှတ်စာအုပ်များနှင့် မဲရုံသုံးပစ္စည်းများ ထုတ်ပေးလျက်ရှိ

**ဖျာပုံ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ရွေးကောက်ပွဲ၌ အသုံးပြုနိုင်ရန်အတွက် ဆန္ဒမဲလက်မှတ်စာအုပ်၊ မဲပုံး၊ စာအိတ်၊ လုံခြုံရေးကြိုး စသည့် မဲရုံသုံးပစ္စည်းများနှင့် ကိုဗစ်-၁၉ရောဂါကာကွယ်ရေး ပစ္စည်းများကို သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်၊ကျေးရွာ ရွေးကောက်ပွဲကော် မရှင်အဖွဲ့ခွဲများထံသို့ သတ်မှတ်ရက်အလိုက် စိစစ်ထုတ်ပေးလျက်ရှိသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ ဆက်လက်အပ်နှံထုတ်ပေးရာတွင် သတ်မှတ်အရေအတွက်စစ်ဆေးခြင်း၊ ထိခိုက်ပျက်စီးမှုရှိ၊ မရှိစစ်ဆေးခြင်း၊ အမျိုးအမည် ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးခြင်း၊ ရရှိ၊ ထုတ်ပေး၊ လက်ကျန်ကိုက်ညီရေးစစ်ဆေးခြင်း၊ မှတ်တမ်းရေးသွင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဖျာပုံမြို့နယ်တွင်မဲရုံ ၂၄၉ ရုံ၊ ကျိုက်လတ်မြို့နယ်တွင် မဲရုံ ၂၆၀၊ ဘိုကလေးမြို့နယ်တွင် မဲရုံ ၃၆၁ ရုံနှင့် ဒေးဒရဲမြို့နယ်တွင်မဲရုံ ၁၈၁ ရုံရှိပြီး ဖျာပုံခရိုင်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၆၈၀၀၀၀ ကျော်ရှိကြောင်း ဖျာပုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ဝင်းသိန်းထံမှ သိရသည်။



**သပြေထွန်း**

## လဟယ်မြို့၌ မဲရုံဆိုင်ရာပညာပေးသင်တန်း ပို့ချ

**လဟယ် အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအား မဲရုံဆိုင်ရာပညာပေးသင်တန်းကို လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ အောက်တိုဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

လဟယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးပါခင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးဇာတ်လမ်းတိုဗီဒီယိုများပြသခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးများဖြစ်သည့်ဒေါ်သန်းသန်းဝင်းနှင့် ဒေါ်နှင်းဟေမာန်လွင်တို့က ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ဆင့်၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ သင်တန်းပို့ချခဲ့ကြသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**



## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသင်တန်း ညောင်လေးပင်၌ဖွင့်

**ညောင်လေးပင် အောက်တိုဘာ ၂၆**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ညောင်လေးပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များသင်တန်းကို ယနေ့ နံနက် ၉ နာရီက ညောင်လေးပင်မြို့ စက်ရုံလမ်းရှိ အခြေခံပညာအထက်တန်း(ခွဲ)ကျောင်း ခန်းမဆောင်၌ဖွင့်လှစ်ရာ ညောင်လေးပင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာသောင်းဒန်ဦး၊ ဌာနဆိုင်ရာများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

ယင်းသင်တန်း၌ညောင်လေးပင်မြို့နယ်အတွင်းမဲရုံများတွင်မဲရုံမှူး၊ ဒုတိယမဲရုံမှူးမဲရုံအဖွဲ့ဝင်များစသည်ဖြင့် မဲရုံလုပ်ငန်းများ၊ ကြီးကြပ်ထမ်းဆောင်ရမည့်လုပ်ငန်းစဉ်များကို လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကိုအောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်ထိ တစ်ရက်လျှင် သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဖြင့် သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပိန်းဇလုပ်သိန်းညွန့်**

## မက်မန်းမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ဆင့်ပွားသင်တန်းပို့ချ

**မက်မန်း အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ဒုတိယမဲရုံမှူး၊ရပ်/ကျေးအုပ်စု ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက မက်မန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ပြုလုပ်ခဲ့သည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်က ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်မဲရုံမှူး၊ဒုတိယမဲရုံမှူး၊ရပ်/ကျေးအုပ်စု ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်နှင့် မိမိတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်းတစ်စုံတစ်ရာအခက်အခဲများကြုံလာပါက သက်ဆိုင်ရာကော်မတီများထံသို့ ချက်ချင်းသတင်းပေးပို့ ဆောင်ရွက်သွားရန် မှာကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးပြည့်ဖြိုးအောင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအနေဖြင့် ယခုသင်ကြားပို့ချမည့် ဆင့်ပွားသင်တန်းသင်ခန်းစာများကို မဲရုံအဖွဲ့ဝင်များအား ပြန်လည်ပို့ချရာတွင် အမှားအယွင်းမရှိစေရန် ဂရုတစိုက်ပြန်လည်ပို့ချရေးမဲရုံမှူး၊ ဒုတိယမဲရုံမှူး၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သိရှိနားလည်စေရေး ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းမြတ်စိုး(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မဲရုံသုံးပစ္စည်းများ ဆက်လက်ထုတ်ပေး

**တနင်္သာရီ အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက ရွေးကောက်ပွဲကာလမဲရုံ ၉၇ရုံတွင်အသုံးပြုရန်အတွက် မဲပုံးများနှင့် မဲရုံသုံးပစ္စည်းအမျိုးမျိုးကို အောက်တိုဘာ၂၅ရက်မှစတင်၍ထုတ်ပေးခဲ့ရာ ကျန်ရှိသောရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများထံ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့မဲရုံသုံးပစ္စည်းများထုတ်ပေးရာတွင် မဲပုံး၊ မဲလက်မှတ်များ၊ ရွေးကောက်ပွဲနှင့်ဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များ၊ မဲပေးပုံအဆင့်ဆင့်ပညာပေးဗီဒီယိုခွေ၊သိမှတ်ဖွယ်ရာစာအုပ်များ၊စည်းမျဉ်းစည်းကမ်းစာအုပ်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလုပ်ငန်းလမ်းညွှန်စာအုပ်များ၊မဲစာရင်းပုံစံများကိုသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ကိုယ်တိုင် လာရောက်ထုတ်ယူကြပြီး တနင်္သာရီမြို့နယ်အတွင်း ရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၂၁ အုပ်စု စုစုပေါင်း၂၆ စုတွင် မဲရုံ ၉၇ ရုံရှိ၍ မဲဆန္ဒရှင်ပြည်သူ ၈၀၀၀၀ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှသိရသည်။

**နန်းသာရီ-ထိန်ဝင်း**
**(ပြန်/ဆက်)**

## ဂန့်ဂေါမြို့နယ်၌ ဆောင်းရာသီမြေပဲစိုက်ခင်းများတွင် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး ဆောင်ရွက်



**ဂန့်ဂေါ အောက်တိုဘာ ၂၆**

ဂန့်ဂေါမြို့နယ်တွင် စိုက်ပျိုးထားသောဆောင်းမြေပဲစိုက်ခင်းများတွင် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနိုင်ရေးအတွက် ပိုးမွှားရောဂါ ကင်းထောက်စစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဒုတိယဦးစီးမှူးဦးမြင့်ဇော်၊ မြို့နယ်သီးနှံကာကွယ်ရေး တာဝန်ခံလက်ထောက်ဦးစီးမှူး ဦးသူရဇော်နှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက မောက်လင်းကျေးရွာရှိ ဆောင်းမြေပဲစိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေးပြီး တောင်သူများအား ပိုးမွှားရောဂါ စနစ်တကျ ကာကွယ်နှိမ်နင်းရေးပညာပေးဆွေးနွေးကြသည်။

ဂန့်ဂေါမြို့နယ်အတွင်းရှိ ဆောင်းမြေပဲတွင် ဆင်းပဒေသာ(၆)၊ ဆင်းပဒေသာ(၁၁)နှင့် မကွေး(၁၆) မြေပဲမျိုးများကိုစိုက်ပျိုးလေ့ရှိပြီး ယခင်နှစ်က ဆောင်းမြေပဲ ၅၃၃၃ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် ယခုနှစ် ဆောင်းရာသီတွင် ယခင်နှစ်စိုက်ဧကထက် ပိုမိုစိုက်ပျိုးသွားနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိန်ကျော်**

## မိုင်းဖြတ်၌ စပါးရိတ်သိမ်းချိန်လွန်နည်းပညာဆွေးနွေး

**မိုင်းဖြတ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် မိုးစပါးရိတ်သိမ်းချိန်လွန်နည်းပညာ(Talk Show) ဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က ကိုဗစ်-၁၉ရောဂါဖြစ်စဉ် ကာလတွင် မိဘပြည်သူများကိုအွန်လိုင်းမှတစ်ဆင့် အသိပညာပေးဆွေးနွေးပွဲများ ရိုက်ကူးထုတ်လွှင့်ပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွဋ်လွင်က စပါးရိတ်သိမ်းချိန်လွန်နည်းပညာဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွဋ်လွင်က တောင်သူဦးကြီးများအနေဖြင့် စပါးရိတ်သိမ်းချိန်မှ ကြိတ်ခွဲသိုလှောင်သည့်အဆင့်ဆင့်အထိ လိုက်နာကျင့်သုံးရမည့်အချက်များဖြစ်သည့် ရိတ်သိမ်းချိန်ကာလ ဆုံးရှုံးမှု၊ ရိတ်သိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ခြွေလှေ့သန့်စင်ခြင်း၊ နေလှန်းအခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းအဆင့်နှင့် အမျိုးအစားခွဲခြားခြင်း၊ ထုပ်ပိုးခြင်း၊ အညွှန်းတပ်ခြင်းနှင့် ဈေးကွက်တင်ပို့ခြင်းစသည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## မြိတ်မြို့နယ်၌ ဓာတုကင်းလွတ် ထိုင်ဝမ်သင်္ဘောပင်များ စီးပွားဖြစ် စမ်းသပ်စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်း

**မြိတ် အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ သာရမဲကျေးရွာတွင် ဓာတုကင်းလွတ် ထိုင်ဝမ်သင်္ဘောပင် (F - 2) များကို ဈေးကွက်လိုအပ်ချက်အရ စီးပွားဖြစ် စမ်းသပ်စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံသင်္ဘောစိုက်တောင်သူ ကိုဆန်းမင်းဦးက ပြောကြားသည်။

"ထိုင်ဝမ်ရွှေနီ (၁၆၈)မျိုးစေ့ကို ဝယ်ယူစိုက်ပျိုးပြီး ထွက်ရှိလာတဲ့ အသီးမှည့်ထဲကနေ အစေ့ကိုပြန်လည်စိုက်ပျိုးပါတယ်။ ဒါကြောင့် (F-2) ဒုတိယမျိုးဆက်လို့ ခေါ်တာဖြစ်ပါတယ်။ အခုလက်ရှိ ကျွန်တော်စိုက်ထားတာက ထိုင်ဝမ် ပထမမျိုးဆက် (F - 1)အသီးမှည့်ကနေ အစေ့ထုတ် အခြောက်ခံပြီး ဒုတိယမျိုးဆက်ဖြစ်တဲ့ (F -2) ကိုပြန်လည်စိုက်ပျိုးထားခြင်းဖြစ်ပါတယ်။ နိုင်ငံခြားမျိုးရင်းကို တိုက်ရိုက်ဝယ်ယူစိုက်ပျိုးရင် ဈေးကြီးပြီး ဒေသရဲ့ရာသီဥတုနဲ့ ပိုးမွှားရောဂါအန္တရာယ်ကို ခံနိုင်ရည်နည်းလို့ ဒီဒုတိယမျိုးဆက် (F-2) ကို စိုက်ပျိုးရခြင်းဖြစ်ပါတယ်။ ဒီ (F-2) ဒုတိယမျိုးဆက်က ရာသီမရွေးစိုက်ပျိုးလို့ရတယ်။ ဒေသရာသီဥတုဒဏ်နဲ့ ရောဂါပိုးမွှားအန္တရာယ်ကိုပါ ခံနိုင်ရည်ရှိပြီး ဓာတုဆေးဝါးတွေမသုံးလို့ စားသုံးသူတွေ အန္တရာယ်ကင်းရှင်းစေပါတယ်" ဟု စန္ဒဝတ်ကျေးရွာအုပ်စု သာရမဲကျေးရွာမှ သင်္ဘောစိုက်တောင်သူ ကိုဆန်းမင်းဦးက ပြောကြားသည်။



ယခုလက်ရှိတွင် ထိုင်ဝမ်သင်္ဘောမျိုး ရွှေနီ (၁၆၈) မျိုးစေ့မှာ တစ်ထုပ်လျှင် ငွေကျပ် ၆၀၀၀မှ ၃၀၀၀၀အထိရှိပြီး မျိုးစေ့ထုပ်အမျိုးအစားပေါ် မူတည်ကာ ပျိုးထုပ်အပင်ရေ ၂၀၀မှ ၁၀၀၀ထိ ရရှိစိုက်ပျိုးနိုင်ကြောင်း၊ သင်္ဘောပျိုးပင်များကို စတင်မြေချ စိုက်ပျိုးသည့်အချိန်မှ ခြောက်လ၊ ခုနစ်လကာလအကြာတွင် သင်္ဘောသီးမှည့်များအား ဆွတ်ခူး၍ မြိတ်ဒေသတွင်းရှိ ဈေးကွက်သို့ ပို့ဆောင်ရောင်းချနေရကြောင်း သိရသည်။

သင်္ဘောပင်တစ်ဧက စိုက်ပျိုးပါက ကုန်ကျမှုစရိတ်မှာ ငွေကျပ် ၁၀ သိန်းခန့်ရှိပြီး ဈေးကွက်ကောင်းသည့်အခါ စိုက်ပျိုးကုန်ကျမှု စရိတ်နုတ်ပြီး ငွေကျပ်သိန်း ၃၀ ကျော်ခန့်ထိ အကျိုးအမြတ်ရရှိသည်။ **မြင့်ဦး(မြိတ်)**

## ကျွန်းလှမြို့နယ်၌ စပါးမျိုးစေ့ထုတ်စိုက်ခင်းများ မျိုးကွဲနုတ်ပယ်

**ကျွန်းလှ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင်CERPအစီအစဉ်အရ စိုက်ပျိုးသော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများအား မျိုးကွဲနုတ်ပယ်ခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်းနှင့်အသိပညာပေးခြင်းကိုအောက်တိုဘာ၂၅ ရက် နံနက် ၈ နာရီက မြို့မနည်းပညာပြန့်ပွားရေးစင်တာအတွင်းရှိ မကျည်းအင်း၊ လွှတ်တိုက်နှင့် ရှမ်းစုကျေးရွာအုပ်စုမှတောင်သူ ၂၂ ဦး၏ စိုက်ဧက၆၅ ဧက၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြမြသွယ်က စပါးခင်းများတွင် ဓာတ်မြေဩဇာကို အချိန်ကိုက်အချိုးညီစနစ်တကျသုံးစွဲရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး၊ စပါးပင်ယိုင်လဲမှု မရှိစေရန်နှင့် အစေ့အဆန်အောင်မြင်ပြည့်ဖြိုးစေရန် Potash မြေဩဇာသုံးစွဲရေးကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပေါင်းမြက်ကင်းစင်ရေး၊ မျိုးကွဲများနုတ်ပယ်ရေးမျိုးကောင်း မျိုးသန့်မျိုးစေ့ရရှိရေးတို့ကို တောင်သူများနှင့် တွေ့ဆုံပြီးပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင်CERPအစီအစဉ်အရ မိုးစပါးမျိုးစေ့ထုတ်ကွက်အဖြစ် တောင်သူ၈၉ ဦးမှဧက ၃၃၀ စိုက်ပျိုးထားကြောင်း၊ ယခုအခါစပါးစိုက်ခင်းများ ပိုးမွှားကျရောက်မှုနည်းပါးပြီး မိတ်ဆွေပိုးများသာတွေ့ရှိရကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ညောင်ဦးမြို့နယ်၌ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများ ထွက်သလောက်ရောင်းချရခြင်းကြောင့် အဆင်ပြေနေ

**ညောင်ဦး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာများမှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလဖြစ်သော်လည်း ဖီးကြမ်းငှက်ပျောထွက်သလောက်ရောင်းချနေရကြောင်း လက်ပံခြေပေါ်ကျေးရွာငှက်ပျောစိုက်တောင်သူ ဦးအောင်ဌေးထံမှ သိရသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ကျေးရွာအုပ်စုရှိ ကျေးရွာများ၊ အုန္နကျောင်းအုပ်စု ကျေးရွာများသည် ဖီးကြမ်းငှက်ပျောစိုက်ပျိုးခြင်းအား မြေအောက်ရေအသုံးပြု၍စိုက်ပျိုးကြခြင်းနှင့် ဧရာဝတီမြစ်ရေတင်ဖြင့်လည်းကောင်း၊ လက်ပံခြေပေါ်မြစ်ရေတင်ရေဖြင့်လည်းကောင်း စိုက်ပျိုးကြရာ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများအောင်မြင်ဖြစ်ထွန်းနေကြကာ ဖီးကြမ်းငှက်ပျောခုတ်ချိန်(ပေါ်ချိန်)ဈေးနှုန်းကောင်းကောင်းဖြင့်ရောင်းချနေရခြင်းကြောင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေနေကြကြောင်းသိရသည်။

လက်ပံခြေပေါ်ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် ငှက်ပျောစိုက်ပျိုးခြင်းအား ဝါဆို၊ ဝါခေါင်လတို့တွင် အများဆုံးစတင်စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး ဆယ်လ၊ ဆယ့်တစ်လတွင် ငှက်ပျောစတင်ပေါ်ကာ ခုတ်သိမ်းရောင်းချကြကြောင်း၊ ငှက်ပျောတစ်ခိုင်လုံးဈေး သည်လည်း ငှက်ပျောဖီးအရေအတွက် အပေါ်မူတည်ကာဈေးသတ်မှတ်ရောင်းချကြောင်း၊ ငှက်ပျောတစ်ဖီးကျပ် ၈၀၀ ဖြင့်ရောင်းကြပြီး ငှက်ပျောခိုင်တစ်ခိုင် ရှစ်ဖီးပါပါက ကျပ် ၆၄၀၀ သတ်မှတ်ရောင်းချကာ ၁၀ ဖီးခိုင်တစ်ခိုင် ကျပ် ၈၀၀၀ သတ်မှတ်ရောင်းချကာ ထွက်ရှိလာသည့် ဖီးကြမ်းငှက်ပျောမှန်သမျှ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလဖြစ်သော်လည်း ဈေးနှုန်းကောင်းဖြင့်ရောင်းချနေရခြင်းကြောင့် ငှက်ပျောစိုက်တောင်သူများအဆင်ပြေနေကြကြောင်း သိရသည်။

ငှက်ပျောသီးနှံစိုက်ပျိုးခြင်းသည် အလုပ်များနေ၍ ပစ်ထားလျှင်ပင်မသေဘဲ ဖြစ်ထွန်းခြင်းကြောင့် စိုက်ပျိုးသင့်သည့်သီးနှံအမျိုးအစားဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူများကပြောပြကာ ဖီးကြမ်းငှက်ပျောသီးနှံ တစ်ဧကလျှင် တစ်နှစ်အတွင်း ကျပ်သိန်း ၅၀ ဝင်ငွေရှိပြီး လေးနှစ်ထိ တစ်ပင်ပြီးတစ်ပင်သားတက်ယူကာ ငှက်ပျောခြံအား ပြုပြင်စိုက်ပျိုးကြောင်းသိရပြီး ငှက်ပျောခြံထိ ငှက်ပျောပွဲစားများ လာရောက်ဝယ်ယူခြင်းနှင့် ကားလမ်းမကြီးချရောင်းချခြင်းနှင့် ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မြင်းခြံ၊ ပခုက္ကူမြို့ ငှက်ပျောပွဲစားများလာရောက် ဝယ်ယူကြကြောင်း၊ ပခုက္ကူမြို့ဘက်က လက်ပံခြေပေါ် ငှက်ပျောစိုက်တောင်သူများအတွက် အဓိကဈေးကွက်ဖြစ်ကြောင်းလည်း ငှက်ပျောစိုက်တောင်သူများကရှင်းပြ၍သိရသည်။



**ကိုထိန်(ပြန်/ဆက်)**

# အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများနှင့် နေအိမ်တွင် အသွားအလာကန့်သတ်ခံထားရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် မိုဘိုင်းမဲရုံသဘောမျိုးဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်



ရန်ကုန်အနောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း

**ရန်ကုန် အောက်တိုဘာ ၂၆**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများနှင့် နေအိမ်တွင် အသွားအလာကန့်သတ်ခံထားရသူများ မဲပေးခွင့်မဆုံးရှုံးစေရန်အတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

ကြိုတင်ဆန္ဒမဲလက်မှတ်ပေးမှုကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ မိုဘိုင်းမဲရုံသဘောမျိုးဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ သက်ဆိုင်ရာမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှစ်ဦး၊ အထူးရဲ တစ်ဦး၊ မဲရုံမှူး(သို့မဟုတ်)ဒုမဲရုံမှူး တစ်ဦးနှင့် ရပ်ကွက်အတွင်းရှိ လမ်းမှူး/ဆယ်အိမ်မှူးများအား တာဝန်ချဆောင်ရွက်သွားမည်ဖြစ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

"အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ ကြိုတင်ဆန္ဒမဲပေးဖို့ကို လူစုလူဝေးမဖြစ်စေအောင် လမ်းတစ်လမ်းကို တစ်နေရာမှာရပ်ပြီး လုပ်တာမျိုးမလုပ်ဘဲ တစ်အိမ်ချင်းတစ်အိမ်ချင်းအလိုက် မဲပေးမယ့် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုတွေရဲ့ အိမ်ရှေ့မှာရပ်ပြီးမဲပေးလို့ရပါတယ်ဆိုပြီး ပြောပေးမှာဖြစ်ပါတယ်။ မဲပုံးလည်းပါပါမယ်။ ပြီးရင်မဲပေးမယ့်သူကိုယ်တိုင် ဆင်းလာပြီး ကြိုတင်ဆန္ဒမဲကို စာအိတ်ထဲထည့်ပြီး ကိုယ်တိုင်ပဲစာအိတ်ကို မဲပုံးထဲထည့်ရမှာဖြစ်ပါတယ်" ဟု ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ရှင်းပြသည်။

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိကာလအတွင်း ကြိုတင်ဆန္ဒမဲပေးကြမည့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်မှ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုမဲဆန္ဒရှင်ဦးရေ ၁၁၈၂၉၆ ဦးရှိပြီး အနောက်ပိုင်းခရိုင်အတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယာယီမဲရုံ ၇၉ ရုံကို တာဝန်ယူဆောင်ရွက်ရန်ပြင်ဆင်နေပြီဖြစ်ရာ အဆိုပါယာယီမဲရုံများမှာ Quarantine စင်တာများနှင့်ထပ်သွားသည့် မဲရုံ ၃၁ ရုံနှင့် မြေပြင်ပြန်ချဆောင်ရွက်ရမည့် မဲရုံ ၄၈ ရုံတို့ဖြစ်၍ သက်ဆိုင်ရာမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများမှ တင်ပြထားသောနေရာများ၌ ယာယီမဲရုံများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်အနောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

# လိပ်သို-ရှမ်းလယ်ပြင် လမ်းပေါ်ရှိ Box Culvert များ ဆောင်ရွက်ပြီးစီး



**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သို-ရှမ်းလယ်ပြင် လမ်းပေါ်ရှိ ရှစ်ပေ Box Culvert ငါးခု၊ ငါးပေ Box Culvert ခြောက်ခု ဆောင်ရွက်ပြီးစီးပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၁/၄)မိုင်ကျောက်ခင်းခြင်း လုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လိပ်သို-ရှမ်းလယ်ပြင်လမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁/၀)မိုင်၊ ၂၀၁၅-၂၀၁၆ တွင် (၅/၄)မိုင် ၊ ၂၀၁၆-၂၀၁၇ တွင် (၅/၀)မိုင် မြေသားလမ်းဖောက်လုပ်ခဲ့ပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၃/၂)မိုင် စုစုပေါင်း (၁၄/၆) မိုင် မြေသားလမ်း ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။

သံတောင်ကြီးမြို့နယ် လိပ်သို- ရှမ်းလယ်ပြင် လမ်းပေါ်တွင် ကျေးရွာပေါင်း ၁၀ ရွာ၊ အိမ်ခြေပေါင်း ၇၃၀ နှင့် လူဦးရေ စုစုပေါင်း ၃၆၄၁ ဦး နေထိုင်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လိပ်သို-ရှမ်းလယ်ပြင်လမ်းကို ကျောက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေး ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

■

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ(၁)ရက်နေ့တွင် နှစ် (၁၀၀) ပြည့်မြောက်ပြီဖြစ်ရာ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပမည် ဖြစ်ပါသည်။ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ အစဉ်အလာကြီးမားခဲ့သည့် ရန်ကုန်တက္ကသိုလ်၏သမိုင်းကြောင်းကို ပြည်သူများအနေနှင့် နှံ့စပ်စွာသိရှိနိုင်စေရန်၊ ရန်ကုန်တက္ကသိုလ်၏ နိုင်ငံ့ဂုဏ်ဆောင် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဂုဏ်သတင်းအချက်အလက်များကို ပြန်လည်ဖော်ထုတ်နိုင်ရန်၊ ယခင်က အရှေ့တောင်အာရှတွင် ထင်ရှားကျော်ကြားခဲ့သည့် ရန်ကုန်တက္ကသိုလ်၏ အတိတ်ပုံရိပ်များကို ပြန်လည်အောက်မေ့သတိရလာစေရန်၊ ရန်ကုန်တက္ကသိုလ်၏အောင်မြင်မှုများကို လေးစားအတုယူ၍ ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါသည်။

**ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ**

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်အသီးသီးတွင် တက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများသည် တစ်ဖွဲ့လျှင်(၃)ဦးပါဝင်သောအဖွဲ့ ဖွဲ့၍ အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်မည့်အဖွဲ့များသည် အောက်ဖော်ပြပါလိပ်စာများတွင် ဖော်ပြထားသည့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ (၃-၁၁-၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ e-mail လိပ်စာများသို့ ပြန်လည်ပေးပို့ရမည်။ ပြိုင်ပွဲဝင်လျှောက်လွှာများအနက်မှ ရွေးချယ်ခံရသူများစာရင်းကို (၅-၁၁-၂၀၂၀)ရက်နေ့၌ www.uy.edu.mm နှင့် www.dagonuniversity.edu.mm တို့တွင် ကြေညာပေးမည်ဖြစ်သည်။ အဆင့်လိုက် ပြိုင်ပွဲများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။ ကြိုတင်လေ့လာဖတ်ရှုထားရမည့် စာအုပ်များမှာ -

(က) ကျော်ဝင်း၊ သမိုင်းပါမောက္ခ(ငြိမ်း) ရေးသားသော ကံ့ကော်မြေမှ ရန်ကုန်တက္ကသိုလ်စာအုပ်၊

(ခ) အောက်တိုဘာလထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့မှ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ ဆောင်းပါးများ၊

(ဂ) အင်တာနက် စာမျက်နှာရှိ ရန်ကုန်တက္ကသိုလ် သမိုင်းဆိုင်ရာအထောက်အထားများ ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဝက်ဘ်ဆိုက်စာမျက်နှာ www.uy.edu.mm နှင့် www.dagonuniversity.edu.mm တွင်လည်းကောင်း၊ Facebook Page – National University of Art and Culture – Yangon, NUAC-Ygn, Official တွင် လည်းကောင်း၊ e-mail လိပ်စာ ဒေါက်တာထိပ်တင်ဟန်၊ htatetinhan@gmail.com ဖုန်း- ၀၉၂၆၄၆၃၆၁၂၉၊ ဒေါက်တာဇော်စိုးမင်း zawsoemin@uy.edu.mm ဖုန်း-၀၉၅၁၃၇၅၅၄၊ ဒေါက်တာလဲ့လဲ့အောင် llaung1111@gmail.com ဖုန်း-၀၉၅၁၉၄၁၁၂ တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်အခမ်းအနား ပျော်ပွဲရွှင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ**



## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ လ ၂၇ ရက်)**

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၂၁) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က" အက္ခရာမှ အစဉ်လိုက် "ကဇ"** ထိ စုစုပေါင်းအက္ခရာ (၄၁) လုံး၊ ထီစာအုပ် (၃၃၅၄၅၃၈) အုပ် ရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချခဲ့ရာတွင် ထီစာအုပ် (၂၇၈၇၃၆၉) အုပ် ရောင်းချခဲ့ရပြီး ထီစာအုပ် (၅၆၇၁၆၉) အုပ်မှာ ရောင်းမကုန်ထီအဖြစ် ကျန်ရှိခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း (၂၇၈၇၃.၆၉၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၆၇၂၄.၂၁၄) ဖြစ်ပါသည်။

၃။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) အထူးဆုကြီးစနစ်

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်းငါးထောင် | = | (၁) ဆု |
| (၂) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၃) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းနှစ်ထောင် | = | (၃) ဆု |
| (၅) | ကျပ်သိန်းတစ်ထောင် | = | (၄) ဆု |

(ခ) ဆုတစ်ဆုချင်းစနစ်

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၁၉) ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၂၀) ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၂၂) ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၂၅) ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၂၇) ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၃၀) ဆု |

(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်

| | | | |
|---|---|---|---|
| (၁) | ကျပ် သုံးသိန်း | = | (၁၅၀) ဆု |
| (၂) | ကျပ် နှစ်သိန်း | = | (၁၅၀၀) ဆု |
| (၃) | ကျပ် တစ်သိန်း | = | (၁၆၀၀၀) ဆု |
| (၄) | ကျပ် ငါးသောင်း | = | (၁၇၀၀၀၀) ဆု |

၄။ ထိုပြင် သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေမှ ကျပ်သန်း (၂၅၀) အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄)ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း (၂၀)ဆု၊ ကျပ် ၂သိန်း (၂၀၀)ဆု၊ ကျပ် ၁သိန်း (၂၀၀၀)ဆု စုစုပေါင်း(၂၂၂၄)ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၅။ (၂၁) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၁၁.၂၀၂၀) ရက်နေ့ (တနင်္ဂနွေနေ့) နံနက် (၈:၀၀) နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်၏ (၂၀၂၀-၂၀၂၁)ခု၊ ဘဏ္ဍာရေးနှစ်တွင်း ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင် အသိအမှတ်ပြု (လိုင်စင်ရ အဖွဲ့အစည်း/ကုမ္ပဏီ) ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်လိုသည့် လုပ်ငန်းများ
(က) RCC သင်တန်းသူ အိပ်ဆောင် (၃)ထပ် ဆောက်လုပ်ရန် (၁၀၈ပေx၄၆ပေ)Sub- Structure (၁၀၈ပေx၄၆ပေ)၊ Foundation & Superstructure (၁၀၈ပေx ၄၆ပေx၃ ထပ်) (အတွင်း ရေ၊ မီး၊ မိလ္လာ Apron & Drain အပါအဝင်)
(ခ) အဝင်လမ်းခင်းခြင်း (မြေညှိလုပ်ငန်းအပါအဝင်) (၆၀ပေx၁၂ပေx၈လက်မ)

၃။ တင်ဒါတင်သွင်းသူသည် အထက်ဖော်ပြပါ လုပ်ငန်းများကို တင်ဒါအချက်အလက်ပါ စည်းကမ်းအတိုင်း တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်။

| | |
|---|---|
| အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက် | - ၂၆-၁၀-၂၀၂၀၊ (၉:၀၀) နာရီ |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | - ၂၅-၁၁-၂၀၂၀ (၁၆:၀၀) နာရီ |
| တင်ဒါရောင်းချတင်သွင်းမည့်နေရာ | - သူနာပြုသင်တန်းကျောင်း၊ နေပြည်တော် |
| အိတ်ဖွင့်တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ | - သူနာပြုသင်တန်းကျောင်း၊ နေပြည်တော် (အစည်းအဝေးခန်းမကြီး) |

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၂၀၂၀၁၊ ၀၉-၇၈၉၇၉၁၉၈၂၊ ၀၉-၄၃၁၆၀၆၉၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | Lot(5)DUHD/UIDP(YRG)/ 2020-2021 | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနတန်ဖိုးနည်းအိမ်ရာ စီမံကိန်း အပိုင်း(၄)တွင် (၁၁/၀.၄)ကေဗွီ၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ(၇)လုံးနှင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်း (လျှပ်စစ်လုပ်ငန်း) |
| ၂။ | Lot(6)DUHD/UIDP(YRG)/ 2020-2021 | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနတန်ဖိုးနည်းအိမ်ရာ စီမံကိန်း အပိုင်း(၃)တွင် (၁၁/၀.၄)ကေဗွီ၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ(၄၀)လုံးနှင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်း (လျှပ်စစ်လုပ်ငန်း) |
| ၃။ | Lot(7)DUHD/UIDP(YRG)/ 2020-2021 | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊66/11kV, (20)MVA [ယုဇန (HGIS)] ဓာတ်အားခွဲရုံတွင် (20)MVA ထရန်စဖော်မာ တိုးချဲ့တည်ဆောက်ခြင်း |

| | |
|---|---|
| ၂။ တင်ဒါပုံစံများစတင်ရောင်းချမည့် နေ့ရက်/အချိန်/နေရာ | ၂၇-၁၀-၂၀၂၀ (အင်္ဂါနေ့) ရုံးအမှတ်(၄၀)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန |
| ၃။ တင်ဒါပုံစံအရောင်းပိတ်မည့် နေ့ရက်/အချိန် | ၂၄-၁၁-၂၀၂၀ (အင်္ဂါနေ့) (၁၅:၀၀)နာရီတိတိ |
| ၄။ တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် နေ့ရက်/အချိန်/နေရာ | ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) (၁၅:၀၀)နာရီတိတိ |
| ၅။ တင်ဒါဖွင့်ပွဲဆောင်ရွက်မည့် နေ့ရက်/အချိန်/နေရာ | ထပ်မံကြော်ငြာပါမည်။ |

အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆောက်အဦစီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် ဖုန်းနံပါတ်-၀၆၇-၃၄၀၇၆၉၈ နှင့် ၀၉-၆၈၉၀၇၂၂၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ဦးကျော်မြင့်ထွန်း(၁၂/အလန(နိုင်)၀၀၇၈၉၂)(ဘ)ဦးကျော်မြင့်သန်း သိစေရန်ကြေညာခြင်း

မြန်မာမဟာနေကုမ္ပဏီလီမိတက်၏လုပ်ငန်းများကိုဦးကျော်မြင့်ထွန်းအားယုံကြည်စွာတာဝန်ပေးအပ်နိုင်းစေခဲ့ရာ၌ ယခုအချိန်ထိ လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်ပေးသွင်းရမည့်ငွေကြေး၊ စာရင်းရှင်းလင်းခြင်းမရှိဘဲ အဆက်အသွယ်လုံးဝဖြတ်တောက် လာရောက်ခြင်းမရှိသဖြင့် (၁၄)ရက်အတွင်းလာရောက်၍ ငွေကြေးစာရင်းရှင်းလင်းပါရန်၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေအရအရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာမဟာနေကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်အေမီသက် LL.B | ဦးကျော်ဆန်းနိုင် B.A(Law),LL.B, |
| အထက်တန်းရှေ့နေ(စဉ်-၄၈၄၇၆) | D.B.L,D.I.L,D.M.L,D.A.Psy, |
| | Dip in English, M.A(Business Law) |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၉) |
| | ဖုန်း-၀၉-၅၀၂၆၈၃၃ |

အခန်း(၀၀၄)၊(မြေညီ)၊ တိုက်အမှတ်(၉/၁၁)၊ ၃၆-လမ်း(အောက်လမ်းတို)၊ ကျောက်တံတားမြို့နယ်။

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ လမုတန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၁၉)၊ ကွင်းအမည်-ကြောင်ရှာကုန်း၊ ဦးပိုင်အမှတ်(၂၃/ခ)၊ ဧရိယာ(၂.၁၉)ဧက၊ မြေအမျိုးအစား(R1)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကျပြီး လယ်မြေကွက်သည် ထန်းတပင်မြို့နယ်မြေစာရင်းရုံးဦးစီးဌာနတွင် ဦးကျော်ညိမ်း[၁၂/ထတပ(နိုင်)၀၂၈၅၄၈]အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါလယ်မြေကွက် နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်အိမွန်ကျော်[၈/တကက(နိုင်) ၁၅၃၄၁၆]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဖြိုး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၀၇၇၃၈၃၃၊ ၀၉-၂၅၀၅၁၆၉၈၀**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/က)၊ မြေကွက်အမှတ်(၈/ဃ-၂)၊ ဧရိယာ(၀.၀၆၉)ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များကို မူလအမည်ပေါက်ဒေါ်လှငွေထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသက်[၁၂/ရကန(နိုင်)၀၄၄၉၆၁] အမှတ်(၁၄)၊ မြရတနာလမ်း၊ ရန်ကင်းမြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေအချို့ကို ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ မည်သူမဆို တရားဝင် ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ခိုင်လုံသော မူရင်းစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်ရန်မရှိလျှင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်အေး(B.A,H.G.P,R.L,WIPO)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၀၁)**
**အမှတ်(၆)၊ ဘုရင့်နောင်လမ်း၊ ဦးစံဖေရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၇၀၃၉၂၊ ၀၉-၅၀၉၂၈၉၈၊ ၀၉-၄၃၀၉၆၄၆၀**




## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက် ပြင်ဆင်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက် ရှိမြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ Box Culvert လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး COVID ကာလ ကျေးရွာများသို့ ကွင်းဆင်းရန် အခက်အခဲများကြောင့် တင်ဒါနောက်ဆုံးတင်သွင်းရမည့် (၉-၁၁-၂၀၂၀) (တနင်္လာနေ့)အစား **(၂၃-၁၁-၂၀၂၀) (တနင်္လာနေ့) ၁၆:၃၀နာရီအထိ** နောက်ဆုံးတင်သွင်းရမည့်ရက်အား ရွှေ့ပြောင်းလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ ရုံးဖုန်း-၀၁-၃၅၉၂၄၁၂ နှင့် ၀၁-၃၅၉၂၄၁၃ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## (ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ သိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန် နှိုးဆော်ခြင်း)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်း သိုလှောင်ခွင့်လိုင်စင်များသည် **၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့**တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ(၁၁၈)အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့်လျှောက်ထားရန် လိုအပ်ပါသည်။

၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို **၁-၁၁-၂၀၂၀** ရက်နေ့မှ **၃၁-၁၂-၂၀၂၀** ရက်နေ့အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် **၁-၁-၂၀၂၁** ရက်မှစတင်၍ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏ **၂ ရာခိုင်နှုန်း** ပေးဆောင်ရမည် ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန် လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြသွားရန်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်-

(က) သက်တမ်းတိုးလျှောက်လွှာ
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသော သိုလှောင်ခွင့်လိုင်စင်(မူရင်း)
(ဂ) ဤဦးစီးဌာနမှ နောက်ဆုံးကွင်းဆင်းစစ်ဆေးခဲ့သည့် ကွင်းဆင်း စစ်ဆေးချက်မှတ်တမ်း(မိတ္တူ)။
(ဃ) စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်ကန်/သိုလှောင်ရုံများ၏ လက်ရှိ အခြေအနေအတိုင်း ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ။

**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၉၃၇၆**

**ဖျံ-၅-ကောင်**
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၂၁၄/၀၆၁၈
GENEVA GOLD STAR FOR QUALITY
**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
**ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)**
**Ph.D (Alternative Medicines)**
LONDON QUALITY CROWN QC 100
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၃)လမ်း၊ အမှတ်(၈၅၉) နေ ဒေါ်အေးအေးနွယ် [၁၂/မရက(နိုင်)၁၃၅၅၃၉]ပိုင်ဆိုင်သော လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်း၊ အမှတ် (၉၁/က)၊ အကျယ်အဝန်း ပေ(၂၀x၆၀)မြေကွက် အား ကျွန်ုပ်မိတ်ဆွေ ဒေါ်သင်းသင်းအိမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်အိအိထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၃၃)**
**အမှတ်(၁၀၁)၊ ၃လွှာ၊ MKT၊ Condo၊ ၄၂လမ်း၊ (၈)ရပ်ကွက်၊**
**ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၂၀၀၂**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ပါ လယ်ယာသုံးစက်နှင့် စက်ကိရိယာ (၆)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁။ | Mini Tractor (24-28 HP) (ထွန်၊ ထယ်၊ Rotervator) အပါ | Nos | 20 |
| ၂။ | ပုဇင်းခေါင်းထော်လာဂျီ (32/33 HP) | Nos | 10 |
| ၃။ | Transplaner | Nos | 10 |
| ၄။ | Mini Backhoe | Nos | 5 |
| ၅။ | Tractor-48-50 HP With Front Dozer 16 Disc Harrow, 6 Disc Ploug, Rotary | Nos | 3 |
| ၆။ | Tractor 80 HP With Front Dozer Blade | Nos | 3 |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၃-၁၁-၂၀၂၀ မှ ၂-၁၂-၂၀၂၀ အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး ၇-၁၂-၂၀၂၀ ရက် (၁၃:၀၀) နာရီနောက်ဆုံးထား တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား Online မှ ရောင်းချသွားမည်ဖြစ်ပြီး ဆက်သွယ်ဝယ်ယူနိုင်သော လိပ်စာမှာ **coffeeseason0@gmail.com** ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ကော်ဖီ-ရာသီသီးနှံဌာနခွဲ)၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၁၀၀၊ ၀၆၇-၄၃၁၃၁၅ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**




## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၅၊ ရွှေဝါထွန်းလမ်း၊ မြေကွက်အမှတ်-၆၄၉၊ ပေ(၄၀x၆၀)အကျယ်အဝန်းရှိ ဒေါ်သိန်းဆိုင်(မမြတ်လေး)၊ (RGN-၀၀၀၀၂၀) အမည်ပေါက် ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်ကို ဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုသူ ဦးကျော်ထိုက်ဦး [၁၂/ကမတ(နိုင်)၀၆၂၅၇၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ အချို့ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေများ**

| ဦးဇော်မြင့်နိုင် | ဒေါ်အေးသူဇာ | ဒေါ်လှလှရွှေ |
|---|---|---|
| LL.B (စဉ်-၁၂၈၂၁) | LL.B,D.B.L,D.I.L (စဉ်-၁၂၈၇၉) | LL.B,D.I.L (စဉ်-၁၅၉၄၉) |

**အမှတ်-၉၅၄၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၄၀၆၇၁၊ ၀၉-၄၂၀၀၄၉၀၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ၄လမ်း၊ အမှတ်(၁၂၁)၊ (၄လွှာ)၊ (ခေါင်းရင်းခြမ်း)၊ တိုက်ခန်းနှင့်အကျိုးခံစားခွင့်များအားလုံးကိုတရားဝင်ပိုင်ရှင် ဦးကြည်စိန်(၁၂/ဒပန(နိုင်)၀၁၀၂၅၇) က ရောင်းချလို ကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဒေါ်ဆောင်းနှင်းလှိုင်(၁၂/လသယ(နိုင်)၀၉၂၂၄၃)ကိုင်ဆောင်သူကဝယ်ယူရန်သဘောတူညီပြီးနောက်တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသ အဖြစ်စရံငွေများကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှ(၅)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများကို ယူဆောင်၍လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းဆွေ(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၅)ဖုန်း- ၀၉-၅၄၀၅၈၀၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရေကျော်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၁၁)၏ (၂)ခန်းတွဲ (၇)ထပ်တိုက်မှ ခေါင်းရင်းဘက်ခြမ်း၊ မြေညီထပ်၊ အကျယ် (၁၂.၅ပေx၆၀ပေ) ရှိ တိုက်ခန်းမှာ ဒေါ်ဖြူဖြူအောင် [၁၂/ပဇတ(နိုင်)၀၀၇၀၀၄]မှ ပိုင်ဆိုင်ပြီး ယင်းတိုက်ခန်းအား ကျွန်ုပ်၏အမှုသည်က ဝယ်ယူမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်ရီရီတင်(စဉ်-၁၉၉၅) | ဒေါ်ညိုမာမြင့် (စဉ်-၁၄၈၄၉) |
|---|---|
| တရားလွှတ်တော်ရှေ့နေနှင့် နိုတာရီပဗ္ဗလစ် | တရားလွှတ်တော်ရှေ့နေ |

**ရုံး-အမှတ်(၈၉)၊ (၃၈)လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၀၁၈၃၄၅**

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## "အထူး(အထူး)ကျေးဇူးတင်ရှိခြင်း"

**ပါမောက္ခ/ဌာနမှူးဒေါက်တာကိုကိုသန့်**
**မျက်စိအထူးကုဆရာဝန်ကြီး(ငြိမ်း)**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်။**

★ ၂၇-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသော ဆရာကြီး ပါမောက္ခ ဒေါက်တာကိုကိုသန့် နာမကျန်းဖြစ်ချိန် ၂၅/၂၆-၉-၂၀၂၀ရက်တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသစဉ် အထူးဂရုစိုက် ကုသပေးကြပါသော အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဆရာဝန်ကြီး၊ ဆရာဝန်မကြီးများ၊ တာဝန်ကျ ဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ဆရာကြီး၏တပည့် မျက်စိအထူးကုဆရာဝန်ကြီး၊ ဆရာဝန်မကြီးများ၊ သူနာပြုဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း။

★ ၂၇-၉-၂၀၂၀ရက် ဝေဘာဂီဆေးရုံကြီးသို့ တက်ရောက်ကုသချိန်မှစ၍ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးကြပါသော ဝေဘာဂီဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်တကွ ဆရာဝန်ကြီးများ၊ ဆရာဝန်မကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း။

★ ဆရာကြီးအားရည်စူး၍ နေရာ၊ ဌာန၊ ဒေသအသီးသီးမှ ကုသိုလ်ကောင်းမှုအလှူ လှူဒါန်းပေးကြပါသော ဆွေမျိုး မိတ်သင်္ဂဟများ၊ မျက်စိအထူးကုဆရာဝန်ကြီး၊ ဆရာဝန်မကြီးများ၊ တပည့်ဆရာဝန်၊ ဆရာဝန်မများအားလုံး၊ ကရုဏာရှေ့ထား၍ Phone, Messenger, Facebookတို့မှ ဆက်သွယ်သတင်းမေး၊ နှစ်သိမ့်စိတ်ခွန်အားပေးပါသော ပြည်တွင်းပြည်ပ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ တစ်ဦးတစ်ယောက်ချင်းစီအားလုံးကို ကျန်ရစ်သူမိသားစုမှ တန်ဖိုးထား၍ အမည်နာမအားဖြင့် ဖော်ပြ၍မရနိုင်လောက်အောင် များပြားသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

★ ဖေဖေကြီးအားရည်စူး၍ နေ့စဉ်ပြုလုပ်ပေးသော ကောင်းမှုကုသိုလ်အစုစုကို ရောက်ရာကြားရာ ဘုံဘဝမှ မြင်သိကြားရ၍ အမျှ-အမျှ-အမျှရ၍ သာဓု၊ သာဓု၊ သာဓု ခေါ်ဆိုနိုင်ပါစေ။

**သမီး-မဝင့်ရှင်းသန့်ဦး**
**သား-မောင်တင်ကိုထူးနှင့်**
**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးအေးမြင့်မောင်**
**အသက်(၇၃)နှစ်**
**ဦးစီးအရာရှိ(ငြိမ်း)၊ အကောက်ခွန်ဌာန**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ပျဉ်းမလမ်း၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ ခြံအမှတ်(၈)နေ (ဦးသန်းမောင်-ဒေါ်စိန်နု)တို့၏ သား၊ ဒေါ်ကျင်ဌေး၏ချစ်လှစွာသော ခင်ပွန်း၊ မကေခိုင်မောင်၊ မသက်သက်ခိုင်နှင့် မောင်ကန်ထပ်ဦးမောင်တို့၏ ဖခင်၊ မြေး(၃)ယောက်တို့၏ အဘိုး ဦးအေးမြင့်မောင်သည် ၂၃-၁၀-၂၀၂၀ (သောကြာနေ့)၊ နံနက် ၄:၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၁) သာကေတ**
**ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်းခမည်းတော်ကြီး**
**ဦးအောင်ငွေဆန်း**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၁၀၄)နေ (ဦးလှတင်-ဒေါ်နု)တို့၏သား၊ ဦးငွေဇင်-ဒေါ်လှမြင့်၊ (ဦးခင်မောင်ဝေ-ဒေါ်ရင်ရွှေ)၊ (ဦးအောင်မြင့်)တို့၏ ညီ၊ မောင်၊ ဦးမောင်တူး-ဒေါ်ဌေးဌေးကြွယ်၊ ဦးစန်းလွင်-ဒေါ်ခင်သက်တို့၏ အစ်ကို၊ ဒေါ်အေးမာလွင်၏ ခင်ပွန်း၊ ဆရာလေး ဒေါ်ခေမာစာရီ(ရွှေဥမင်ဝိမုတ္တိသုခတောရ၊ အင်းတကော်)၊ အရှင်အရိယဝံသ(ဖားအောက်တောရ၊ ဟဲဟိုး)၊ ကိုထက်ဇော်-မပို့ပို့ကြည်(ခေတ္တ Singapore)တို့၏ မွေးသဖခင်ကြီး ဦးအောင်ငွေဆန်း (အထွေထွေမန်နေဂျာ-ငြိမ်း၊ ထူးမော်ကုမ္ပဏီလီမိတက်)သည် ၂၅-၁၀-၂၀၂၀(တနင်္ဂနွေနေ့)၊ နံနက်(၀၀:၂၈)နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ ရက်လည်ဆွမ်းသွတ်တရားတော်နာအစီအစဉ်ကို ရွှေဥမင်ဝိမုတ္တိသုခတောရရိပ်သာ၌ ၃၁-၁၀-၂၀၂၀ ရက် (စနေနေ့)၊ နံနက် ၁၀:၃၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟာအပေါင်းတို့အား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်ကြည် (မြစ်ကျိုး/ပဲခူး)**
**အသက်(၉၄)နှစ်**

ပါမောက္ခ ဒေါက်တာ ဦးတိုးဝင်း(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီး)-ဒေါ်စန္ဒာလွင်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်တင်ကြည် (မြစ်ကျိုး/ပဲခူး) အသက်(၉၄)နှစ်သည် ၂၁-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဓာတ်မှန်ပညာအဖွဲ့**

**သင့်သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း

**ဦးဝင်းမောင်(ခ)ပီးရ်မိုဟာမ္မဒ်(ပြည်)**
**B.com**
**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**
**အကြံပေးပုဂ္ဂိုလ် (ကမ္ဘောဇဘဏ်)**
**အသက်(၈၈)နှစ်**

ပြည်မြို့နေ (ဦးဘကြူ-ဒေါ်အာစူး)တို့၏သား၊ ရန်ကုန်မြို့၊ လမ်း(၄၀)၊ အမှတ်(၂၄၀၊ ပထမထပ်-ဝဲ) နေ မခင်သီဂီဝင်းမောင်၊ မမြသီတာဝင်းမောင်၊ ကိုဝင်းထိုက်တို့၏ဖခင်၊ (ဒေါ်စိန်စိန်မြင့်)၏ခင်ပွန်းသည် ၂၆-၁၀-၂၀၂၀ ရက် ညနေ ၆နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇-၁၀-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးမွတ်စလင်ဥယျာဉ်တော်၌ ဒဖ်ဖာနာမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမ ဒေါ်ရဟင်မ်းဘီ(ခ)ဒေါ်ခက်ခက်ချော

## အသက်(၆၆)နှစ်

ကရင်ပြည်နယ်၊ ဖာပွန်မြို့နေ [ဦးစိုင်းဒူလ္လာ-ဟာဂျီမဟလီမာဘီ(ခ)ဒေါ်နန်းအိကြိုင်]တို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးအလီကာကာ-ဒေါ်ရင်ရွှေ)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဟာဂျီဦးမောင်မောင်လှ (Chairman-Sawbwarlay Bo Bo Maung/ Boss ပါကေး)၏ဇနီး၊ ဟာဂျီဒေါက်တာဗိုလ်ဗိုလ်မောင်- ဟာဂျီမနီလာမင်းသိန်း (စော်ဘွားလေးဗိုလ်ဗိုလ်မောင်)၊ ဟာဂျီဦးအောင်ဇော်ဝင်း- ဟာဂျီမဖြူအိအိမောင် (နေပြည်တော်စော်ဘွားလေး Lifestyle Decoration)၊ ဟာဂျီဦးချစ်ကောင်း - ဟာဂျီမပန်းအိအိမောင် (မန်းအင်ပါယာ)၊ ဦးဉာဏ်ဝင်း-မသဲအိအိမောင်(Yangon Win Star Co.,Ltd.) တို့၏ ချစ်လှစွာသော မိခင်၊ မြေး(၇)ယောက်တို့၏ အဘွားဖြစ်သူ ဟာဂျီမ ဒေါ်ရဟင်မ်းဘီ(ခ)ဒေါ်ခက်ခက်ချော အသက်(၆၆)နှစ်သည် ၂၂-၁၀-၂၀၂၀ ရက်၊ ည ၇:၃၂ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၃-၁၀-၂၀၂၀ရက် (သောကြာနေ့)၊ နံနက် ၁၀:၀၀ နာရီတွင် ရေဝေးစွန်နီကဘရ်စသန်ဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများကို အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**







သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။






## ဒေါ်လှဆင့်

**အလယ်တန်းပြ (ငြိမ်း)၊ အထက(၂) စမ်းချောင်း**

**အသက် (၈၅) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၃၇၀)နေ (ဦးတင်-ဒေါ်ပု)တို့၏ သမီးကြီး၊ (ဦးမောင်မိုန်-ဒေါ်သိန်းကြင်)တို့၏သမီးချွေးမ၊ [ဦးမြသောင်း(ဟိုတယ်/ခရီး)]၏ဇနီး၊ ဦးသောင်းလွင်(ညွှန်မှူး-ငြိမ်း၊ က.ည.န)-ဒေါ်စိုးစိုးဦး(ထွေ/ဂျာ-ငြိမ်း၊ စက်မှု)၊ ဒေါက်တာကြည်ကြည်ခင် (ကလေးအထူးကုဆရာဝန်ကြီး၊ သန်လျင်ပြည်သူ့ဆေးရုံ)၊ [ဦးဝင်းဗိုလ်(ဒုစက်ရုံမှူး-သန်လျင်ရေနံချက်စက်ရုံ)]-ဒေါ်ခိုင်ဆင့်ဝင်း(လ/ထစက်ရုံမှူး-သန်လျင်ရေနံချက်စက်ရုံ)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာအောင်ခိုင်စည်(နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး)-ဒေါက်တာခင်စုလွင်၊ ဒေါက်တာမျိုးမင်းခန့်၊ မဝင့်နန္ဒာဗိုလ်(တ-နှစ်၊ သွားဆေးတက္ကသိုလ်)တို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးတင်ရှိန်-ဒေါ်ခင်သန်းတင်)၊ ဦးသိန်းဇော်-ဒေါ်သိန်းဟန်၊ ဦးမောင်မောင်တင်-ဒေါ်မြင့်မြင့်ရီ၊ ဦးတင်ကြူး-ဒေါ်စန်းစန်းတင်၊ ဦးစိန်မင်း-(ဒေါ်ညွှန့်ညွှန့်တင်)တို့၏အစ်မကြီး၊ တူ/တူမ ၁၂ ယောက်တို့၏ကြီးကြီးသည် ၂၂-၁၀-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သုံးဆယ်ထိပ်တင်အိ

**အသက် (၇၉) နှစ်**

ဘဝရှင်မင်းတုန်းမင်းတြားကြီးနှင့် ကုမ္ဗာဒေဝီဘွဲ့ခံ ခုနစ်ရွာမိဖုရားကြီး၊ အိမ်ရှေ့စံကနောင်မင်းနှင့် သီရိသင်္ခါမဟောဘွဲ့ခံ မြောက်ဆောင်တော်သခင်ကြီးတို့၏တွတ်တော်၊ မဟာသုသီရိဓမ္မရာဇာသုံးဆည်မင်းသားကြီးနှင့် ရန်အောင်မြင်ထိပ်ထားတို့၏တီတော်၊ သုံးဆယ်ထိပ်တင်ကိုယ်တော်ကြီးနှင့် ခင်ခင်လေးဘုရားတို့၏ မြစ်တော်၊ သုံးဆယ်ထိပ်တင်ဇစ်နှင့် မမလေးတို့၏မြေးတော်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (သုံးဆည်ထိပ်တင်ကြည်-ဒေါ်တင်တင်ကြီး)တို့၏ သမီးကြီး၊ (ဦးမင်းရန်နောင်)-ဒေါ်ခင်စန်းကြွယ်၊ ဦးမောင်မောင်ကြည်၊ ဦးမောင်မောင်စိုး-ဒေါ်တင်တင်အေး၊ (ဦးတင့်လွင်)-ထိပ်တင်မေ၊ (ဦးတင့်ဆွေ-ဒေါ်မာလာကြည်)တို့၏ အစ်မကြီး၊ ဦးခင်မောင်လွင်-ဒေါ်သိင်္ဂီရွှေ၊ ဦးစိုးအောင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးသက်ထွန်း-ဒေါ်ကေသီရွှေတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်လင်းကို-မရွှေရည်လွင်၊ မခင်စောထွေး၊ မောင်ဇော်သက်ဦး၊ မောင်သန့်စင်အောင်၊ မောင်ငြိမ်းချမ်းအောင်၊ မောင်ပြည့်ဖြိုးတို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး၊ (ဦးတင်ရွှေ)၏ချစ်လှစွာသောဇနီး သုံးဆယ်ထိပ်တင်အိသည် ၂၅-၁၀-၂၀၂၀ (တနင်္ဂနွေနေ့)တွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၅၄၉၇ ဗိုလ်မှူးချုပ် လှထွန်း (ငြိမ်း)**

**နိုင်ငံတော်ကောင်စီဝင် (ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)**

**ဗိုလ်သင်တန်းကျောင်းအုပ်ကြီး-မှော်ဘီ(ငြိမ်း)**

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဒေါ်တင်လှိုင်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်လှထွန်း(ငြိမ်း)သည် ၂၂-၁၀-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီး ကောင်းရာသုဂတိသို့ လားပါစေ။**

**ဗိုလ်သင်တန်း(၃၄)မှ တပည့်သီဟတေဇညီအစ်ကိုများနှင့် မိသားစုများ**

---

## " (၁) နှစ်ပြည့် အလွမ်း"

**ဒုအရာခံဗိုလ် ထွန်းကြိုင်**

**(၂၇-၁၀-၂၀၁၉)(၂၇-၁၀-၂၀၂၀)**

"မောင်လေး" မိသားစုကို ခွဲခွာသွားတာ အခုဆို (၁)နှစ်ပြည့်ခဲ့ပါပြီ။ တစ်နေ့တစ်ရက်မှ မမေ့မရပါ။ မောင်လေးအတွက် နေ့စဉ် လစဉ် အလှူဒါနကုသိုလ်ပြုလုပ်နေကြတယ်။ မောင်လေး ရောက်ရာဘုံဘဝက သာဓုခေါ်နိုင်ပါစေ-----

| | |
|---|---|
| မမကြီး | မခင်မေ |
| မမ | မခင်ညို |
| အဖြူ | မဖြူမ |
| ကိုကို | ခင်မောင်သန်း |
| ချစ်ဇနီး | စောမြအေးနှင့် တူ/တူမများ |

---

# CONDOLENCE

OUR DEEPEST SYMPATHIES & HEART FELT CONDOLENCE to DR.DAW KHIN MAW OO (JUNE) AND FAMILY FOR HER BELOVED HUSBAND GREAT SURGEON PROF MYAT THU YA. PASSED AWAY PEACE FULLY ON SEPT 28th 2020.

FROM-DR KYI PE LAW REGIONAL GEN. SECRETARY MYANMAR MEDICAL ASSOCIATION (AYEYARWADDY)

---

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိုးမြင့်

**B.Sc-Engg, အင်ဂျင်နီယာမှူး (ငြိမ်း)**

**အသက် (၈၆) နှစ်**

ပုလောမြို့နေ (ဦးသောင်းဖေ-ဒေါ်နု)တို့၏သားထွေး၊ (ဦးဖေကြီး-ဒေါ်နှင်းစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ခြံအမှတ်(၄၄-A)၊ သီရိမင်္ဂလာလမ်းနေ ဒေါ်တင်နု(ကျောင်းဆရာမ-ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးအေးစိုး)-ဒေါ်ကြည်ကြည်ဟန်၊ (ဦးသန်းစိုး)-ဒေါ်ခင်မေထွန်း(Thai Airway)၊ Dr.အုန်းအုန်းစိုး(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ လှိုင်ကော်တက္ကသိုလ်၊ အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒဘာသာရပ် သင်ရိုးရေးဆွဲရေးကော်မတီအဖွဲ့ဝင်)၊ ဦးကျော်ဇင်လတ်(Third Engineer)-ဗိုလ်ကြီးဖြူဖြူစိုး(ငြိမ်း)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်တင်ထွန်းနိုင်(NILAR HOLDINGS CO.,LTD)၊ မရည်မွန်သိမ်း(Leading Cabin Crew-Golden Myanmar Airline)၊ မောင်ပိုင်ခန့်(Engineer, Loi Hein Co.,Ltd)တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၂၆-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းသိန်းမြင့်

**ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)**

**သမိုင်းဌာန၊ မအူပင်တက္ကသိုလ်**

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့၊ အမှတ် (၁၂၄)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးလှရွှေ-ဒေါ်ကျင်လှ)တို့၏ သမီးလတ်၊ (ဦးချွန်-ဒေါ်ရှု)တို့၏ သမီးချွေးမ၊ [ဦးကျင်ထွေး (ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်)]၏ ဇနီး၊ (မောင်ဇေယျလင်း)၊ မောင်ရဲဖြိုးမင်း-မသူဇာနေနွယ်၊ မောင်ပြည့်ဖြိုးဟိန်းတို့၏ မိခင်၊ ဦးမြင့်ဦး-ဒေါ်မြမြသန်း၊ ဒေါ်ခင်ခင်လှိုင်တို့၏ညီမ၊ ဦးလှထွန်း(ခ) ဦးအောင်အောင်-ဒေါ်သင်းသင်းဦး၊ ဒေါ်လှလှဌေးတို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၂၅-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး၊**

**ရေတွင်း၊ ရေကန်၊ လမ်းအလှူရှင်**

## ဦးဝင်းမြင့်(B.E-Mechanical 84 Batch)

**(MOGE-ငြိမ်း)**

**အသက် (၆၂) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်နေ (ဦးဘိုးဆန်း-ဒေါ်အေးမြ)တို့၏သား၊ ပဲခူးမြို့နေ (ဦးကျော်-ဒေါ်တင်ရီ)တို့၏ သားသမက်၊ (ဦးစိုးမြင့်)-ဒေါ်ကြွေ၊ ဦးဝင်းမောင်-ဒေါ်ခင်ဌေး၊ ဦးမောင်ရွှေ-ဒေါ်ခင်မြင့်တို့၏ ညီ/မောင်၊ ဦးသန်းဝင်း-ဒေါ်ခင်ဥ၊ ဦးမြင့်လွင်-ဒေါ်ခင်မာချိုတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်မြင့်ဝေ (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၁၊ မြောက်ဒဂုံ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဖြိုးသီဟ-ဒေါက်တာသက်ငုံဖူးဝေ၊ ဒေါက်တာမေပိုးဝါဝင်းမြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၅-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၁၅ နာရီတွင် ကင်ဆာရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**

**မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီးပညာရှင်**

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ**

**အာဆီယံ သတင်းမီဒီယာ ကောင်စီကွန်ရက် ဒုတိယဥက္ကဋ္ဌ**

**ဓမ္မဝိရဂျာနယ်၊ ဓမ္မဝိရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်၏ နာယကကြီး**

## ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပင်းယလမ်း ၆/၉၊ အမှတ်(၂၃၄-က)နေ (ဒေါ်မြတုတ်)၏ ချစ်လှစွာသောခင်ပွန်း၊ ကျွန်တော်တို့၏ ပစ္စက္ခဘဝနှင့် သံသရာခရီးဖော် အစ်ကိုကြီး ဦးအုန်းကြိုင်သည် ၂၃-၁၀-၂၀၂၀ ရက် (သောကြာနေ့)တွင် ကွယ်လွန်ခဲ့ရခြင်းအတွက် ကျန်ရစ်သော မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားရဲမှူးချုပ်တင်စိုး (ငြိမ်းချမ်းဦး)နှင့်**

**ဓမ္မဝိရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင့်ရင် (၇၃)နှစ်**

သူငယ်ချင်း ဗိုလ်ကြီး မိုးလွင်ဦး (ငြိမ်း)၏ ဖခင် ဦးတင့်ရင် အသက်(၇၃)နှစ်သည် ၂၅-၁၀-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။

ဦးလေး ကောင်းရာသုဂတိလားပါစေ။

**OTS(102) ကျောင်းဆင်းအရာရှိများနှင့်**

**မိသားစုဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာသိန်းသိန်းရီ**

**အသက် (၇၁) နှစ်**

၁၉၈၄-၈၅ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ)တွင် DMA သင်တန်းအတူ တက်ခဲ့စဉ် အစ်ကို၊ မိတ်ဆွေ ဦးတင်အေး၏ဇနီးဖြစ်သူ ဒေါက်တာသိန်းသိန်းရီသည် ၂၂-၁၀-၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုဝင်းနိုင်၊ ကိုတင်စိုး၊ ကိုဝင်းသိန်းဦး၊ ကိုဘိုဝင်း၊ ကိုကျော်ဝင်းစိန်၊ ကိုမောင်မောင်ကျော်၊ ကိုတင်ထွန်းကျော်**

---

## အနိစ္စ

**ပုလောမြို့နယ်အသင်း (ရန်ကုန်)**

**ဦးစိုးမြင့် (၈၆)နှစ်**

**(B.Sc, Engg ၊အင်ဂျင်နီယာမှူး-ငြိမ်း)**

**ဂုဏ်ထူးဆောင်နာယကကြီး၊ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

**အသင်းဝင်အမှတ်-၃၇**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ ခြံအမှတ်(၄၄-A)နေ ဒေါ်တင်နု(ကျောင်းဆရာမ-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်မြမြဝင်း (အတွင်းရေးမှူး၊ ပုလောမြို့နယ်အသင်း - ရန်ကုန်)၊ ဦးစည်သူ(အတွင်းရေးမှူး၊ ပုလောမြို့နယ်အသင်း-ရန်ကုန်)၊ ဒေါ်စန်းစန်းနွယ်(အမှုဆောင်၊ ပုလောမြို့နယ်အသင်း-ရန်ကုန်)တို့၏ ဦးလေးသည် ၂၆-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒုဗိုလ်မှူးကြီးသိန်းမြင့် (ငြိမ်း) (ပခုက္ကူ)

**အငြိမ်းစားတိုင်းတရားသူကြီးဥက္ကဋ္ဌ (ရန်ကုန်တိုင်း)**

**Notary Public**

**အသက် (၉၁) နှစ်**

မရမ်းကုန်းမြို့နယ်၊ သူရလမ်း၊ အမှတ်(၁၇/A)နေ ပခုက္ကူမြို့ (ရဲမှူးကြီး ဦးလှထူး-ဒေါ်ခင်စော)တို့၏ သားကြီး၊ ကနီမြို့နေ (ဦးစက်ဦး-ဒေါ်ခင်လေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၄) ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၈၆)နေ ဒေါ်သောင်းမြင့် (မြင့်မိုရ်စာပေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာတင်ရွှေထူး (ခရိုင်ဆရာဝန်ကြီး-ငြိမ်း၊ ကူမဲ)-ဒေါ်ခင်မျိုးမြင့်တို့၏ အစ်ကိုကြီး၊ (ကပ္ပတိန်ခိုင်ဝင်း)-ဒေါ်နီလာသိန်းမြင့်၊ Chief Officer ဦးမောင်မောင်သိန်း-ဒေါ်အိအိခင်၊ ကပ္ပတိန်ဦးဇော်ဝင်း-ဒေါ်သီတာသိန်းမြင့်၊ ဒုဗိုလ်မှူးကြီး ညီညီသိန်းမြင့်(ငြိမ်း)-ဒေါ်ချယ်ရီစိုးတို့၏ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၁၀-၂၀၂၀ ရက် နံနက် ၅:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ကျော့ (ခ) အော်ကင်ကုတ်

**ရွှေမိသားစု ကားပစ္စည်းဆိုင်(ရန်ကင်း)**

**အသက် (၈၄)နှစ်**

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၄)နေ ဦးရွှေလှိုင်၏ ဇနီး၊ ဦးသန်းဦး-ဒေါ်ခင်လေးဆွေ (ခေတ္တ-ထိုင်ဝမ်)၊ ဒေါ်ရင်လှ-Dr. စိုးဝင်း (ခေတ္တ-ထိုင်ဝမ်)၊ ဒေါ်ရင်ကြည် (ရွှေမိသားစု ကားပစ္စည်းဆိုင်)၊ ဒေါ်အေးရီ-ဦးမောင်မောင်အေး၊ ဒေါ်မေရီ-ဝေ့ချန်စန်း (ခေတ္တ-ထိုင်ဝမ်)၊ ဦးအောင်အောင်-Dr. နီလာလွင် (လိပ်ပြာ သင်္ကန်းပိတ်လိပ်ရောင်းဝယ်ရေး)၊ ဒေါ်သင်းသင်းလှိုင်-Dr. သက်အောင် (ခေတ္တ-ထိုင်ဝမ်)၊ ဒေါ်သင်းသင်းခိုင်၊ ဒေါ်တင်တင်ထွေး-လီကျစ်ချန် (ခေတ္တ-ထိုင်ဝမ်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၃ ယောက်တို့၏အဘွား ဒေါ်ခင်ကျော့(ခ)အော်ကင်ကုတ်သည် ၂၆-၁၀-၂၀၂၀ ရက် နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးသန်း (အေးပြည်သာ အုတ်/သဲ/ကျောက်)

**အသက် (၇၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နယ်မြေ(၉)၊ အုတ်သဲကျောက်ကွင်းနေ (ဦးသောင်းခင်-ဒေါ်ဒေါင်း)တို့၏ သမီးကြီး၊ (ဦးမြသောင်း)၏ ဇနီး၊ ဦးအောင်ကျော်ဦး-ဒေါ်နီနီဝင်း (ဝါးခယ်မ)၊ ဦးညီညီကျော်-ဒေါ်သီသီစန်း၊ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်-ဒေါ်အေးအေးမော် (ဆသလ-၁)၊ ဦးသူရိန်ဝင်း-ဒေါ်အေးအေးသောင်း (USA)၊ ဦးအောင်ဇော်မှူး-ဒေါ်စိုးနန္ဒာအောင်တို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၆-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၂၀ နာရီတွင် ဆသလ(၁)၊ ဝါယာလက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိုးမြင့်

**B.Sc, Engg: အင်ဂျင်နီယာမှူး(ငြိမ်း)**

**အသက် (၈၆)နှစ်**

လှိုင်ကော်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအုန်းအုန်းစိုး (အခြေခံပညာအထက်တန်းအဆင့်၊ ဓာတုဗေဒဘာသာရပ်သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ဝင်)၏ ချစ်လှစွာသောဖခင်ကြီး ဦးစိုးမြင့်သည် ၂၆-၁၀-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်မာထွန်း နှင့် ဓာတုဗေဒဘာသာရပ်သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှသိန်း(ဒိုက်ဦး)

**လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၇၆)နှစ်**

ရှမ်းပြည်နယ်၊ အောင်ပန်းမြို့နေ ဦးစိုးလွင်ဦး-ဒေါ်ဥမ္မာနွယ် [Kixx စက်ချောဆီအရောင်းကိုယ်စားလှယ် (ရှမ်းတောင်/ကယားပြည်နယ်)]တို့၏ဖခင်ကြီး ဦးလှသိန်း(ဒိုက်ဦး) အသက်(၇၆)နှစ်သည် ၁၈-၁၀-၂၀၂၀(တနင်္ဂနွေနေ့)၊ နံနက် ၄:၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Eternal Co.,Ltd.**

**Kixx Engine Oil ဝန်ထမ်းမိသားစု**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဟားခါး အောက်တိုဘာ ၂၆

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဝမ္မသူးမောင်အားကစားကွင်းအဆင့်မြှင့်တင်တည်ဆောက်နေမှု၊ ပြည်နယ်တရားလွှတ်တော်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)၊ ပညာရေးဒီဂရီကောလိပ်(ဟားခါး)၊ ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် တက္ကသိုလ်စာကြည့်တိုက် တိုးချဲ့တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိဝမ္မသူးမောင် အားကစားကွင်း အဆင့်မြှင့်တင် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်က အားကစားကွင်း အဆင့်မြှင့်တင် တည်ဆောက်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အားကစားကွင်း ဝင်ပေါက်အား မြေအနေအထားအရ ပိုမိုသင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့တည်ဆောက်နိုင်ရေး၊ လိုအပ်ပါက

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ်တရားလွှတ်တော်အဆောက်အအုံ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

# အောက်တိုဘာ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄၂၆ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၆-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂၄၀၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၂၆) ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂၅၅၇) ခု | (၅၂၈) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၃၄) ခု | (၉၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၂၃) ခု | (၆၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၈၈) ခု | (၃) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၁၉) ခု | (၉၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၁) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃၀) ခု | (၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၂) ခု | (၃၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၇၄၆) ခု | (၂၈၇) ဦး |
| **စုစုပေါင်း** | (၁၂,၄၀၀) ခု | (၁,၄၂၆) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆

## လူ့ဘောင်သစ်ပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၂၆

**လူ့ဘောင်သစ်ပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို အောက်တိုဘာ ၂၇ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော် ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည် ဖြစ်သည်။ **သတင်းစဉ်**

## အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြု မှတ်တိုင်များ အထူးကဏ္ဍ အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

## ကျောက်ဖြူ ခရိုင်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ပျောက်ကင်းသူ ရှစ်ဦး ဆေးရုံမှဆင်း



ကျောက်ဖြူ အောက်တိုဘာ ၂၆

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ဆေးကုသနေသူများမှ ရောဂါသက်သာပျောက်ကင်းသူ ရှစ်ဦးအား ယနေ့ နံနက် ၁၁ နာရီတွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ရာ ဆေးရုံဆင်းခွင့်ပြုသူ စုစုပေါင်း ၃၂၀ အထိ ရှိလာကြောင်း သိရသည်။

**ပြန်လည်ကောင်းမွန်**

အဆိုပါ ဆေးရုံဆင်းခွင့်ရရှိသူ အမျိုးသား သုံးဦးနှင့် အမျိုးသမီး ငါးဦးတို့သည် အောက်တိုဘာ ၁၅ ရက်မှစပြီး ခုတင် ၂၀၀ ဆံ့ သီးသန့်ကြပ်မတ်ဆောင်တွင် ၁၁ ရက်ကြာ ဆေးကုသမှုခံယူနေကြသူများဖြစ်ကြပြီး ယခုအခါ ကိုဗစ်ရောဂါလက္ခဏာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အမျိုးသားရေးအတွက်သာ သီးသန့်သုံးစွဲခြင်း မပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ သတိပေး**

စာမျက်နှာ » ၁၂

- - - - - - - - - -

**ချန်ပီယံကာကွယ်ပွဲအတွက် အောင်လအန်ဆန် စင်ကာပူနိုင်ငံ၌ လေ့ကျင့်ပြင်ဆင်နေ**

စာမျက်နှာ » ၂၅

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၆ - ၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

## လမ်းဦးစီးဌာန

**မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် အရှည် (၂၁၈/၀)မိုင်ရှိပြီး ယခင်က မြစ်ကြီးနားမြို့နယ်နှင့် ပူတာအိုမြို့နယ်အပိုင်းများတွင်သာ ကွန်ကရစ်လမ်း၊ AC လမ်းနှင့် ကတ္တရာလမ်း အနည်းငယ်သာရှိပြီး ဆွမ်ပရာဘွမ်မြို့နယ်အပိုင်းတွင် ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေသားလမ်း(၁၁၇/၃)မိုင် ကျန်ရှိနေသည်။ ၎င်းမြေသားလမ်းများတွင် ဗွက်တန်းများဖြစ်ပေါ်ခဲ့၍ မြစ်ကြီးနားမှ ပူတာအိုသို့ သွားလာရာတွင် (၂-၃) ညအိပ်ခရီးသွားလာခဲ့ရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စု/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၂၇ ဒသမ ၅၀၀ ဘီလီယံကျော် အကုန်အကျခံ၍ မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင်အတွင်း ဘဏ္ဍာနှစ်အလိုက် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်-

| စဉ် | ဘဏ္ဍာနှစ် | ကွန်ကရစ်လမ်း မိုင်/ဖာလုံ | AC လမ်း မိုင်/ဖာလုံ | ကတ္တရာလမ်း မိုင်/ဖာလုံ | (၅၀')အောက် တံတား(စင်း) | (၅၀')ထက် တံတား (စင်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇ | ၆/၆ | - | ၁၉/၁ | ၆၀ | ၁ | |
| ၂။ | ၂၀၁၇-၂၀၁၈ | ၁၉/၄ | ၀/၇ | ၃၀/၅ | ၂၈၀ | ၁၄ | |
| ၃။ | ၂၀၁၈-၂၀၁၉ (mini) | ၃/၆ | - | - | - | - | |
| ၄။ | ၂၀၁၈-၂၀၁၉ (main) | ၃၀/၂ | - | - | ၈၇ | ၂ | |
| ၅။ | ၂၀၁၉-၂၀၂၀ | ၃၅/၂ | - | - | ၂၁၀ | ၂ | |
| | စုစုပေါင်း | ၉၅/၄ | ၀/၇ | ၄၉/၆ | ၆၃၇ | ၁၉ | |

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာရန်ပုံငွေကျပ် ၁၀၇၉၅ ဒသမ ၂၄၀ သန်းဖြင့် ကွန်ကရစ်လမ်းခင်းရန် (၆/၁)မိုင် လျာထားပြီး ဘဏ္ဍာနှစ်ကုန်တွင် မြစ်ကြီးနားမှ ပူတာအိုအထိ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများ တစ်ဆက်တည်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။ ယခုအခါ ရာသီမရွေးလမ်းများ ဆက်သွယ်သွားလာကောင်းမွန်နေပြီဖြစ်သည့်အတွက် မြစ်ကြီးနားမှ ပူတာအိုသို့ နေ့ချင်းပေါက် ၉ နာရီခန့်ဖြင့် ဆက်သွယ်သွားရောက်နိုင်ပြီ ဖြစ်သည်။

၎င်းအပြင် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေများဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တီယန်ဇွပ်တံတား ပေ ၃၀၀၊ ဒရုခတံတား ပေ ၂၀၀၊ စီနင်ခတံတား ၂၀၄ ပေ၊ ဖုန်ချန်တံတား ပေ ၁၈၀၊ ဆွမ်ပီယန်တံတား ပေ ၁၇၀ တံတားကြီးများအား သံကူကွန်ကရစ်တံတားကြီးများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ဖုန်အင်တံတား ၂၃၅ ပေအား သံကူကွန်ကရစ်တံတားများအဖြစ် အခိုင်အမာတည်ဆောက်ပေးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

**ပူတာအို-မချမ်းဘော့-နောင်မွန်လမ်း(မချမ်းဘော့-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပိုင်း)**

မချမ်းဘော့-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းသည် အရှည်(၆၁/၀)မိုင်ရှိပြီး လက်ရှိလမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း(၁/၆)မိုင်၊ ကတ္တရာလမ်း(၁၂/၁)မိုင်၊ ကျောက်လမ်း (၁/၀)မိုင်၊ အမာခံလမ်း (၄၆/၁)မိုင် ဖြစ်သည်။ ပူတာအိုခရိုင်အတွင်းရှိ နောင်မွန်ဒေသသည် ဝေးလံခက်ခဲသောဒေသတစ်ခုဖြစ်ပြီး ယခင်က ပူတာအိုမှ နောင်မွန်အထိ (၃) ည အိပ်ခရီးဖြင့် ခက်ခက်ခဲခဲ ဆက်သွယ်သွားလာရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေကျပ် ၃၆၁၅၈ ဒသမ ၈၈၀ သန်း အကုန်အကျခံ၍ ပူတာအိုမှ နောင်မွန်အထိ ဘဏ္ဍာနှစ်အလိုက် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်-

| စဉ် | ဘဏ္ဍာနှစ် | ကွန်ကရစ်လမ်းမိုင်/ဖာလုံ | ကတ္တရာလမ်း မိုင်/ဖာလုံ | အမာခံလမ်း မိုင်/ဖာလုံ | လမ်းချဲ့ မိုင်/ဖာလုံ | ကြိုးတံတား (စင်း) | (၅၀') အောက်တံတား (စင်း) | (၅၀') ထက်တံတား (စင်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇ | - | ၄/၄ | ၁၅/၇ | ၁၃/၇ | ၂ | ၉၁ | ၂ | |
| ၂။ | ၂၀၁၇-၂၀၁၈ | ၀/၁ | ၅/၁ | ၄/၄ | ၄/၄ | - | ၃၀ | - | |
| ၃။ | ၂၀၁၈-၂၀၁၉ (mini) | - | - | - | - | - | - | - | |
| ၄။ | ၂၀၁၈-၂၀၁၉ (main) | - | - | - | - | - | ၄ | ၃ | |
| ၅။ | ၂၀၁၉-၂၀၂၀ | ၁/၅ | - | - | - | - | - | ၁ | |
| | စုစုပေါင်း | ၂/၆ | ၉/၅ | ၂၀/၃ | ၁၈/၃ | ၂ | ၁၂၅ | ၆ | |

ထို့အပြင် မလိခတံတား (မချမ်းဘော) ပေ ၈၄၀၊ ရပ်ဘော့တံတား ပေ ၅၀၀၊ ထီခတံတား ပေ ၄၀၀၊ ထာခတံတား ပေ ၂၀၀၊ ကဆန်ခတံတား ပေ ၃၀၀၊ ထန်ထုတံတား ပေ ၁၄၀ တို့ကိုလည်း သံကူကွန်ကရစ်တံတားကြီးများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၂၂၅၄ ဒသမ ၂၅၀ သန်းဖြင့် ကွန်ကရစ်လမ်း(၂/၁)မိုင်၊ အမာခံလမ်း(၂/၇)မိုင်၊ ပေ ၅၀အောက်တံတား ခုနစ်စင်း တည်ဆောက်သွားမည် ဖြစ်သည်။ ယခုအခါ ပူတာအိုမှ နောင်မွန်သို့ ယာဉ်မောင်းကြာမြင့်ချိန် ၄ နာရီခန့်ဖြင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီး နေ့ချင်းပြန်ခရီး ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

အချပ်ပို (ခ) သို့ » »



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း km(83.39-85.5)အတွင်း (5.49m) အကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်စဉ်။

**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေကျပ် ၁၀၇၉၅ ဒသမ ၂၄၀ သန်းဖြင့် ကွန်ကရစ်လမ်းခင်းရန် ၆/၁ မိုင် လျာထားပြီး ဘဏ္ဍာနှစ်ကုန်တွင် မြစ်ကြီးနားမှ ပူတာအိုအထိ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများ တစ်ဆက်တည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ယခုအခါ ရာသီမရွေးလမ်းများ ဆက်သွယ်သွားလာကောင်းမွန်နေပြီဖြစ်သည့်အတွက် မြစ်ကြီးနားမှ ပူတာအိုသို့ နေ့ချင်းပေါက် ၉ နာရီခန့်ဖြင့် ဆက်သွယ်သွားရောက်နိုင်ပြီ ဖြစ်သည်။**



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တံတားအမှတ်(၆/၁၁၁) စီနင်ခတံတား ၂၀၄ ပေ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မချမ်းဘော-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ တံတားအမှတ်(၁/၈) ထီခတံတား၏ ချဉ်းကပ်လမ်းတာပေါင်ပေါ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

»»» အချပ်ပို (က) မှ


၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မချမ်းဘော-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ
တံတားအမှတ်(၁/၈)ထီခတံတား ပေ ၄၀၀ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။


မချမ်းဘော-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ
တံတားအမှတ်(၁/၅၀)ရပ်ဘော့တံတား ဖွင့်ပွဲအခမ်းအနား၌ တာဝန်ရှိသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တီယန်ဇွပ်တံတား ပေ ၃၀၀၊ ဒရုခ တံတား ပေ ၂၀၀၊ စီနင်ခတံတား ၂၀၄ ပေ၊ ဖုန်ချန်တံတားပေ ၁၈၀၊ ဆွမ်ပီယန်တံတား ပေ ၁၇၀ တံတားကြီးများအား သံကူကွန်ကရစ် တံတားကြီးများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ဖုန်အင်တံတား ၂၃၅ ပေအား သံကူကွန်ကရစ်တံတားများအဖြစ် အခိုင်အမာ တည်ဆောက်ပေးရန် လျာထားဆောင်ရွက်လျက်ရှိ


မချမ်းဘော-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ
မလိခတံတား(မချမ်းဘော) ပေ ၈၄၀ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။


၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မချမ်းဘော-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ
တံတားအမှတ်(၃/၂၂) ထာခတံတား ပေ ၂၀၀ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။


မချမ်းဘော-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ
တံတားအမှတ်(၁/၅၀) ရပ်ဘော့တံတား ပေ ၅၀၀ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

အချပ်ပို (ဂ) သို့ »»»

»»» အချပ်ပို (ခ) မှ

# တံတားဦးစီးဌာန

**ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)**

ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)သည် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့ကို ဆက်စပ်ပေးသည့် တံတားတစ်စင်းဖြစ်ပြီး ဘီလူးကျွန်းမှ ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်မည်ဖြစ်သည်။

**မြောင်းမြတံတားအသစ်**

မြောင်းမြတံတားအသစ် ဖြစ်ပေါ်လာမှုကြောင့် မြောင်းမြမြို့နယ်ရှိ ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၉၈ အုပ်စုနှင့် ကျေးရွာပေါင်း ၅၀၂ ရွာတို့မှ ဒေသခံပြည်သူ လူထု သုံးသိန်းကျော်တို့ လုံခြုံစိတ်ချစွာ တံတားကြီးအားဖြတ်ပြီး ကူးလူးသွားလာနိုင်မည်ဖြစ်သည့်အတွက် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များတွင် ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သည်။

ထို့အပြင် ပေါကြွယ်ဝသည့် သဘာဝ သယံဇာတများ မပျက်စီးသေးသည့် သာယာလှပသော ပင်လယ်ကမ်းရိုးတန်းဒေသများ ပိုင်ဆိုင်ထားပြီး ရေလုပ်ငန်းအရ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့တို့မှ ဒေသခံပြည်သူများ အနေဖြင့်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ၍ အကျိုးစီးပွားများစွာ ဖြစ်ထွန်းလာမည်ဖြစ်သည်။

အချပ်ပို (ဃ) သို့ »»»



မော်လမြိုင်-ချောင်းဆုံလမ်းပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)။



လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်းပေါ်ရှိ မြောင်းမြတံတား။

မြောင်းမြတံတား အသစ်ဖြစ်ပေါ်လာမှုကြောင့် မြောင်းမြမြို့နယ်ရှိ ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၉၈ အုပ်စုနှင့် ကျေးရွာပေါင်း ၅၀၂ ရွာတို့မှ ဒေသခံပြည်သူ လူထု သုံးသိန်းကျော်တို့ လုံခြုံစိတ်ချစွာ တံတားကြီးအားဖြတ်ပြီး ကူးလူးသွားလာနိုင်မည်ဖြစ်သည့်အတွက် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များတွင် ယခင်ကထက် ပိုမိုတိုးတက်လာမည်

»»» အချပ်ပို (ဂ) မှ

**ပုသိမ်တံတား**

ပုသိမ်တံတားသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနှင့် ငဝန်မြစ်အနောက်ဘက်ကမ်းရှိ လူနေရပ်ကွက်များသို့ တိုက်ရိုက်ဆက်သွယ်ထားသော တံတားတစ်စင်းဖြစ်ပြီး မူလပုသိမ်ကြိုးတံတား၏ ခံနိုင်ဝန်လျော့နည်းလာမှုကြောင့် လည်းကောင်း၊ ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာသည်နှင့်အမျှ ငဝန်မြစ်၏ အနောက်ဘက်ခြမ်းတွင် မြို့ပြအိမ်ရာများ တိုးချဲ့လာ၍ လည်းကောင်း၊ ချောင်းသာ/ငွေဆောင်ကမ်းခြေအပါအဝင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကမ်းခြေပတ်လမ်းများကို ချိတ်ဆက်သွားလာနိုင်ရန် လည်းကောင်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။



ပုသိမ်တံတားအား တွေ့ရစဉ်။

# ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်လမ်းများ ဆောင်ရွက်ရာတွင် အဆင့်မြင့်လမ်းမကြီးများ၊ မြို့အချင်းချင်းဆက်သွယ်သည့် ကျေးလက်လမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဗျူဟာမြောက်အရေးပါသည့် ပြည်သူလူထုအများဆုံး အသုံးပြုပြီး အကျိုးပြုမှုများသော လမ်းများကို ရှေ့ပြေးစီမံကိန်း Pilot Project ရွေးချယ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုတွင် Pilot Project လမ်း ၂၅ လမ်းဆောင်ရွက်ရာတွင် ကွန်ကရစ်လမ်း ၅၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၄၈ မိုင် ၅ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၃၅ မိုင် ၃ ဖာလုံ၊ ကျောက်လမ်း ၉၁ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၄ မိုင် ၅ ဖာလုံ၊ မြေလမ်း ၉၁ မိုင် ၆ ဖာလုံ ပေါင်း ၄၂၃ မိုင် ၂ ဖာလုံနှင့် လမ်းပေါ်ရှိ တံတား/Box Culvert ပေါင်း ၄၉၈ စင်း ဆောင်ရွက်ပြီးစီးခဲ့သည်။

Pilot Project လမ်းများအပါအဝင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ယနေ့အထိ ကွန်ကရစ်လမ်း ၁၂၂၆ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၀၃၇ မိုင် ၇ ဖာလုံ၊ ကျောက်လမ်း ၁၆၀၈ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၃၄၃၈ မိုင် ၂ ဖာလုံ၊ မြေလမ်း ၄၀၇၆ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၁၃၈၇ မိုင် ၆ ဖာလုံအား အဆင့်မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့်အတူ လမ်းပေါ်ရှိ တံတားများကိုလည်း ရာသီမရွေးသွားလာနိုင်စေရန် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိရာတွင် ပေ ၁၈၀ အထက် အထင်ကရတံတားများအနေဖြင့် ဆောင်ရွက်ခဲ့သော ကွန်ကရစ်တံတား ၆၃ စင်းနှင့် ဘေလီတံတား ၁၂ စင်း အပါအဝင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ယနေ့အထိ ကွန်ကရစ်တံတား ၁၈၅၆ စင်း၊ သစ်သားတံတား ၆၁ စင်း၊ ဘေလီ/ကြိုးတံတား ၁၈၃ စင်း၊ ရေကျော်/ Box Culvert ၅၄၁၉ စင်း စုစုပေါင်း ၇၅၁၉ စင်းအား ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာကိုအခြေခံ၍ နှစ်ရှည်ပင်မစီမံကိန်းရေးဆွဲထားရှိပြီး စီမံကိန်းရည်မှန်းချက် ပြည့်မီစေရန်အတွက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး/ ပြည်နယ် ရန်ပုံငွေတို့အပြင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များဖြင့်လည်း ကျေးလက်လမ်းတံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အချပ်ပို (င) သို့ »»»

**Pilot Project လမ်းများအပါအဝင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ယနေ့အထိ ကွန်ကရစ်လမ်း ၁၂၂၆ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၀၃၇ မိုင် ၇ ဖာလုံ၊ ကျောက်လမ်း ၁၆၀၈ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၃၄၃၈ မိုင် ၂ ဖာလုံ၊ မြေလမ်း ၄၀၇၆ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၁၃၈၇ မိုင် ၆ ဖာလုံအား အဆင့်မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့**

| စဉ် | ဘဏ္ဍာရေးနှစ် | လမ်း(မိုင်/ဖာလုံ) | | | | | | တံတား(စင်း) | | | | | | ကုန်ကျငွေ (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကွန်ကရစ် | ကတ္တရာ | ကျောက် | အမာခံ | မြေ | ပေါင်း | ကွန်ကရစ် | သစ်သား | ဘေလီ/ကြိုးတံတား | ရေကျော် | Box / pipe Culvert | ပေါင်း | |
| ၁ | ၂၀၁၇-၂၀၁၈ | ၁၀၇ / ၅ | ၁၅၅ / ၆ | ၂၁၀ / ၅ | ၃၅၅ / ၀ | ၁၀၅၁ / ၄ | ၁၈၈၀ / ၄ | ၃၇၄ | ၁၇ | ၉၇ | ၁၀၈ | ၇၅၂ | ၁၃၄၈ | [illegible] |
| ၂ | ၂၀၁၈ (ဧပြီလမှ) စက်တင်ဘာလအထိ (၆)လ | ၁၇၅ / ၇ | ၃၇ / ၀ | ၂၀၀ / ၄ | ၄၁၈ / ၄ | ၂၈၅ / ၄ | ၁၁၁၇ / ၃ | ၁၈၆ | ၁၀ | ၄ | ၂၂ | ၄၃၉ | ၆၆၁ | [illegible] |
| ၃ | ၂၀၁၈-၂၀၁၉ | ၃၅၀ / ၇ | ၃၇၃ / ၆ | ၅၆၄ / ၃ | ၁၀၆၃ / ၆ | ၁၀၂၅ / ၀ | ၃၃၇၇ / ၆ | ၄၅၀ | ၂၂ | ၁၇ | ၈၆ | ၁၄၅၀ | ၂၀၂၅ | [illegible] |
| ၄ | ၂၀၁၉-၂၀၂၀ (ဆောင်ရွက်ဆဲ) | ၅၉၂ / ၃ | ၄၇၁ / ၃ | ၆၃၃ / ၁ | ၁၆၀၁ / ၀ | ၁၇၁၄ / ၂ | ၅၀၁၂ / ၁ | ၈၄၆ | ၁၀ | ၆၅ | ၁၆၄ | ၂၃၉၈ | ၃၄၈၃ | [illegible] |
| | စုစုပေါင်း | ၁၂၂၆ / ၆ | ၁၀၃၇ / ၇ | ၁၆၀၈ / ၅ | ၃၄၃၈ / ၂ | ၄၀၇၆ / ၂ | ၁၁၃၈၇ / ၆ | ၁၈၅၆ | ၆၁ | ၁၈၃ | ၃၈၀ | ၅၀၃၉ | ၇၅၁၉ | [illegible] |

(၄)နှစ်တာကာလအတွင်း ကျေးလက်လမ်း၊ တံတားများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

»» အချပ်ပို (ဃ) မှ

နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော World Bank၊ ADB နှင့် JICA ချေးငွေများဖြင့် လုပ်ငန်းစီမံကိန်း သုံးခု၊ KfW၊ JIP၊ CoRE ထောက်ပံ့ငွေဖြင့် လုပ်ငန်းစီမံကိန်း သုံးခု ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကွန်ကရစ်လမ်း ၁၄ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း ၁၂၄ မိုင် ၆ ဖာလုံနှင့် ကွန်ကရစ်တံတား ၁၅ စင်း ဆောင်ရွက်နိုင်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတကာအဖွဲ့အစည်းငါးခုဖြစ်သော JICA၊ JIP၊ ADB၊ KfW၊ World Bank တို့ဖြင့် ကွန်ကရစ်လမ်း ၇၅ မိုင် ၅ ဖာလုံ၊ ကတ္တရာလမ်း ၁၅၆ မိုင် ၅ ဖာလုံနှင့် ကွန်ကရစ်တံတား နှစ်စင်းအား ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ဖောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံကျသော ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် Pilot Project လုပ်ငန်းများအပြင် ပြည်သူလူထု အသုံးများပြီး အဓိကကျသည့်မြို့နှင့် ကျေးရွာဆက်သွယ်သောလမ်း၊ ကျေးရွာအချင်းချင်း ဆက်သွယ်သောလမ်းများကိုပါ "ပြည်သူ့အကျိုးပြုမှတ်တိုင်များ" အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ



နေပြည်တော် တပ်ကုန်းမြို့နယ် မကြီးပင်-ကျောက်စရစ်ကုန်း ကျေးရွာချင်းဆက်လမ်း။



ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မုတ်လွဲ-ခတ်ချီ-မခန္တီး-နောင်ဟီး-စန်းကား-တာဆန်း-ဥလောက် ကျေးရွာချင်းဆက်လမ်း။



ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရေလိုး-နီးကိုး-ကုန်းသာလမ်း။



ကရင်ပြည်နယ် ဘားအံမြို့ ကျောက်စရစ်ကုန်း-အညောကုန်း တံတား။

### Pilot Project လုပ်ငန်းများ

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | မြို့နယ် | လုပ်ငန်းအမည် | လမ်းအရှည် (မိုင်/ဖာလုံ) | လမ်း (မိုင်/ဖာလုံ) | | တံတား (စင်းရေ) | | ကုန်ကျငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|---|---|---|---|
| | | | | | အမျိုးအစား | ပမာဏ | အမျိုးအစား | အရေအတွက် | |
| ၁ | နေပြည်တော် | လယ်ဝေး | [illegible] | ၃/၄ | ကတ္တရာ | ၃/၄ | Box Culvert | ၁၁ | ၈၈၆.၂၅ |
| ၂ | | တပ်ကုန်း | မကြီးပင်-ကျောက်စရစ်ကုန်း ကျေးရွာချင်းဆက်လမ်း | ၆/၇ | ကွန်ကရစ်<br>ကျောက်<br>အခင်း | ၂/၀<br>၁/၀<br>၄/၅ | သံကူတံတား<br>Box Culvert | ၁<br>၃ | ၅၅၂.၃၅၀ |
| ၃ | ကချင်ပြည်နယ် | ဝိုင်းမော် | မုတ်လွဲ-ခတ်ချီ-မခန္တီး-နောင်ဟီး-စန်းကား-တာဆန်း-ဥလောက်လမ်း | ၂၂/၄ | ကွန်ကရစ်<br>ကတ္တရာ<br>မြေ | ၄/၀<br>၇/၄<br>၁/၀ | Box Culvert | ၆ | ၃၅၁၂.၁၂၉ |
| ၄ | ကယားပြည်နယ် | [illegible] | ရေလိုး-နီးကိုး-ကုန်းသာလမ်း | ၆/၅.၆၀ | ကတ္တရာ<br>ကျောက် | ၃/၂.၃၆<br>၃/၃.၂၄ | Box Culvert | ၆ | ၁၁၈၈.၂၈၇ |
| ၅ | | ဘောလခဲ | [illegible] | ၄/၅ | ကတ္တရာ | ၄/၅ | ကွန်ကရစ်<br>Box Culvert | ၁<br>၃ | ၇၃၉.၇၈၀ |
| ၆ | ကရင်ပြည်နယ် | ဘားအံ | [illegible] | ၁၃/၅ | ကတ္တရာ | ၁၃/၃ | ကွန်ကရစ်<br>Box Culvert | ၉<br>၈ | ၃၆၈၀.၆၂၄ |
| ၇ | ချင်းပြည်နယ် | ဖလမ်း | [illegible] | ၂၀/၆ | ကတ္တရာ<br>ကျောက်<br>မြေ | ၅/၃<br>၂၀/၆<br>၂၆/၄ | ကွန်ကရစ်<br>Box Culvert | ၆<br>၆၄ | ၉၅၅၆.၄၅၀ |
| ၈ | | ဟားခါး | [illegible] | ၃/၇ | ကတ္တရာ<br>မြေ | ၃/၃.၆၅<br>၀/၇.၈၆ | ကွန်ကရစ်<br>Box Culvert | ၁<br>၁၆ | ၁၃၂၄.၃၁၁ |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး | ဝက်လက် | [illegible] | ၁၁/၂ | ကတ္တရာ<br>ကတ္တရာအပေါ်ယံလွှာ | ၅/၅.၅<br>၅/၄.၅ | ကွန်ကရစ်<br>Box Culvert | ၇<br>၁၁ | ၁၅၇၉.၆၆၀ |
| ၁၀ | | [illegible] | [illegible] | ၂၂/၂ | ကွန်ကရစ်<br>ကတ္တရာအပေါ်ယံလွှာ<br>ကတ္တရာ | ၄/၄<br>၆/၄.၄၅<br>၅/၄.၆ | ရေပေါက် | ၂ | ၂၅၂၂.၀၀၇ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | [illegible] | ၇/၄ | ကွန်ကရစ် | ၇/၄ | | | ၁၃၉၉.၅၂၄ |
| ၁၂ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး | [illegible] | ၇/၄.၅ | ကွန်ကရစ်<br>ကတ္တရာ<br>ကတ္တရာအပေါ်ယံလွှာ | ၆/၀<br>၀/၅.၅<br>၀/၇ | ကွန်ကရစ် | ၁ | ၁၅၁၀.၇၅၉ |
| ၁၃ | မကွေးတိုင်းဒေသကြီး | နတ်မောက်<br>ရေနံချောင်း | [illegible] | ၂၉/၆.၃၉ | ကတ္တရာ<br>ကတ္တရာအပေါ်ယံလွှာ<br>ကျောက် | ၂၉/၆.၃၉<br>၆/၀<br>၁၀/၃ | ကွန်ကရစ်<br>Box Culvert | ၄<br>၃၈ | ၅၈၈၆.၁၆၀ |
| ၁၄ | မန္တလေးတိုင်းဒေသကြီး | တောင်သာ | [illegible] | ၁၇/၂ | ကတ္တရာ<br>ကတ္တရာအပေါ်ယံလွှာ | ၁၆/၇.၈၅<br>၀/၀.၈၃ | Box Culvert<br>ရေပေါက် | ၆<br>၄ | ၂၇၄၀.၆၁၈ |
| ၁၅ | မွန်ပြည်နယ် | သံဖြူဇရပ် | [illegible] | ၂၆/၅ | ကတ္တရာ<br>ကတ္တရာအပေါ်ယံလွှာ<br>မြေသားတာတောင်ရှိ | ၇/၄.၇<br>၁၀/၂.၈၄<br>၂/၀ | ကွန်ကရစ် | ၁ | ၃၀၆၅.၉၀၂ |
| ၁၆ | ရခိုင်ပြည်နယ် | ဂွ | [illegible] | ၉/၆ | ကွန်ကရစ် | ၄/၆ | ကွန်ကရစ်<br>Box Culvert | ၁<br>၃ | ၂၀၇၁.၈၀၈ |
| ၁၇ | | [illegible] | [illegible] | ၃၆/၅ | ကွန်ကရစ်<br>ကျောက်<br>မြေသားတာတောင်ရှိ | ၅/၀<br>၃၆/၇.၅<br>၁၃/၀ | ကွန်ကရစ်<br>[illegible]<br>Box Culvert | ၁၀<br>၁၄<br>၄၇ | ၈၉၇၈.၂၈၄ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး | [illegible] | ၅/၄ | ကွန်ကရစ် | ၅/၄ | | | ၁၁၅၂.၈၂၀ |
| ၁၉ | | သုံးခွ | [illegible] | ၁၂/၁.၈၂ | ကွန်ကရစ် | ၈/၂ | Box Culvert | ၃ | ၃၂၆၆.၉၇၄ |
| ၂၀ | ရှမ်းပြည်နယ် (တောင်ပိုင်း) | [illegible] | [illegible] | ၂၆/၀ | ကတ္တရာ<br>ကတ္တရာအပေါ်ယံလွှာ<br>မြေ<br>[illegible] | ၁၄/၇<br>၆/၀<br>၃/၅<br>၁/၀ | ကွန်ကရစ်<br>Box Culvert | ၁၀<br>၄၉ | ၅၁၉၂.၆၆၃ |
| ၂၁ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | လားရှိုး | [illegible] | ၉/၀ | ကတ္တရာ<br>မြေ | ၉/၀<br>၇/၄ | ကွန်ကရစ်<br>Box Culvert | ၃<br>၁၀ | ၂၂၄၇.၄၃၀ |
| ၂၂ | | ကျောက်မဲ | [illegible] | ၂၄/၄ | ကတ္တရာ | ၇/၇ | ကွန်ကရစ်<br>Box Culvert | ၁<br>၁၄ | ၁၃၅၁.၄၆၂ |
| ၂၃ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | တာချီလိတ် | [illegible] | ၇/၇ | ကတ္တရာ<br>မြေ | ၇/၇<br>၅/၀ | ကွန်ကရစ်<br>Box Culvert | ၆<br>၂၂ | ၂၁၅၅.၁၈၅ |
| ၂၄ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | [illegible] | ၉/၅ | ကတ္တရာ<br>မြေ | ၅/၅<br>၅/၀ | ကွန်ကရစ်<br>Box Culvert | ၅<br>၁ | ၁၈၅၃.၅၅၀ |
| ၂၅ | | သာပေါင်း | [illegible] | ၄၂/၀ | ကွန်ကရစ်<br>ကျောက်<br>မြေ | ၃/၀<br>၁၇/၅<br>၂၆/၀ | ကွန်ကရစ်<br>Box Culvert | ၁၀<br>၅၀ | ၈၂၁၉.၁၈၉ |

အချပ်ပို (စ) သို့ »»

»»» အချပ်ပို (င) မှ

တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် ဆောင်ရွက်ခဲ့သည့် Pilot Project လမ်း ၂၅ လမ်း၌ ကတ္တရာလမ်း(၁၄၈/၅.၅၇)မိုင်၊ ကတ္တရာထပ်ပိုးလွှာ (၃၅/၃.၁၂) မိုင်၊ ကွန်ကရစ်လမ်း(၅၁/၆)မိုင်၊ ကျောက်လမ်း (၉၁/၀.၇၅)မိုင်၊ အမာခံလမ်း(၄/၅)မိုင်၊ မြေလမ်း (၉၁/၅.၈၆)မိုင် စုစုပေါင်း(၄၂၃/၂.၃)မိုင်နှင့် ကွန်ကရစ်တံတား ၇၈ စင်း၊ ဘေလီတံတား ၁၄ စင်း၊ သစ်သားတံတား တစ်စင်း၊ ရေကျော်ခြောက်စင်း၊ Box Culvert ၃၉၉ စင်း စုစုပေါင်း ၄၉၈ စင်း ဆောင်ရွက်ပြီးဖြစ်သည်။



ချင်းပြည်နယ် ဖလမ်းမြို့နယ် ဆအက်-သီးကျိုရ်-မွန်လှ-ကြေးသဲ-လျှန်နာ(က)-လျှန်နာ(ခ) -တီအိုချောင်း(ရိဒ်)လမ်း။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် စိုင်နိုင်-ဟံလင်းလမ်းပေါ်ရှိ တံတား။



တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် သက်န်းညီနောင် - သဲချောင်း-သပွတ်ချောင်းလမ်း။



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ညောင်စာရေး-ကွေ့မလမ်း။

ပေ (၁၈၀) နှင့်အထက် ကျေးလက် တံတားများ

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | တံတား (စင်း) | | | ကုန်ကျငွေ (ကျပ်သိန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကွန်ကရစ် | ဘေလီ | စုစုပေါင်း | | |
| ၁ | နေပြည်တော် | ၁ | | ၁ | ၃၆၀.၁၀၀ | |
| ၂ | ကချင် | | ၂ | ၂ | ၁၀၀၅.၇၀၀ | |
| ၃ | ကရင် | ၃ | | ၃ | ၂၅၆၅.၀၀၀ | |
| ၄ | ချင်း | ၂ | ၀ | ၂ | ၁၀၈၅.၀၀၀ | |
| ၅ | စစ်ကိုင်း | ၁၄ | ၁ | ၁၅ | ၇၇၀၅.၃၂၀ | |
| ၆ | တနင်္သာရီ | ၆ | | ၆ | ၄၁၄၄.၀၀၀ | |
| ၇ | ပဲခူး | ၁၂ | ၁ | ၁၃ | ၆၈၈၈.၁၀၄ | |
| ၈ | မကွေး | ၆ | ၆ | ၁၂ | ၇၇၉၉.၂၅၆ | |
| ၉ | မန္တလေး | ၂ | | ၂ | ၁၂၀၀.၁၇၀ | |
| ၁၀ | မွန် | ၂ | ၁ | ၃ | ၂၃၉၂.၀၀၀ | |
| ၁၁ | ရခိုင် | ၂ | | ၂ | ၁၉၅၂.၈၈၀ | |
| ၁၂ | ရန်ကုန် | ၆ | | ၆ | ၄၁၉၀.၆၅၀ | |
| ၁၃ | ရှမ်း(တောင်) | ၁ | ၁ | ၂ | ၁၀၃၃.၅၉၆ | |
| ၁၄ | ရှမ်း(မြောက်) | ၁ | | ၁ | ၂၅၀.၀၀၀ | |
| ၁၅ | ဧရာဝတီ | ၅ | | ၅ | ၂၆၄၂.၅၀၀ | |
| | စုစုပေါင်း | ၆၃ | ၁၂ | ၇၅ | ၄၃၉၆၄.၁၃၃ | |

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေတို့အပြင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့များဖြင့်လည်း ကျေးလက်လမ်းတံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိ။**

နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု (ထောက်ပံ့ငွေ)

| စဉ် | အဖွဲ့အစည်းအမည် | ငွေ | | စီမံကိန်းကာလ | ဒေသ | လမ်းအရေအတွက်/အမျိုးအစား | | အတိုင်းအတာ (ကီလိုမီတာ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | အမျိုးအစား | ပမာဏ (သန်း) | | | | | | |
| ၁ | ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KFW) | | | | | | | | |
| | ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်၊အဆင့်-၁ Rural Development Programme- I, Phase-I | ယူရို | ၇ | ၂၀၀၄-၂၀၀၈ | ရှမ်း(တ) တောင်ကြီး၊ဟိုပုံ၊ဆီဆိုင် | ၃ | ကတ္တရာ | ၃၀.၃ | ပြီး |
| | ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်၊အဆင့်-၂/၃ Rural Development Programme- I, Phase- II/III | ” | ၁၀ | ၂၀၀၅-၂၀၀၉ | ရှမ်း(တ) တောင်ကြီး၊ကလော၊ညောင်ရွှေ၊ ဟိုပုံ၊ရပ်စောက် | ၆ | ကတ္တရာ | ၆၀.၅ | ပြီး |
| | ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်၂၊အဆင့်-၄ Rural Development Programme- II, Phase-IV | ” | ၁၁ | ၂၀၁၈-၂၀၂၂ | ရှမ်း(တ) ပင်လောင်း၊ ညောင်ရွှေ | ၇ | ကတ္တရာ | ၅၄.၅ | ပြီး |
| | ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်၂၊အဆင့်-၅ Rural Development Programme- II, Phase-V | ” | ၈ | ၂၀၁၉-၂၀၂၀ | ရှမ်း(တ) တောင်ကြီး၊ဟိုပုံး | ၅ | ကတ္တရာ | ၄၂.၈၂ | ဆဲ |
| | စိုက်ပျိုးရေးထုတ်ကုန်သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Improvement of Agricultural Transport Infrastructure (IATI) | ” | ၅ | ၂၀၁၉-၂၀၂၂ | ရှမ်း(တ) ဟိုပုံး | ၃ | ကတ္တရာ | ၂၄.၄၄ | ဆဲ |
| | ကျေးလက်လမ်းပြန်လည်ထူထောင်ရေး စီမံကိန်း Rural Road Rehabilitation Programme- RRRP | ” | ၁၀ | ၂၀၁၆-၂၀၀၉ | စစ်ကိုင်းတိုင်း ကသာ၊ထီးချိုင့် | ၂ / ၄ | ကတ္တရာ / RC-တံတား | ၄၁.၄ / ၆၅၀ မီတာ | ပြီး |
| ၂ | ဂျပန်နိုင်ငံ Japan Infrastructure Partners (JIP) | ယန်း | ၁၄၀ | ၂၀၁၈-၂၀၂၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီ၊ အင်းတော်၊ လေရှည်အင်္ဂါ၊ မကွေး (ဆောင်၊ သဲ၊ ရေနံ)၊ ဧရာဝတီ (ပုသိမ်၊ မအူပင်) | ၁၃ | တံတား | ၈၂၇ မီတာ | ၁၁ စင်း ပြီး၊ ၂ စင်း -ဆဲ |
| ၃ | ဂျပန်နိုင်ငံ Community Road Empowerment | US$ | ၁.၆၀ | ၂၀၁၅-၂၀၂၀ | ဧရာဝတီ(ဖျာပုံ)၊ မကွေး(ဆင်ပေါင်ဝဲ)၊ နေပြည်တော် (ဥတ္တရ)၊ ကရင်(လှိုင်းဘွဲ့)၊ ရှမ်း (တ) ပင်လောင်း | ၁၄ | ကွန်ကရစ် အမာခံ | ၁၈ ကီလိုမီတာ | ပြီး |

နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု (ချေးငွေ)

| စဉ် | အဖွဲ့အစည်းအမည် | ငွေ | | စီမံကိန်းကာလ | ဒေသ | လမ်းအရေအတွက်/အမျိုးအစား | | အတိုင်းအတာ (ကီလိုမီတာ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | အမျိုးအစား | ပမာဏ (သန်း) | | | | | | |
| ၁ | ကမ္ဘာ့ဘဏ်(World Bank) Flood and Landslide Emergency Recovery Project) | US$ | ၇၀ | ၂၀၁၆-၂၀၂၃ | ဧရာဝတီ(ကျုံပျော်မြို့နယ်) | ၂ | ကတ္တရာ ကွန်ကရစ် | ၂၀ | ပြီး |
| | | | | | စစ်ကိုင်း(ကလေးဝ၊ကန့်ဘလူ) | ၂ | ကတ္တရာ | ၄၀.၄၂ | ဆဲ |
| | | | | | ဧရာဝတီ(နေမြို့) | ၁ | ကွန်ကရစ် | ၆.၁၃ | ဆဲ |
| | ကမ္ဘာ့ဘဏ် စီမံကိန်း ပေါင်း | | | | | | | ၆၆.၅ | |
| ၂ | အာရှဖွံ့ဖြိုးရေးဘဏ်(ADB) Rural Road and Access Project | US$ | ၅၄ | ၂၀၁၉-၂၀၂၄ | ဧရာဝတီ(မအူပင်၊ယန်းတာနေ) | ၁၁ | ကွန်ကရစ် | ၁၁၅.၆ | ဒီဇိုင်းဆောင်ရွက်ဆဲ |
| | | | | | မကွေး(နတ်မောက်မြို့သစ်) | ၃ | ကတ္တရာ | ၃၆.၄ | |
| ၃ | Japan International Cooperation Agency (JICA) Agriculture Income Improvement Project (AIIP) | ယန်း | ၆၅၆၇ | ၂၀၁၈-၂၀၂၃ | စစ်ကိုင်း(ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်) | ၁၅ | ကတ္တရာ / ကျောက် | ၁၀၈.၁၂ ကီလိုမီတာ | ဆဲ |

အချပ်ပို (ဆ) သို့ »»»

»»» အချပ်ပို (၈) မှ



မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ငွေးကုန်း-ဝက်ချုပ်-နတ်မောက်လမ်း။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် Pilot Project လမ်း ၂၅ လမ်း ဆောင်ရွက်ရာတွင် ကွန်ကရစ်လမ်း ၅၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၄၈ မိုင် ၅ ဖာလုံ၊ ကတ္တရာ ထပ်ပိုးလွှာ ၃၅ မိုင် ၃ ဖာလုံ၊ ကျောက်လမ်း ၉၁ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၄ မိုင် ၅ ဖာလုံ၊ မြေလမ်း ၉၁ မိုင် ၆ ဖာလုံ၊ ပေါင်း ၄၂၃ မိုင် ၂ ဖာလုံနှင့် လမ်းပေါ်ရှိ တံတား/Box Culvert ပေါင်း ၄၉၈ စင်း ဆောင်ရွက်ပြီးစီးခဲ့သည်။



မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ပင- ကရုပ္ပိ-ဝဲကလောင်-အံခဲ- ကော့လေး-ထင်းရှူး-ကျောင်းရွာ- အနင်းကျေးရွာချင်းဆက်လမ်း။



ရခိုင်ပြည်နယ် ဂွမြို့နယ် မကျေးငူ-ကျောက်ချွန်လမ်း ကျောက်ချွန်တံတား။



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပေါက်ပင် - အေးရွာ ကွန်ကရစ်လမ်း။



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းတိန်-မှော်ဘီလမ်း။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ကျွဲကုန်း-နားပြိန်းလမ်း။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ယန်းကျောက်-ကော်မယ်လိတ်-မလိပါကော်ဖတ်ဟိ(အောက်)-ဝေလု-ဝေလေလန်(အခါ) လမ်း။



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကြက်သွန်ကွင်း-သဲဖြူ-မကျီးဇင်လမ်း။



ဂျာမနီနိုင်ငံ KfW ဘဏ် အထောက်အပံ့ဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ် - အဆင့် (၂) စီမံကိန်းမှ တောင်ကြီးမြို့နယ် ကန်လောင်း - ဇလဲလမ်း ကတ္တရာလမ်း။

အချပ်ပို (၉) သို့ »»»

ပြည်သူ့အကျိုးပြုမှတ်တိုင်များ အထူးထည့်သွင်းဖော်ပြချက်စုံ
ကြေးမုံ

အချုပ်ပို (ဆ) မှ »»»



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ရှမ်းကိုးရွာနယ်စပ်ပတ်လမ်းပေါ်ရှိ ဖောင်ဆိပ်တံတား။



ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်-မိန်းမလှကျွန်း-ဖအွဲ့-ဖဲကတာလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား။


**ပေ ၁၈၀ အထက် အထင်ကရတံတားများအနေဖြင့် ဆောက်ရွက်ခဲ့သော ကွန်ကရစ်တံတား ၆၃ စင်းနှင့် ဘေလီတံတား ၁၂ စင်း အပါအဝင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ ကွန်ကရစ်တံတား ၁၈၅၆ စင်း၊ သစ်သားတံတား ၆၁ စင်း၊ ဘေလီ/ကြိုးတံတား ၁၈၃ စင်း၊ ရေကျော်/Box Culvert ၅၄၁၉ စင်း စုစုပေါင်း ၇၅၁၉ စင်းအား ဆောင်ရွက်နိုင်ခဲ့။**



ဂျာမနီနိုင်ငံ KfW ဘဏ် အထောက်အပံ့ဖြင့် ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေးစီမံကိန်းမှ ကလေးမြို့နယ် ဆည်ကြီးတံတား။



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရုံးအမှတ်(၁၁)အတွင်းရှိ Heritage တံတား ၁၈၈ ပေ တည်ဆောက်ခြင်းလုပ်ငန်း။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဂျုံးဂျုံးကျ-ဘိုးကရင်လေး-ကင်ပွန်းခြုံ လမ်းပေါ်ရှိ ငမိုးရိပ်ချောင်းကူးတံတား။



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြစ်သား-ညောင်ဝန်း-တကိုယ်တည်းလမ်းပေါ်ရှိ ပန်းလောင်မြစ်ကူးတံတား။



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် တောင်ခင်ရန်း – သာလင်း – မြင်သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သာလင်း – မြင်သာ မြစ်သာမြစ်ကူးတံတား။